# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ တနင်္လာနေ့ အတွဲ [၅၄]၊ အမှတ် [၃၂၃]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယူကရိန်းနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင်ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံသမ္မတ မစ္စတာ ပီထရို ပိုရိုရှန်ကို ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၂ ကော်လံ ၅* ◆

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေး လူထုနှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ဒေါက်တာသန်းအောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ကလေးဒေသရေဘေးသင့်ပြန်လည်ထူထောင်ရေးလူထုတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✱




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

■ ပြည်တွင်း

### အခုရရှိတဲ့ဆုထက် မြန်မာ့ဘောလုံးအသင်းတွေ အောင်မြင်မှုဖလား ပိုက်လာတာကို ပိုမြင်ချင်ပါတယ်

စာမျက်နှာ-၁၂

■ ဥပဒေကြမ်း

### ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်း

အချပ်ပို-က

■ ဥပဒေကြမ်း

### ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်း

အချပ်ပို-ဃ




# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## ရဲစခန်းထောက်ခံစာများ အခမဲ့ပြုလုပ်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၂၃

ဝေဘာဂီနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို အတုပြုလုပ်ကာ ငွေကြေးဖြင့်ရောင်းချနေကြောင်း သတင်းအရ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက်က စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူသုံးဦးကို အတုပြုလုပ်သုံးစွဲသည့် သက်သေခံရဲစခန်းတံဆိပ်တုံး၊ စခန်းမှူးတံဆိပ်တုံး၊ စာရွက်စာတမ်းပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ ရဲစခန်း၊ ရဲကင်းစခန်းများသို့ ပြည်သူများက ရဲစခန်းထောက်ခံစာ လာရောက်ပြုလုပ်ရာတွင် အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းတို့ကို ရဲစခန်း၊ ရဲကင်းစခန်းများတွင် ဆိုင်းဘုတ်များချိတ်ဆွဲတပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရှိ ရဲစခန်း၊ ရဲကင်းစခန်းများသို့ ထောက်ခံစာများလာရောက်လုပ်ကိုင်ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့မှ ငွေကြေးတစ်စုံတစ်ရာ တောင်းခံရယူခြင်းများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပေးဖော်ပြထားသည်ကို တွေ့ရသည်။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၁-၂၃၀၀၇၄၇၊ ၀၁-၂၁၇၅၀၂၊ ၀၁-၂၁၇၅၀၃၊ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၁-၈၆၁၀၆၈၂၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၁-၃၇၆၁၆၆၊ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၅၆- ၂၁၀၄၂၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ဖုန်း- ၀၁-၆၄၅၈၂၄ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင်ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အာဆောန်နီး ရာစန်ယုခ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင်ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပါဗလို ကလင်မ်ကင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ တာဝန်ရှိသူများ တွေ့ဆုံရှင်းလင်းပွဲပြုလုပ်

ရန်ကုန် ဩဂုတ် ၂၃

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တွေ့ကြုံရမည့်အခက်အခဲများ၊ လုံခြုံရေးဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်း ညှိနှိုင်းခြင်းအခမ်းအနားကို ဩဂုတ်လဒုတိယပတ်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် ဆောင်ရွက်ရမည့် လုံခြုံရေးအစီအမံများနှင့် အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် လုံခြုံမှုစီမံခန့်ခွဲမှုကော်မတီအဆင့်(၅)ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်၍ သက်ဆိုင်ရာအလိုက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရာတွင် တွေ့ကြုံလာနိုင်သည့် အခြေအနေအရပ်ရပ်နှင့် ဆောင်ရွက်ရမည့် လုံခြုံရေးအစီအမံများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင် ဦးရဲမြင့်က ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ဆန္ဒမဲပေးခွင့်ရှိသူများနှင့် လျှောက်ထားရမည့်သတ်မှတ်ပုံစံများကို ရှင်းလင်းဆွေးနွေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ |
| ဥရောပ | တစ်ယူရို | ၁၄၄၃.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၅.၁၈ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၉၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၂၆ |
| တရုတ် | တစ်ယွမ် | ၂၀၁.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၀.၈၄ |

ခင်ရတနာ-စုစည်းသည်။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### လူမှုကွန်ရက်မီဒီယာ၏ အကျိုးအပြစ်

လူမှုကွန်ရက်မီဒီယာသည် အွန်လိုင်းအခြေခံသည့် မီဒီယာအမျိုးအစားတစ်ခုဖြစ်ပါသည်။ မိုဘိုင်းဖုန်းများ တွင်ကျယ်စွာ အသုံးပြုလာနိုင်သည်နှင့်အမျှ လူမှုကွန်ရက်မီဒီယာ အသုံးပြုအရေအတွက်သည်လည်း တစ်ဟုန်ထိုးမြင့်တက်လျက်ရှိပါသည်။ လူမှုကွန်ရက်မီဒီယာသည် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း အစရှိသော ပုံနှိပ်မီဒီယာနှင့် အီလက်ထရွန်နစ်မီဒီယာဟုခေါ်သည့် ရုပ်မြင်သံကြား၊ ရေဒီယိုတို့ထက် သုံးစွဲသူအရေအတွက် ပိုမိုများပြားလျက်ရှိပါသည်။

လူမှုကွန်ရက်မီဒီယာကို အင်တာနက်ချိတ်ဆက်ထားသော မိုဘိုင်းဖုန်းများ၊ ကွန်ပျူတာတိုင်းတွင် အသုံးပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အင်တာနက်ချိတ်ဆက်သော မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာသန်းနှင့်ချီ၍ ရှိပါသည်။ ဆိုရလျှင် အခြားသော မီဒီယာများတွင် သုံးစွဲသူသိန်းဂဏန်းလောက်ရှိနေချိန်တွင် လူမှုကွန်ရက်မီဒီယာသုံးစွဲသူအရေအတွက်သည် သန်းနှင့်ချီ၍ ရှိနေပါသည်။

ဤသို့ လူမှုကွန်ရက်မီဒီယာကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာနိုင်ခြင်းသည် ပြည်သူများ၏ ဦးနှောက်ဉာဏ်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။ လူမှုကွန်ရက်မီဒီယာမှ အသိဉာဏ်ဗဟုသုတများစွာ ရရှိနေကြပါသည်။ ယနေ့လူမှုကွန်ရက်မီဒီယာကို မူလတန်းအရွယ်ကလေးများကအစ အဘိုးအဘွားအရွယ်အထိ သုံးစွဲနေကြပါသည်။

သို့သော် လူမှုကွန်ရက်မီဒီယာသည် အသိဉာဏ်ဗဟုသုတ ရှင်သန်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်သော်လည်း တလွဲအသုံးချမည်ဆိုပါက အလွန်ကြောက်စရာကောင်းသော အဖျက်စွမ်းအားကြီးမားသော လက်နက်သဖွယ် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ မကြာသေးမီက လူမှုကွန်ရက်မီဒီယာတွင် ဘာသာအချို့ပိတ်သိမ်းဖွယ်ရှိသည်ဟူသော ကောလာဟလများ ထုတ်လွှင့်မှုကြောင့် ပုဂ္ဂလိကဘဏ်များတွင် လှုပ်ခတ်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ ဤကောလာဟလသည် သက်ဆိုင်ရာဘဏ္ဍာရေးဝန်ကြီးဌာနက အလျင်အမြန်ဖြေရှင်းနိုင်ခြင်းမရှိလျှင် မီးခိုးကြွက်လျှောက် ပြဿနာများ ဖြစ်ပွားသွားနိုင်ပါသည်။ လူမှုကွန်ရက်မီဒီယာကို တလွဲအသုံးချမိပါက အလွန်အန္တရာယ်ကြီးမားပါသည်။ လူအများစုကို ထိခိုက်နစ်နာမှုများ ဖြစ်ပွားနိုင်ပါသည်။

လူမှုကွန်ရက်မီဒီယာသည် ထုတ်လွှင့်သူ၊ သုံးစွဲလက်ခံသူ နှစ်မျိုးစလုံးအသုံးပြုနိုင်သော မီဒီယာဖြစ်ပါသည်။ အလွန်ထိရောက်ပြီး ထိခိုက်ရလွယ်သော မီဒီယာအမျိုးအစားလည်းဖြစ်ပါသည်။ သို့ဖြစ်၍ လူမှုကွန်ရက်မီဒီယာက လူအများထိခိုက်စေနိုင်သည့် သတင်းအချက်အလက်များ၊ ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များလွှင့်တင်၍ ကောလာဟလ ဝါဒဖြန့်လက်နက်အဖြစ် အသုံးချနေခြင်းသည် အလွန်အန္တရာယ်ကြီးမားပါသည်။ ထို့ကြောင့် အသိ၊ သတိဖြင့်ယှဉ်၍ စဉ်းစားဆင်ခြင်လုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |

*** ရှေ့ဖုံးမှ**

အခမ်းအနားသို့ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှု၊ ပျက်စီးဆုံးရှုံးမှု၊ ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ကူညီထောက်ပံ့ပေးရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မူလအခြေအနေသို့ရောက်ရှိရန်နှင့် သာလွန်အောင် ဆက်လက်ဆောင်ရွက်မည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် သဘာဝဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးဒေသ ရေဘေးသင့်ပြန်လည်ထူထောင်ရေး လူထုတွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ဒေသပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးအပ်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ယင်းနောက် နိုင်ငံတော်သမ္မတက ဇူလိုင်လလယ်မှစပြီး ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် တိုင်းဒေသကြီး တစ်ခု၊ ပြည်နယ်နှစ်ခုမှလွဲပြီး တစ်နိုင်ငံလုံး ရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ခံခဲ့ရမှုအခြေအနေ၊ တစ်နိုင်ငံလုံးရှိ ရေဘေးသင့်ပြည်သူများ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေး၊ ပြန်လည် ထူထောင်ရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးမည့်အခြေအနေ၊ ကလေးခရိုင်မှ ရေဘေးသင့်ပြည်သူများအတွက် စားဝတ်နေရေးလိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းပေးမည့် အခြေအနေ၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးမည့် အခြေအနေ၊ ရေဘေးသင့်ပြည်သူများအား ကူညီနိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ဒေသများဖြစ်သည့် ကျီကုန်းကျေးရွာအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်း ၃၆ မျိုးကိုလည်းကောင်း၊ ဆည်တော်ဦးကျေးရွာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အခြေခံစားကုန်များနှင့် အဝတ်အထည်များကိုလည်းကောင်း၊ ထိုမာကျေးရွာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အသင့်စားသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ နတ်ချောင်းကျေးရွာအတွက် လုပ်ငန်းသုံးခါးများကိုလည်းကောင်း၊ ကလေးတက္ကသိုလ်မှ ဝန်ထမ်းများအတွက် ထောက်ပံ့မှုငွေကျပ် ၂၅ သိန်းကိုလည်းကောင်း တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အလှူငွေများပေးအပ်လှူဒါန်းခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ Alliance Star Group ကုမ္ပဏီမှ ဦးတင်လင်းပြည့်က JCB ယန္တရားယာဉ် တစ်စီးကိုလည်းကောင်း၊ MPRLရေနံကုမ္ပဏီမှ ဦးမိုးမြင့်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာ ၁၇ စုံ၊ ပရင်တာနှစ်စုံ၊ သိပ္ပံခန်းသုံးပစ္စည်းများ၊ စာကြည့်တိုက်ပြုပြင်ရန်နှင့် စာကြည့်တိုက်သုံးပစ္စည်းများ၊ ဘင်ခရာတီးဝိုင်းပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဦးဝင်းထွန်း၊ ဦးဝင်းမြင့်၊ ဦးအုန်းမြင့်နှင့် အလှူရှင် ဦးမိုးမြင့်တို့က ကလေးမြို့ဆေးရုံဝန်ထမ်းများအတွက် လှူဒါန်းသည့် ငွေကျပ် ၂၇ သိန်း တန်ဖိုးရှိ ဆန်အိတ် ၁၀၀ ကို အလှူရှင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများကိုယ်စား ကျီကုန်းကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကလေးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၂၄ ရက်တွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



ကလေးမြို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများတင်ဆောင်သည့် မော်တော်ယာဉ်များကိုတွေ့ရစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

# ကိုရီးယားတင်းမာမှု ဆက်လက်ဆွေးနွေး



**ဆိုးလ် ဩဂုတ် ၂၃**

မြောက်နှင့် တောင်ကိုရီးယားခေါင်းဆောင်များ၏ ထိပ်တန်းတာဝန်ရှိသူများသည် ကိုရီးယားကျွန်းဆွယ်လက်နက်ကိုင်ပဋိပက္ခတင်းမာမှုဖြေလျှော့ရေး ညလုံးပေါက်ဆွေးနွေးခဲ့ကြပြီးနောက် တနင်္ဂနွေနေ့အထိ ဆက်လက်ဆွေးနွေးလျက်ရှိသည်။

စစ်မဲ့ဇုန် ပန်မွန်းဂျုံကျေးရွာတွင် ကျင်းပသော အစည်းအဝေးသည် ဩဂုတ် ၂၂ ရက် ညနေပိုင်းက စတင်ခဲ့ပြီး မြောက်ကိုရီးယားက ဆိုးလ်ကို ပြုယမ်းဆန့်ကျင်ရေးဝါဒဖြန့်မှုမလုပ်ရန် ရာဇသံပေးပြီးမကြာမီ စတင်ခဲ့ခြင်းဖြစ်သည်။

နှစ်ဖက်နိုင်ငံမှ ထိပ်တန်းသံတမန်များသည်အပြန်အလှန်လက်ဆွဲနှုတ်ဆက်မှုဖြင့် အစည်းအဝေးကို စတင်ခဲ့သော်လည်း အပြုံးမပါဘဲ ဖြစ်နေကြောင်း ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသခဲ့သည်။ နှစ်ဖက်တာဝန်ရှိသူများသည် တင်းမာမှုများ ဖြေလျှော့ပြီး ဆက်ဆံရေးတိုးတက်အောင် ဆွေးနွေးခဲ့ကြသည်ဟုဆိုသည်။

အဆိုပါဆွေးနွေးမှုကို ဆိုးလ်စံတော်ချိန် ညနေ ၃နာရီတွင် ပြန်စမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတအိမ်ပြာတော်က နံနက်စောစောပိုင်းကြေညာချက်တွင် ဖော်ပြသည်။

(ရိုက်တာ)

## ရုရှားဝန်ကြီးချုပ် အငြင်းပွားကျွန်းစုသို့ လာရောက်မှု ဂျပန်ဆန့်ကျင်ကန့်ကွက်

**တိုကျို ဩဂုတ် ၂၃**

ဒုတိယကမ္ဘာစစ် ပြီးကတည်းက အိမ်နီးချင်းနိုင်ငံများအကြား တင်းမာမှုဖြစ်ခဲ့သော ပစိဖိတ်ကျွန်းလေးကျွန်းအနက် တစ်ကျွန်းသို့ သွားရောက်လည်ပတ်ခဲ့သော ရုရှား ဝန်ကြီးချုပ် ဒီမစ်ထရီမက်ဗီဒက်လာရောက်မှုအပေါ် ဂျပန်နိုင်ငံ၌ ဩဂုတ် ၂၂ ရက်က ကန့်ကွက်ဆန္ဒပြခဲ့ ကြသည်။

အဆိုပါ အငြင်းပွားကျွန်းစု ဆန္ဒပြမှုသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို ထောက်ခံမှု ပြန်လည်ရရှိလာနိုင်သည်ဟုဆိုသည်။ ယူကရိန်းအကျပ်အတည်းဖြစ်နေသော်လည်း ရုရှားနှင့် ဂျပန်ဆွေးနွေးရေးကို ဆက်လက် ထောက်ခံဖွယ်ရှိသည်။

တိုကျိုနှင့် မော်စကိုတို့သည် ရုရှားအခေါ် ကူရီလက်ဟုခေါ်သည့် ဟော့ကိုင်ဒို မြောက်ဘက်ကျွန်းစုအပေါ် ဆယ်စုနှစ်များစွာ အငြင်းပွားခဲ့ကြသည်။

ယင်းကျွန်းစုသည် ဂျပန်က ယင်းတို့၏ မြောက်ပိုင်းပိုင်နက် နယ်မြေများဟု ဆိုသည်။ ဒုတိယကမ္ဘာစစ်ကာလတွင် ရုရှားက ယင်းတို့ကိုသိမ်းပိုက်ခဲ့ပြီး သတိပေးမှုများပြုလုပ်ခဲ့ကာ နှစ်နိုင်ငံငြိမ်းချမ်းရေး တရားဝင်စာချုပ်ဖြင့် အဆိုပါအငြင်းပွားမှုကို ထိန်းထားခဲ့သည်။

(ရိုက်တာ)



## လူကုန်ကူးခံရသူဟုယူဆရသူများ၏ အလောင်းများကို မလေးရှားအာဏာပိုင်များတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂၃**

လူကုန်ကူးခံရသူဟုယူဆရသူ အလောင်း ၂၀ ကျော်ကို ထိုင်းနယ်စပ်တွင် မလေးရှားအာဏာပိုင်များက တွေ့ရှိခဲ့သည်ဟု ရဲများက ဩဂုတ် ၂၃ ရက်တွင် ပြောသည်။

ထိုင်း-မလေးနယ်စပ်ရှိ ထူထပ်သော တောအုပ်သည် အရှေ့တောင်အာရှသို့ လူများကို မှောင်ခိုခေါ်ဆောင်လာသည့် လူမှောင်ခိုသမားများအတွက် ခရီးတစ်ထောက်နားရာ ဖြစ်နေသည်။

လူမှောင်ခိုကူးခံရသူများသည် ညစ်ပတ်နိမ့်ကျသော ထိန်းသိမ်းရေးစခန်းများတွင် အကျပ်ကိုင်ငွေတောင်းခံရပြီး တချို့လူများ မှာ နှိပ်စက်ညှဉ်းပန်းမှုခံရကြောင်း သိရသည်။ ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံနယ်စပ်အနီး ဘူးကစ်တ်ဝမ်ဘားမားဒေသတွင် ဩဂုတ် ၂၂ ရက်က လူသေအလောင်း ၂၄ လောင်းကို ရဲများက တွေ့ရှိခဲ့သည်။ အဆိုပါနေရာသည် မေလအတွင်းက တရားမဝင် ထိန်းသိမ်းရေးစခန်း၌ လူရာပေါင်းများစွာ သေဆုံးခဲ့သော နေရာနှင့် နီးကပ်သည်။ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ အလောင်း ၂၄ လောင်းတွေ့ရှိရပြီး ဆက်လက်တူးဖော်လျက်ရှိသည်ဟု ရဲများကပြောသည်။ အဆိုပါ အလောင်းများကို ဆေးပညာကျွမ်းကျင်သူများသို့ လွှဲပြောင်းပေးခဲ့သည်ဟုလည်း ပြောခဲ့သည်။

(ရိုက်တာ)

## ရွှေ့ပြောင်းဒုက္ခသည်များ မက်ဆီဒိုးနီးယားနယ်စပ် ဟင်းလင်းပြင်၌ ခိုနားနေရ

**မက်ဆီဒိုးနီးယား ဩဂုတ် ၂၃**

ရွှေ့ပြောင်း အခြေချသူများ နှင့် ဒုက္ခသည်များပါဝင်သော လူစုကြီးသည် ဩဂုတ် ၂၂ ရက်က မက်ဆီဒိုးနီးယားနှင့် ထိစပ်လျက်ရှိသော ဂရိနယ်စပ်တွင် စခန်းချနေထိုင်ကြပြီး အလွန်အေးပြီး စိုစွတ်သော ဟင်းလင်းပြင်ထဲတွင် တစ်မှေးမှ အိပ်မပျော်ဘဲ ညကာလကို ကုန်ဆုံးခဲ့ကာ ၎င်းတို့ကို အာဏာပိုင် အဖွဲ့အစည်းများက ဝင်ထွက်စာရင်းပြုလုပ်ပေးမှုသည်လည်း အလွန်နှေးကွေးနေကြောင်း ပြောကြားသည်။

ရွှေ့ပြောင်း အခြေချသူများနှင့် ဒုက္ခသည်အများစုမှာ ဆီးရီးယားမှဖြစ်ကြောင်းသိရပြီး ကူညီကြပါဟု တောင်းပန်အော်ဟစ်နေကြောင်း၊ ၎င်းတို့အခြေချနေရာ မက်ဆီဒိုးနီးယားနှင့် ထိစပ်လျက်ရှိသော ဂရိနယ်စပ်တွင် အရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာခဲ့ပြီး ရှေ့တန်းဝင်ပေါက်ကို ပိတ်ထားကြောင်း သိရသည်။

ဩဂုတ် ၂၀ ရက်က မက်ဆီဒိုးနီးယားရဲများသည် ဒေါသထွက်နေသော ဆီးရီးယား၊ အာဖဂန် ၊ အီရတ်နှင့် အခြားသူများ ပါဝင်သော လူအုပ်ကြီးကို မျက်ရည်ယိုဓာတ်ငွေ့များ၊ မျက်ရည်ယိုဗုံးများဖြင့် လူစုခွဲခဲ့ကြောင်း သိရသည်။

အဆိုပါ လူအုပ်ကြီးများရှိရာအနီးတွင် အစားရေစာနှင့် ခိုနားစရာ အဆောက်အအုံတစ်ခုမျှမရှိပေ။

“ဒီနေရာဟာ တကယ့်ကို အေးပါတယ်” ဟု ရထားစီးရန်စောင့်နေသော ဒုက္ခသည်တစ်ဦးက ပြောသည်။ “လွန်ခဲ့တဲ့ညက မိုးရွာတော့ ဘယ်မှာမှ ခိုစရာမရှိဘူး။ အဆောက်အအုံနံရံတွေကိုမှီပြီး အိပ်ခဲ့ရတယ်၊ ဒါပေမယ့် အိပ်မပျော်ဘူးဗျာ” ဟု ယင်းဒုက္ခသည်က ပြောခဲ့သည်။

(ရိုက်တာ)

# ကဘူးလ်မြို့တွင် နေတိုးကိုပစ်မှတ်ထားတိုက်ခိုက်၊ အမေရိကန်စစ်ဘက်ကန်ထရိုက်တာ သုံးဦးသေဆုံး

**ကဘူးလ် ဩဂုတ် ၂၃**

ကဘူးလ်မြို့၌ အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းအဖွဲ့ ဖြစ်သော နေတိုးအဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်သည့် ကားဗုံးခွဲမှုတွင် အနည်းဆုံး လူ ၁၂ ဦး သေဆုံးပြီး အမေရိကန်နိုင်ငံသား သုံးဦး ပါဝင်ကြောင်း တာဝန်ရှိသူများက ပြောသည်။



အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန် စစ်ဘက်ကန်ထရိုက်တာများ ပိုင်ဆိုင်သော သံချပ်ကာ ယာဉ်နှင့် ကျောင်းကားတစ်စီးအပါအဝင် ယာဉ်အချို့ ပျက်စီးသွားကြောင်း တာဝန်ရှိသူများက ပြောသည်။

နေတိုးထောက်ပံ့ရေး ကန်ထရိုက်တာ သုံးဦးသေဆုံးခဲ့ကြောင်း ဩဂုတ် ၂၂ ရက်က ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ အသေခံဗုံးခွဲ တိုက်ခိုက်မှုသည် ကဘူးလ်မြို့ ဆေးရုံအပြင်ဘက် လူစည်ကားရာလမ်းမပေါ်တွင် အဓိကပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလအတွင်း အာဖဂန်၌ ဆက်တိုက်ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိရာ အရပ်သားများ သေဆုံးမှုအများဆုံးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အာဖဂန်အစိုးရနှင့် တာလီဘန်တို့က ဇူလိုင်လတွင် မူလာအိုမာ သေဆုံးကြောင်း အတည်ပြုပြောကြားခဲ့ပြီးနောက် ကဘူးလ်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုများ တိုးမြင့်လာသည်ဟု ဆိုသည်။

(ရိုက်တာ)

# ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရန် အလှူငွေများပေးအပ်လှူဒါန်း



**တောင်ကြီး ဩဂုတ် ၂၃**

ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ဗုဒ္ဓတက္ကသိုလ် ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမူန်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်အဖွဲ့သည် ဗုဒ္ဓတက္ကသိုလ်တည်ဆောက်မည့် ပညာဗောဓိတောင်ကုန်းပေါ်၌ ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်တည်ဆောက်မည့် မြေနေရာနှင့် အဆောက်အအုံတည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ ကမ္ဘာ့ဗုဒ္ဓသာသနာပြုလန်ဒန်မြို့ အောက်စဖို့ဒ်တက္ကသိုလ် ပါမောက္ခ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသာမိက ဗုဒ္ဓတက္ကသိုလ်တည်ဆောက်မည့် အဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားတော်မူပြီး ပြည်နယ်ဝန်ကြီးချုပ်က ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားကာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက ဗုဒ္ဓတက္ကသိုလ်တည်ဆောက်မည့် အဆောက်အအုံပုံစံများနှင့် ရေရရှိရေးကိစ္စရပ်များကိုလည်းကောင်း၊ အောင်ချမ်းသာကုမ္ပဏီ၊ ဖြူစင်ကုမ္ပဏီ၊ ကောင်းကင်ဖြူကုမ္ပဏီ၊ Zing Gateway ကုမ္ပဏီမှ တာဝန်ရှိသူတို့က တည်ဆောက်မည့် အဆောက်အအုံပုံစံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရန်အတွက် အလှူငွေများပေးအပ်ကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမူန်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သတင်းပဒေသာ

ရန်ကုန် ဩဂုတ် ၂၃

**ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၂/၂၀၁၅)ကို ဩဂုတ် ၁၇ ရက်က စတင်ကျင်းပခဲ့သည်။**

**စတုတ္ထနေ့အစီအစဉ်ကို ဩဂုတ် ၂၁ ရက်၌ ဆက်လက်ကျင်းပရာ ပြည်သူများအထူးစိတ်ဝင်စားမည့်သတင်းများကို ကောက်နုတ်စုစည်း တင်ပြလိုက်ရပါသည်-**

**ရန်ကုန်မြို့သစ်စီမံကိန်း တင်ဒါခေါ်ယူမှုစည်းကမ်းချက်များနှင့်အညီ ခေါ်ယူခြင်းဖြစ်ဟုဆို**

ရန်ကုန်မြို့သစ် စီမံကိန်းနှင့်စပ်လျဉ်း၍ "ရန်ကုန်မြို့သစ်စီမံကိန်း တင်ဒါခေါ်ယူမှုကို နိုင်ငံတော်သမ္မတရုံး၏ ၅-၄-၂၀၁၃ ရက်တွင် ထုတ်ပြန်ထားသည့် တင်ဒါစည်းကမ်းချက်များနှင့်အညီ တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ တင်ဒါရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းပြီး တိုင်းဒေသကြီးနှင့် ကိုယ်စားလှယ်များထည့်သွင်း၍ ကဏ္ဍအလိုက် တင်ဒါခေါ်ယူကြောင်း၊ မဟာဗျူဟာစီမံကိန်း ၂၀၄၀ ကို ၁၀-၆-၂၀၁၅ ရက်က ကျင်းပသော ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရန်ကုန်မြို့တော်ဝန်က လွှတ်တော်သို့တင်ပြခဲ့ကြောင်း၊ လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ကိုရယူခဲ့ကြောင်း" သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းပြောကြားသည်။

ပထမဦးစားပေး စီမံကိန်းကို ယခင်အစိုးရများက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကာ ယခုအစိုးရလက်ထက်တွင်လည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယဦးစားပေးစီမံကိန်းသည် ရန်ကုန်မြို့နှင့် အနီးဆုံးဒေသဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံးဖြစ်နိုင်သော ဒေသဖြစ်သောကြောင့် မဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသည့်အပြင် ဒေသခံပြည်သူများ၏ဆန္ဒ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် တင်သွင်းသောအဆိုကို မဲခွဲဆုံးဖြတ်ပြီး ပြည်သူ့ဆန္ဒကိုအလေးထား၍ တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းဧရိယာရှိ မြေပိုင်ဆိုင်မှုများကိုတရားဝင်ငွေကြေးများဖြင့် ဝယ်ယူပိုင်ဆိုင်ခြင်း ဟုတ်-မဟုတ် စုံစမ်းဖော်ထုတ်ခြင်းကို သက်ဆိုင်ရာဌာနများမှ နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ညိုညိုသင်း၏ ရန်ကုန်မြို့သစ်စီမံကိန်းနှင့်စပ်လျဉ်းသည့် မေးခွန်းများကိုဖြေကြားခဲ့ခြင်းဖြစ်သည်။

**ရန်ကုန်မြို့လယ် စကြံ်လမ်းအစွန်းနှင့် လျှောစောက်ထိပ်နေရာများ ယာဉ်ရပ်နားရန် နေရာမဟုတ်**

ရန်ကုန်မြို့လယ် စကြံ်လမ်းအစွန်း လျှောစောက်ထိပ်နေရာများ၌ ယာဉ်များရပ်နားခြင်း၊ ဈေးဆိုင်များဖွင့်လှစ်ရောင်းချခြင်း၊ ကန့်သတ်လမ်းနယ်၌ ယာဉ်နှစ်ထပ်ရပ်နားခြင်းများနှင့်စပ်လျဉ်း၍ "စကြံ်လမ်းအစွန်းနှင့် လျှောစောက်နေရာများသည် ယာဉ်ရပ်နားရန် နေရာမဟုတ်ကြောင်း၊ လူသွားလမ်း၊ လက်တွန်းလှည်း၊ ဝှီးချဲများသွားလာရန် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ ယာဉ်မရပ်နားရ သတ်မှတ်ထားသောနေရာများ ဖြစ်ကြောင်း၊ လက်ရှိ ယာဉ်မရပ်နားရလမ်း ၁၀၄ ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ထားကြောင်း၊ ယာဉ်မရပ်နားရ သတ်မှတ်ထားသည့် လမ်းများတွင် ရပ်နားထားသည့်ယာဉ်များကို ယာဉ်စည်းကမ်းထိန်းသိမ်းမှုကော်မတီက ပူးပေါင်းစိစစ်ရေးအဖွဲ့လေးဖွဲ့ဖြင့် နေ့စဉ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၅ ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၁၁ ရက်အထိ စည်းကမ်းဖောက်ဖျက်ယာဉ် ၉၈၀၁ စီးအား အရေးယူဆောင်ရွက်ထားကြောင်း" သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၏ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ထိရောက်စွာ ရှင်းလင်းပေးရန်အစီအစဉ်ရှိ-မရှိ မေးခွန်းကို ဖြေကြားခဲ့ခြင်း ဖြစ်သည်။

**ဗန္ဓုလတံတားနှင့်အပြိုင် တံတားအသစ် တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်မရှိ**

"ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း သန်လျက်စွန်းမှ ဒေါပုံမြို့နယ် ရှုခင်းသာပန်းခြံနှင့် ရေတပ်အိမ်ထောင်သည်လိုင်းအကြား ပုဇွန်တောင်ချောင်းကိုဖြတ်၍ ယမုံနာလမ်းပေါ်သို့ ဗန္ဓုလတံတားနှင့်အပြိုင် တံတားအသစ်တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်မရှိကြောင်း" သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဇင်၏ ဗန္ဓုလတံတားနှင့်အပြိုင် တံတားအသစ်တစ်စင်း တည်ဆောက်ပေးရန် ရှိ-မရှိ မေးခွန်းကို ဖြေကြားခဲ့ခြင်းဖြစ်သည်။

**တီဘီရောဂါအခမဲ့ စမ်းသပ်ကုသပေးလျက်ရှိ**

ကြည့်မြင်တိုင်မြို့နယ် ဒေသန္တရကျန်းမာရေးဌာနက လိုက်လံကြည့်ရှုအချိန်တိုက နည်းဗျူဟာ တီဘီရောဂါ တိုက်ဖျက်ရေးကို ၁၉၉၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆုတ်ယဉ်ပါး တီဘီရောဂါလူနာများကို ပြည်သူ့ကျန်းမာရေးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာနတို့မှ မြို့နယ်၊ ရပ်ကွက်အလိုက် တီဘီဆေးများကို အခမဲ့ထိုးနှံတိုက်ကျွေးခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများအကူအညီရယူကာ အာဟာရတိုက်ကျွေးခြင်းများကို ပြုလုပ်ခဲ့ကြောင်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ လူနာကိုးဦးကို ကျန်းမာရေးစစ်ဆေးရာတွင် ဆေးယဉ်ပါးသံသယဖြစ်ဖွယ် တွေ့ရှိရသဖြင့် တိုင်းဒေသကြီးအဆင့် ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေးဌာနတွင် ဆေးကုသနိုင်ရန် အတည်ပြုချက်တောင်းခံရကြောင်း၊ အတည်ပြုချက်ရရှိပါက သက်ဆိုင်ရာ လူနာနေထိုင်သည့်ရပ်ကွက်မှ ကျန်းမာရေးဝန်ထမ်းကိုယ်တိုင် လူနာနှင့်လိုက်ပါ၍ ဆေးဝါးများထုတ်ယူရကြောင်း၊ ဆေးယဉ်ပါးလူနာများသည် သာမန်ဆေးကုသခြင်းဖြင့် ကုသ၍မရကြောင်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ဆေးဝါးကုသမှုခံယူရန် စောင့်ဆိုင်းနေသည့် လူနာများသည် ကျန်းမာရေးကော်မတီ၏ ဆုံးဖြတ်ချက်မကျခင် ၎င်းတို့ဆန္ဒအလျောက် ပြင်ပမှ ဆေးဝါးများဝယ်ယူပြီး ပုဂ္ဂလိကဆေးခန်းများ၌ ဆေးကုသနေကြောင်း၊ ယင်းသို့ကုသခြင်းသည် အန္တရာယ်များပြီး ကျန်းမာရေးကော်မတီ၏ စနစ်တကျညှိနှိုင်းဆောင်ရွက်မှုကို သည်းခံစောင့်ဆိုင်းပြီး ဆေးကုသခံရန် လိုအပ်ကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့်လည်း တီဘီရောဂါအတွက် ရောဂါစစ်ဆေးခြင်းနှင့် ကုသခြင်း၊ ဆေးဝါးများတိုက်ကျွေးခြင်းတို့ကို အခမဲ့စမ်းသပ်ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ တီဘီရောဂါများအတွက် ဆေးဝါးများပြင်ပမှ ဝယ်ယူသုံးစွဲနေရသဖြင့် မြို့နယ်ကျန်းမာရေး ဒေသန္တရက ဆေးဝါးများ မည်သို့မည်ပုံ ဖြန့်ဝေပေးမှုနှင့်စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားခဲ့ခြင်းဖြစ်သည်။

**စုစည်းတင်ပြသူ**
**နေလင်း(သတင်းစဉ်)**

# ပြည်သူများသို့ ပန်ကြားလွှာ

၂၀၁၅ ခုနှစ်၊ ဇွန်လမှဩဂုတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် အတိဒုက္ခကြုံတွေ့ရသည့် ပြည်သူများကို စာနာသော စိတ်ထား၊ မွန်မြတ်သော စေတနာသဒ္ဓါတရားတို့ဖြင့် ပြည်တွင်း/ပြည်ပရှိ ရဟန်းရှင်လူပြည်သူများက တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့လိုက်သော်လည်းကောင်း၊ လုပ်အားဒါနပေးလှူခြင်း၊ အလှူငွေနှင့်ပစ္စည်းများထောက်ပံ့ကူညီ လှူဒါန်းခြင်းများအတွက် ရေဘေးသင့်ပြည်သူများနှင့်တကွ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီမှ ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပါသည်။

ထိုသို့ကူညီထောက်ပံ့မှုများကို မှတ်တမ်းတင်ထားရှိနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ စီမံခန့်ခွဲ၊ အကောင်အထည်ဖော်နိုင်ရန်တို့အတွက် ပြည်သူများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့အလိုက်ဖြစ်စေ ထောက်ပံ့ကူညီခဲ့သည့် နေရာဒေသ၊ ငွေကြေး၊ ပစ္စည်းတန်ဖိုးစသည်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ကယ်ဆယ်ရေးစခန်းများ(သို့မဟုတ်) အောက်ပါဖုန်းအမှတ်၊ ဖက်စ်အမှတ်၊ အီးမေးလ်အမှတ်များသို့ စာ/ တယ်လီဖုန်း/အီးလ်မေး/ဖက်စ် သင့်ရာနည်းလမ်းဖြင့် ဆက်သွယ် ပေးပို့နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီရုံး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်
ဖုန်းအမှတ်များ - ၀၆၇-၄၀၄၀၂၂၊ ၀၆၇-၄၀၄၀၂၁၊ ၀၆၇-၄၀၄၅၄၀၊ ၀၉-၄၂၃၀၀၀၂၉၇၊ ၀၉-၄၂၃၀၀၀၂၉၈၊ ၀၉-၈၆၀၃၄၀၁၊ ၀၉-၈၆၀၃၄၀၂
ဖက်စ်အမှတ်- ၀၆၇-၄၀၄၅၄၁၊ ၀၆၇-၄၀၄၃၃၅
အီးမေးလ်- mswrr.rehab.donate@gmail.com

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ**
**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး အရှေ့အာရှ-လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (FEALAC)၏ (၇)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ကော်စတာရီကာ သမ္မတနိုင်ငံ ဆန်ဟိုဆေးမြို့၌ ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (FEALAC)၏ (၇)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (FEALAC) ၏ (၇)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ကော်စတာရီကာ သမ္မတနိုင်ငံ ဆန်ဟိုဆေးမြို့ရှိ အင်တာကွန်တီနန်တယ်ဟိုတယ်၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လက်တင်အမေရိကဒေသမှ ပနားမားနိုင်ငံ ဒုတိယသမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီး၊ အိမ်ရှင်ကော်စတာရီကာ သမ္မတနိုင်ငံနှင့် ကိုလံဘီယာ၊ ဥရုဂွေး၊ အယ်လ်ဆာဗေဒိုး၊ အီကွေဒေါနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ နီကာရာဂွာနှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးများနှင့် ကျန်အဖွဲ့နိုင်ငံများမှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့များ ပါဝင်တက်ရောက်ခဲ့ကြပြီး အရှေ့အာရှဒေသမှ အာဆီယံအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ တရုတ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးနှင့် အထူးကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးအား ကော်စတာရီကာသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ မန်နူရယ် အေ ဂွန်ဇာလက်ဇ် ဆန့်ဇ်နှင့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် နိုရာချစ် ဆင်ဟာတ်စီနီတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်သည်။ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ပြုလုပ်သော နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အချင်းချင်းဖလှယ်ရေး စသည်တို့တွင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိမှုနှင့် (FEALAC) ၏ အနာဂတ်လမ်းကြောင်းတို့ကို မိန့်ခွန်း၌ ထည့်သွင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်သည် ဩဂုတ် ၂၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ကော်စတာရီကာနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ မန်နူရယ် အေ ဂွန်ဇာလက်ဇ် ဆန့်ဇ်နှင့် လည်းကောင်း၊ ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ကိုလံဘီယာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် မာရီယာ အန်ဂျလာ ဟိုလ်ဂွင်း ကွေးလာနှင့် လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ကိစ္စရပ်များနှင့် အခြားအကျိုးတူ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်သည်။

အရှေ့အာရှနှင့် လက်တင် အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ (၇)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီး များအစည်းအဝေးမှ ဆန်ဟိုဆေး ကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့သည်။ အစည်းအဝေး အပြီးတွင် လာမည့် ၂၀၁၆-၂၀၁၇ ကာလအတွက် လက်တင်အမေရိက ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် ဂွာတီမာလာနိုင်ငံက လည်းကောင်း၊ အရှေ့အာရှဒေသဆိုင်ရာ ညှိနှိုင်းရေး မှူးအဖြစ် ကိုရီးယားသမ္မတနိုင်ငံက လည်းကောင်း ကော်စတာရီကာ သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ထံမှ တာဝန်များ အသီးသီးလွှဲပြောင်းရယူသည်။

အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၁၉၉၉ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံဖြင့် စတင်တည်ထောင်ခဲ့ရာ ယခုအခါ အဖွဲ့ဝင်နိုင်ငံ ၃၆ နိုင်ငံရှိပြီး၊ ဒေသနှစ်ခုအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန်အတွက် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်းများကို ရှာဖွေဖော်ဆောင်ရန် ရည်မှန်းချက်ထား ဖွဲ့စည်းခြင်းဖြစ်သည်။

FEALAC အစည်းအဝေးသို့ တက်ရောက်မည့် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၈ ရက်က အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်မြို့သို့ဝင်ရောက်၍ မေ ၂ ရက်က ဖွင့်လှစ်ခဲ့သည့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး လုပ်ငန်းလည်ပတ်နေမှု၊ ဗီဇာထုတ်ပေးနေမှုများနှင့် မြန်မာနိုင်ငံသားများအကျိုးဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ကယ်လီဖိုးနီးယားပြည်နယ်ရှိ မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့ တည်ခင်းသည့် ညစာစားပွဲသို့တက်ရောက်၍ လော့စ်အိန်ဂျယ်လိစ်မြို့၌ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်ခဲ့သည့် ရည်ရွယ်ချက်နှင့် မြန်မာအသိုက်အဝန်းမှ မြန်မာနိုင်ငံသားများအကျိုးကိစ္စများနှင့် နိုင်ငံတော်၏ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် လူမှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တစ်တပ်တစ်အား ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် အားပေးတိုက်တွန်း ပြောကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက အမေရိကန်ပြည်ထောင်စု၊ အောက်လွှတ်တော်အမတ်နှင့် အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ ဥက္ကဋ္ဌ မစ္စတာ အက်ဒ် ရိုက်စ်အား ကယ်လီဖိုးနီးယားပြည်နယ် Brea City ရှိ ၎င်း၏ရုံးခန်း၌တွေ့ဆုံခဲ့ပြီး မြန်မာနှင့် အမေရိကန် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စရပ်များနှင့် အမေရိကန်ပြည်ထောင်စုက ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ ဖယ်ရှားပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

---

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၄၈/ ၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၁) နှင့် ၈-၁-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၃) တို့တွင်ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁) ကြည်း ၁၆၄၀၂ **(အစား)** ကြည်း ၂၇၄၃၉
ဗိုလ်မှူးချုပ်ဌေးနိုင် — ဒုတိယဗိုလ်မှူးကြီး သန့်ဇင်

(၂) ကြည်း ၁၆၄၅၀ **(အစား)** ကြည်း ၂၈၃၈၈
ဗိုလ်မှူးချုပ် မြင့်ကိုကို — ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး

(၃) ကြည်း ၂၁၃၃၈ **(အစား)** ကြည်း ၂၇၉၂၉
ဒုတိယဗိုလ်မှူးကြီး ဇော်ဇော်မြင့် — ဒုတိယဗိုလ်မှူးကြီး ဇော်မြင့်ဦး

(၄) ကြည်း ၂၇၅၆၁ **(အစား)** ကြည်း ၂၇၁၀၅
ဒုတိယဗိုလ်မှူးကြီး ကျော်နိုင်ထွန်း — ဒုတိယဗိုလ်မှူးကြီး သိန်းထွန်းတင်

(၅) ကြည်း ၃၀၇၁၉ **(အစား)** ရေ ၃၆၃၀
ဗိုလ်ကြီး ကိုကိုနိုင် — ဒုတိယဗိုလ်မှူးကြီး ကျော်ထွန်း

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၃)ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၄၉/ ၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၃)ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၃)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၃/၂၀၁၂) နှင့် ၂၄-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၇/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၃)ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁) ကြည်း ၁၃၇၆၅ **(အစား)** ကြည်း ၂၀၅၈၆
ဗိုလ်မှူးချုပ် ကျော်ဦးလွင် — ဗိုလ်မှူးကြီး မြင့်ဆွေ

(၂) ကြည်း ၁၉၇၁၇ **(အစား)** ကြည်း ၁၈၀၃၅
ဗိုလ်မှူးချုပ် အောင်ကျော် — ဗိုလ်မှူးချုပ် ကျော်ကျော်စိုး

(၃) ကြည်း ၃၃၁၃၀ **(အစား)** ကြည်း ၃၉၆၉၄
ဗိုလ်မှူး စိုးမိုး — ဗိုလ်မှူး ထက်ကိုကိုအောင်

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

○ *ကျောဖုံးမှ*

၂၃ မိနစ်တွင် တိုက်စစ်မှူး အောင်ကောင်းမာန် အပိုင်ကန်ခွင့်ရရှိသော်လည်း လွဲချော်ခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း အနိုင်ရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၇၆ မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုး ရရှိခဲ့သည်။ ယင်းဂိုးကို လူစားဝင်ကစားသမား ကောင်းချစ်နိုင်က ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ နိုင်ပွဲရရှိခဲ့သော်လည်း ခြေစွမ်းပိုင်းအရ လိုအပ်ချက်များ ရှိနေသေးသည်။

မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် ဩဂုတ် ၂၇ ရက်တွင် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

---

## မုတ်သုံလေ အားကောင်းနေမည်

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေ အားကောင်းနေသည်။**

**မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။**

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။**



ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာအုပ်စုၣ် စက်မှုလယ်ယာဦးစီးဌာနပိုင် ထွန်စက်များဖြင့် ထွန်ယက်ပေးနေစဉ်။

# ရေကြီးနစ်မြုပ်ဒဏ်ခံရသည့် ဒေသများတွင် နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ



ကလေးမြို့နယ် ရေနစ်မြုပ်လယ်မြေများကို ထွန်ယက်ပေးရန် ထွန်စက်များထွက်ခွာစဉ်။



ကောလင်းမြို့နယ် ရေနစ်မြုပ်လယ်မြေများကို ထွန်ယက်ပေးနေစဉ်။

## လယ်ယာကဏ္ဍဆောင်ရွက်ချက်များ

- ရေကျသည့် လယ်မြေများအား တစ်ကွက်ပေါ် တစ်ကွက်ထွန်စနစ်ဖြင့် ထွန်ယက်ပေးခြင်း၊
- ထွန်စက်ရှေ့ ဂေါ်များဖြင့် သဲနုန်းများ ဖယ်ရှားပေးခြင်း၊
- ရေနစ်မြုပ်သွားသော တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများ ပြုပြင်ပေးခြင်း။



ရန်ကုန်ဆိပ်ကမ်း၌ ရခိုင်ပြည်နယ်သို့ပို့ဆောင်ရန် လက်တွန်းထွန်စက် အစီး ၁၀၀ ကို သင်္ဘောတင်နေစဉ်။



ကောလင်းမြို့နယ် ရေနစ်မြုပ်လယ်မြေများကို နုန်းမြေများဖယ်ရှားပေးစဉ်။



ကလေးမြို့နယ် ရေနစ်မြုပ်လယ်မြေများအား ထွန်ယက်ပေးရန် ထွန်စက်များရောက်ရှိစဉ်။

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ငွေကျပ် ၄၀၀၀၀၀ လက်ခံရရှိခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂၃ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၁၇၅၂၄၃၂၅၇၂၊ အမေရိကန်ဒေါ်လာ ၁၁၂၉၈၀၁ ဒသမ ၆၁ ဒေါ်လာ၊ ထိုင်းဘတ် ၁၆၈၀၅ ဘတ်၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၉၁၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၉၆၀၀၀ ဖြစ်ပြီး လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီးအတွင်း ရေဝင်ရောက်သောကျေးရွာပြည်သူများအား ပစ္စည်းမျိုးစုံလှူဒါန်း

**တပ်ကုန်း ဩဂုတ် ၂၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ ရွှေပိမာန်မာဃလူငယ်အဖွဲ့များ ဦးစီးပြီး မြို့နယ်အတွင်း အလှူခံဌာနဖွင့်လှစ်၍ စေတနာရှင်ပြည်သူများနှင့် ရွှေပိမာန်မာဃလူငယ်အဖွဲ့များ ပေါင်းစပ်လှူဒါန်းသော ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်စုံ၊ အချိုရည်စုံ၊ အဝတ်အထည်အသစ်အဟောင်းစုံ၊ ဖိနပ်စုံ၊ ရေသန့် စသည့် ပစ္စည်းမျိုးစုံတို့ကို ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့က မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ ခုံစု၊ ငါးလန်တာ၊ ရွာသာကျွန်း၊ တပ်ပိုး၊ ရေပြန်ရွာ၊ သူကြီးစု၊ မာန်ပြေ၊ ကြူတော၊ ဘိုကုန်း၊ ရေလယ်ကျွန်း၊ သပြေကုန်း ကျေးရွာများသို့ သွားရောက်လှူဒါန်းခဲ့ကြသည်။



“ကျွန်တော်တို့ ရွှေပိမာန်မာဃလူငယ်အဖွဲ့သားများက တပ်ကုန်းမြို့နယ် ကျက်သရေဆောင်သာသနာပြုဗိမာန်တော်ကြီးရဲ့ ဝေယျာဝစ္စအဖွဲ့သားတွေဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတွေက ရေဝင်ရောက်တဲ့ ကျေးရွာတွေမှာ အစားအသောက် အဝတ်အထည်တွေအတွက် ကူညီချင်တဲ့ စိတ်နဲ့ ဩဂုတ် ၃ ရက်လောက်က အလှူခံဖွင့်လှစ်ဖြစ်ပါတယ်။ အဖွဲ့သားတွေနဲ့ စေတနာရှင်တွေ လှူဒါန်းတဲ့ ပစ္စည်းစုစုပေါင်း ခန့်မှန်းတန်ဖိုးက ငွေကျပ် ၂၁၈၀၂၃၀၀ ဖြစ်ပါတယ်” ဟု အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အဆိုပါပစ္စည်းများကို ကူညီကယ်ဆယ်ရေးပြုလုပ်သော ဒေသခံအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်လုပ်ဆောင်ခြင်းဖြင့် မြစ်ရေဝင်ဒေသများမှ အမှန်တကယ် လိုအပ်သည့်နေရာများနှင့် ချိတ်ဆက်ကာ လှူဒါန်းမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# မြစ်ရေဝင်ရောက်ခဲ့သော အောင်လံအထက(၂)၌ နယ်မြေခံတပ်က သန့်ရှင်းရေးဆောင်ရွက်

**အောင်လံ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့ရာမှ မြစ်ရေပြန်လည်ကျဆင်းခဲ့ရာ သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်မှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက အထက(၂)၌ နယ်မြေခံတပ်ရင်း တပ်မတော်သားများနှင့် အိမ်ထောင်သည် ရဲမေများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(မြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်းရေဘေးသင့်ပြည်သူများအား ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**စစ်တွေ ဩဂုတ် ၂၃**

ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် Miss Universe Myanmar Organization အဖွဲ့တို့က ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက်နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများကို ဖြန့်ဝေပေးအပ်မှုအခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ဆွေဝင်းက ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Miss Universe Myanmar Organization အဖွဲ့က ငွေကျပ်သိန်း ၁၀၀ နှင့် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်းရာ ပြည်နယ်အမျိုးသမီးရေးရာ နာယက ဒေါ်ခင်ဆွေဝင်းက လက်ခံခဲ့ပြီး ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများကို ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ဖြန့်ဝေပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် မြန်/ဆက်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၃**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းလိုင်းမှ ခေါက်ရေနှစ်ခေါက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးလေဆိပ်သို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သော ခေါက်ဆွဲခြောက်၊ ကျောင်းစိမ်းဆိုဒ်စုံ၊ ဆေးပစ္စည်းမျိုးစုံ၊ စားစရာမျိုးစုံနှင့် အဝတ်အထည်များ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေကြီးနစ်မြုပ်ပျက်စီး ရထားလမ်းပိုင်းပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာ့မီးရထား တိုင်းအမှတ် (၉) နယ်မြေ ဟင်္သာတ-ညောင်တုန်းလမ်းပိုင်း၊ စကြေ့ာ-ညောင်တုန်းကြား လမ်းပိုင်းကို ဩဂုတ် ၂၁ ရက် ညနေ ၃ နာရီက ပြန်လည်ဖွင့်လှစ်ပြီး ဖြစ်၍ အမှတ်(၁၇၉) အဆန်(၁၈၀) အစုန်ရထားများ လှိုင်သာယာထိ ပြေးဆွဲလျက်ရှိသည်။

တိုင်းအမှတ် (၉) ပုသိမ်-ဟင်္သာတလမ်းပိုင်း ၊ ဒါးက-ဂုံမင်း လမ်းပိုင်းကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ ဒါးက-ဘဲဂရက် လမ်းပိုင်းကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းသီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၂၃ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၇၀၉ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၈၀၁၁ | ၁၈၃၄၁၂ | ၁၄၇၇၉၈ | ၁၁၇၅၈၇ | ၃၂၂၆၈ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၂၆၆၆၀ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၆၉၇၇ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၈၆၁၆၆ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၇၄၂၆၀ | ၆၆၇၇၁ | ၂၄၂၄၂ | ၂၃၄၆ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၄၉ | ၁၃၃၄၉ | ၃၈၂၉ | ၂၆၁၉ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၁၈၂၈၁၁ | ၂၃၀၄၆၇ | ၁၈၇၄၇၂ | ၇၆၇၇ |
| စုစုပေါင်း | | ၁၄၄၃၉၀၉ | ၁၂၆၉၂၅၁ | ၁၀၇၂၈၅၆ | ၇၈၃၇၇၂ | ၂၆၈၁၉၂ |

# ကျောင်းကုန်းမြို့သို့ အနုပညာရှင်များ လာရောက်လှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရွှေပန်းငူကျေးရွာအုပ်စုသို့ ဒုတိယအကြိမ်ကိုအောင်ကျော်ဆန်းဦးဆောင်၍ ဩဂုတ် ၂၃ ရက်က အလှူရှင် (G.R.O.W) Guardian.Reach Out. Wide အဖွဲ့က ဆန် ၁၂၅ အိတ်၊ အချိုရည်ဘူး ၂၀၀၀၊ ရေသန့်ဘူး ခြောက်လုံးပါ ၅၅၁ ကတ်၊ အဝတ်အထည် ၁၀၀ ပါ ၁၂ ထုပ်နှင့် ဆေးဝါးမျိုးစုံနှစ်အိတ် လာရောက်လှူဒါန်းကြရာ အနုပညာရှင် ချစ်စနိုးဦးပါလာကြောင်း သိရသည်။

ကျေးရွာခွဲများဖြစ်သော ရွှေပန်းငူ၊ ကွက်သစ်၊ ကွင်းစောင်း၊ ဗောဓိကုန်း၊ သစ်ပုတ်ကုန်း၊ ဒယ်ကုန်း၊ ကုလားစုနှင့် ဆိပ်ဖူးနီကျေးရွာတို့မှ အိမ်ထောင်စု ၃၁၄ စု၊ လူဦးရေ ၁၂၅၅ ဦးတို့ကို အလှူရှင်များကိုယ်တိုင် ခွဲဝေလှူဒါန်းပေးခဲ့ကြောင်းနှင့် ဝဥ္စကျော်ဖောင်ဒေးရှင်းအဖွဲ့မှ ရွှေရောင်နှလုံးသား ရေဘေးသင့်တိရစ္ဆာန် ကယ်ဆယ်ဆေးကုသရေးအဖွဲ့က ကျောင်းကုန်းမြို့နယ်ရှိ တိရစ္ဆာန်များကို လှည့်လည်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်

**မုံရွာ ဩဂုတ် ၂၃**

မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါသည် ကလေးငယ်များအတွက် အန္တရာယ်ဖြစ်စေသည့် ရောဂါတစ်မျိုးဖြစ်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဆောင်ရန်၊ ရှောင်ရန်များ အသိပညာပေးခြင်းကို ကျန်းမာရေးဝန်ထမ်းများက အရှိန်အဟုန်မြှင့်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

မုံရွာမြို့ ရန်ကင်းရပ်ကွက်၌ ဩဂုတ် ၂၁ ရက်က ခရိုင်ကျန်းမာရေးဦးစီးဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ တစ်အိမ်တက်ဆင်းသွားရောက်ပြီး ခြင်များ ပေါက်ပွားနိုင်သည့်နေရာများ၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသိပညာပေးဟောပြောဆွေးနွေးခြင်းနှင့် စာသင်ကျောင်းများ၌ ခြင်ဆေးမှုတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# သာယာဝတီခရိုင်အတွင်းရှိရေဘေးသင့်ဒေသများသို့ Alpine သောက်ရေသန့်မိသားစုလှူဒါန်း

**သာယာဝတီ ဩဂုတ် ၂၃**

ဩဂုတ်လဆန်းပိုင်းက ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် မြန်မာနိုင်ငံရှိနေရာဒေသအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ နေရာအများစု၌ ရေများပြန်ကျသွားပြီဖြစ်သော်လည်း ရေဘေးသင့်ဒေသများမှာ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်သည်။ ရေဘေးသင့် ဒေသများကို နိုင်ငံတော်အစိုးရက ဦးဆောင်၍ စီးပွားရေးလုပ်ငန်းရှင်များ၊ ပရဟိတ အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

လွယ်ဟိန်းကုမ္ပဏီ၏ Alpine သောက်ရေသန့်မိသားစုမှာ ဩဂုတ် ၅ ရက်မှ စတင်ကာ ရေသန့်ဘူးများ လှူဒါန်းခဲ့ပြီး ဩဂုတ် ၂၂ ရက်မှစ၍ ရေဘေးသင့်ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့သည်။ Alpine သောက်ရေသန့် မိသားစုသည် ဩဂုတ် ၅ ရက်မှ ၂၁ ရက်အထိ ပရဟိတအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များမှတစ်ဆင့် လှူဒါန်းခဲ့ပြီး ဩဂုတ် ၂၂ ရက်မှစတင်ကာ ရေဘေးသင့်ဒေသများအထိ သွားရောက်လှူဒါန်းနေခြင်းဖြစ်သည်။ လွယ်ဟိန်းကုမ္ပဏီလီမိတက် လက်ထောက်မန်နေဂျင်းဒါရိုက်တာ ဦးဟန်မင်းထွဏ်းဦးဆောင်သည့် Alpine သောက်ရေသန့် မိသားစုသည် ဩဂုတ် ၂၂ ရက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်မိုးညိုမြို့နယ် ရေခဲရွာရှိ အိမ်ခြေ ၅၀၀၊ မအူကုန်းရွာရှိအိမ်ခြေ ၂၀၀၊ မင်းလှမြို့နယ် ပေါက်ချောင်းကျေးရွာရှိ အိမ်ခြေ ၁၂၀၊ ညောင်ပင်သာကျေးရွာရှိ အိမ်ခြေ ၁၂၀ စုစုပေါင်း အိမ်ခြေ ၉၄၀ အားတစ်အိမ်ထောင်လျှင် ဆန်ငါးပြည်၊ Alpine သောက်ရေသန့် တစ်လီတာဘူး ခြောက်ဘူးစီတို့အား လှူဒါန်းခဲ့သည်။ လွယ်ဟိန်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌဒေါက်တာ စိုင်းဆမ်ထွန်းသည် ရေဘေးသင့်ဒေသများသို့ လှူဒါန်းမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး ပြန်လည်ထူထောင် ရေးအတွက်လည်း ကူညီဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဖိုးသော်ဇင်**



# စံကင်းကျွန်းရေဘေးသင့်ပြည်သူများ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေး

**ညောင်တုန်း ဩဂုတ် ၂၃**

ညောင်တုန်းမြို့နယ်တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်အောက် နှစ်ပေကျော် သိသိသာသာကျဆင်းသွားချိန်တွင် ညောင်တုန်းမြို့နယ် စံကင်းကျွန်းတွင် ကွင်းရေများ မြင့်တက်ခဲ့သဖြင့် စံကင်းကျွန်းအတွင်းရှိ အင်းမ၊ ဗျောတလန်း၊ ကျောင်းစု၊ ကုက္ကို၊ မဲဇလီရွာဟောင်း၊ စွန်ထနီး၊ ကတုက္ကမ၊ ဘုရားကုန်း၊ အောက်ဆယ်စသော ကျေးရွာအုပ်စုများမှ ရွာများသို့ မြို့နယ်အဖွဲ့အစည်းများနှင့် စေတနာရှင်များ၊ ပရဟိတ အဖွဲ့များက သွားရောက်၍ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများ ရေကျဆင်းချိန်တွင် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်ရေးအတွက် ညောင်တုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသက်ဦးနှင့် ဆရာဝန် ဆရာမများ၊ ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတ အဖွဲ့များ၊ ဝေဠုကျော်ဖောင်ဒေးရှင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် အခြားသော ဖောင်ဒေးရှင်းများ၊ နိုင်ငံရေးပါတီများ၊ စီးပွားရေးကုမ္ပဏီများ အပါအဝင် စေတနာရှင်များက ဆန်နှင့် စားနပ်ရိက္ခာများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ ရေသန့်ဘူးများ၊ အလှူငွေများ သွားရောက်လှူဒါန်းလျက်ရှိကြသည်။

ထို့အပြင် ဒေါက်တာ Allen စောဦး ဦးဆောင်သော ဆရာဝန်များ၊ ဆားမလောက်တောင်သူလယ်သမားဆေးရုံမှ ဒေါက်တာဒေါ်နှင်းနီလာနှင့် ကျန်းမာရေး ရွှေလျားအသင်းကလည်း စံကင်းကျွန်းရှိ ဗောဓိချောင်းဖျား၊ ပဒေါဒေါင့်၊ ကံစုစသော ကျေးရွာငယ်ကလေးများ အရောက်သွားရောက်ကြကာ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ဆေးဝါးများ ကုသပေးခြင်း၊ ကျန်းမာရေး ပညာပေးခြင်း၊ ဆန်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ရေသန့်ဘူးများ လှူဒါန်းပေးအပ်ခဲ့ကြသည့်အပြင် ရေနစ်မြုပ်စဉ်က ပျက်စီးသွားသော ရေလောင်းအိမ်သာကျင်း၊ ကွန်ကရစ်ပိုက်ခွေများအတွက် အလှူငွေ ကျပ်ငါးသိန်းကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။ ပြန်လည်ထူထောင်ရေးကာလတွင် ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးအတွက် ရေလောင်းအိမ်သာများ ပြန်လည်တည်ဆောက်နိုင်ရေးမှာလည်း အရေးကြီးသည့်အလျောက် အိမ်သာကွန်ကရစ်ခွေများအတွက် လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး အပိုင်းတွေကို ပိုမိုတိုးချဲ့ပြီး ထိရောက်မှုရှိအောင်ဆောင်ရွက်နေ

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် (အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်) နှင့် တွေ့ဆုံမေးမြန်းခြင်း**

**တွေ့ဆုံမေးမြန်း - ဇော်ကြီး(ပဏ္ဏိတ)**

ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းနှင့်အောက်ပိုင်းဒေသရှိ မြို့အချို့တွင် ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဩဂုတ် ၁၉ ရက် အထိ အိမ်ထောင်စု ၁၈၁၈၇ စုမှရေဘေးသင့်ပြည်သူ ၁၆၀၂၀၃၂ ဦးအထိရှိခဲ့ပြီး ပြောင်းရွှေ့နေထိုင်သူ ၃၈၄၀၆၀ နှင့် သေဆုံးသူ ၁၁၇ ဦး အထိရှိခဲ့သည်။ ထိုသို့ဖြစ်ပွားခဲ့မှု ကြောင့် ရေဘေးသင့်ပြည်သူများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ကယ်ဆယ်ထောက်ပံ့မှုများ ပြုလုပ်ပေးနေသကဲ့သို့ ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များကလည်း အစားအသောက်၊ ဆေးဝါး၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အလှူငွေများအဆက်မပြတ် လာရောက်လှူဒါန်းနေမှု အပေါ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး(ကျိုက်ဝိုင်းသိုလှောင်ရုံ)၏ ဆောင်ရွက်ပေးနေမှုများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါ်စုစုလှိုင် (အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်)နှင့် အခုလိုတွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး- ရန်ကုန်မြို့မှာ အလှူရှင်တွေအနေနဲ့ အလွယ်တကူလာရောက် လှူဒါန်းနိုင်အောင် ဘယ်လိုစီစဉ်ပေးထားပါသလဲ။ လှူဒါန်းလာတဲ့ပစ္စည်းတွေကို ဘယ်လိုပုံစံနဲ့ဆောင်ရွက်ပေးနေပါသလဲ။

ဖြေ- ရန်ကုန်မြို့မှာဆိုရင် အလှူရှင်တွေ အလွယ်တကူ လာရောက် လှူဒါန်းနိုင်အောင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး(ကျိုက်ဝိုင်းသိုလှောင်ရုံ)နဲ့ တပ်မတော်လေတပ်စခန်း(မင်္ဂလာဒုံ)မှာ အလှူခံဌာန ဖွင့်ထားပါတယ်။ အများစုကတော့ ကျိုက်ဝိုင်းသိုလှောင်ရုံမှာ လာရောက်လှူဒါန်းကြတယ်။ အဲဒီအလှူခံ ဌာနကိုတော့ ဩဂုတ် (၂)ရက်ကစပြီး ဖွင့်လှစ်ခဲ့တာပါ။ ပြည်တွင်း၊ ပြည်ပကနေလာရောက်လှူဒါန်းတာတွေရှိနေပါတယ်။ အဲဒီရရှိလာတဲ့ ငွေနဲ့ပစ္စည်းတွေကိုတော့ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (ဗဟို)ကိုတင်ပြပြီး ညွှန်ကြားချက်အတိုင်း ရေဘေးသင့်ပြည်သူတွေထံ အမြန်ဆုံးရောက်အောင် စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ တချို့ အလှူရှင်တွေအနေနဲ့ သူတို့လှူချင်တဲ့နေရာကိုပြောပြီးလှူတာမျိုးလည်းရှိတယ်။အဲဒါမျိုးကိုလည်း အလှူရှင်တွေရဲ့ဆန္ဒအတိုင်းလှူပေးနေပါတယ်။ ဒါပေမယ့် ဒီပစ္စည်းတွေကို ပြန်လည်ဖြန့်ဝေမှုလုပ်တဲ့ အခါမှာတော့ သယ်ယူမှုအတွက် တစ်ရက်နှစ်ရက် အချိန်ပေးရတာမျိုးတော့ရှိတယ်။ ဒီမှာ အချိန်ဆွဲထားတာမျိုး မရှိပါဘူး။ အခုဆိုရင် အလှူရှင်တွေ လာရောက်လှူဒါန်းထားတဲ့ ပစ္စည်းတွေအားလုံးနီးပါးကို ရေဘေးသင့်ပြည်သူတွေထံ ထောက်ပံ့မှုတွေလုပ်ပြီးသွားပါပြီ။ ဂိုဒေါင်တွေထဲမှာ ပစ္စည်းပြတ်သလောက်ပါပဲ။

မေး- ပြည်တွင်းအလှူရှင်တွေအနေနဲ့ ဘာပစ္စည်းတွေလှူတာများပြီး ပြည်ပအလှူရှင်တွေအနေနဲ့ ဘာတွေလာရောက် လှူတာများပါသလဲ။ လာရောက်လှူဒါန်းတဲ့ ပစ္စည်းတွေကိုလည်း ဘယ်ဒေသတွေကို အများဆုံးထောက်ပံ့မှုတွေလုပ်ပေးနေပါသလဲ။

ဖြေ- ပြည်တွင်း အလှူရှင်တွေ အများစုကတော့ အဝတ်အထည်နဲ့ စားသောက်ကုန်တွေ လှူတာများတယ်။ ပြည်ပအလှူရှင်တွေကတော့ စားသောက်ကုန်နဲ့ဆေးဝါးတွေအပြင် လူသုံးကုန်တွေ လှူတာပိုများပါတယ်။ လက်ရှိရန်ကုန်ရုံးအနေနဲ့ကတော့ ရေဘေးသင့်ဒေသတွေထဲက ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ရေဘေးသင့် ပြည်သူတွေကို အဓိက ထောက်ပံ့မှုတွေလုပ်ပေးနေတယ်။ ဒါ့အပြင် ဗဟိုရဲ့ ညွှန်ကြားချက်အတိုင်း ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေကိုလည်း လွှဲပြောင်းဖြန့်ဝေမှုတွေ လုပ်ပေးနေပါတယ်။

> **ရေဘေးသင့်ပြည်သူတွေရဲ့ မူလအနေအထားကို အမြန်ဆုံး ပြန်ရောက်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။ လတ်တလောလိုအပ်မှုကတော့ အစားအသောက်နဲ့ လူသုံးကုန်ပစ္စည်းတွေ ပိုလိုအပ်နေတယ်။ အရေးအကြီးဆုံးကတော့ ဆန်ပါ။ ပြန်လည်ထူထောင်ရေးလုပ်နေတဲ့ ဒေသတွေမှာကတော့ အလှူငွေတွေလည်း လိုအပ်နေ**

မေး- ရေဘေးသင့်ဒေသတွေကိုထောက်ပံ့မှု လုပ်တဲ့အခါမှာလည်း ဘယ်လိုပုံစံနဲ့ သယ်ယူမှုတွေလုပ်ပြီး ထောက်ပံ့ပေးမှုတွေ လုပ်ပေးနေပါသလဲ။

ဖြေ- လက်ခံရရှိတဲ့ ပစ္စည်းတွေကိုတော့ အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (ဗဟို)ရဲ့ ညွှန်ကြားချက်အတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့တွေကို လွှဲပြောင်းပေးပြီး ထောက်ပံ့မှုတွေ လုပ်ပေးနေပါတယ်။လွှဲပြောင်းပေးတဲ့အခါမှာလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနက တစ်ယောက် အမြဲလိုက်သွားပြီး စာရင်းနဲ့တကွ လွှဲပေးတာပါ။ အဲဒီလိုဖြန့်ဝေ လွှဲပြောင်းမှုလုပ်တဲ့အခါမှာလည်း ကုန်းလမ်းကနေတစ်ဆင့်ပို့ပေးနေသလို ပုဂ္ဂလိက လေကြောင်းလိုင်းတွေက အခမဲ့ အစီအစဉ်နဲ့လည်း ပို့ပေးနေတယ်။ ဒါ့အပြင် တပ်မတော် လေနဲ့ ရေတို့ရဲ့ အကူအညီတွေနဲ့လည်း ပို့ပေးနေပါတယ်။

မေး- လက်ရှိရန်ကုန်ရုံးကို ဘယ်နိုင်ငံတွေက လာရောက်လှူဒါန်းခဲ့ပါသလဲ။ ဘာပစ္စည်းတွေများပါ ပါသလဲ။

ဖြေ- ပြည်ပအလှူရှင်တွေအနေနဲ့ကတော့ ထိုင်း၊ ဂျပန်၊ တရုတ်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ် သီရိလင်္ကာနိုင်ငံတွေက လာရောက်လှူဒါန်းကြတယ်။ လှူဒါန်းကြတဲ့အခါမှာလည်း စားသောက်ကုန်၊ ဆေးဝါးနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေအပြင် ငွေကြေးလှူဒါန်းမှုတွေလည်း ရှိပါတယ်။

မေး- ရန်ကုန်ရုံးအနေနဲ့ ဘယ်မြို့တွေကို ဘာပစ္စည်းတွေ ဘယ်လောက်အထိ ထောက်ပံ့မှုလုပ်ပေးခဲ့ပြီးပြီလဲ။ ရရှိထားတဲ့အလှူငွေတွေ အနေနဲ့ ဘယ်လိုဆောင်ရွက်ထားပါသလဲ။

ဖြေ- လက်ရှိ ထောက်ပံ့ပေးခဲ့မှု အနေနဲ့ကတော့ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာဆိုရင် ဟင်္သာတမြို့ကို စားသောက်ကုန်၊ လူသုံးကုန်နဲ့ ဆေးဝါးတွေအပြည့်တင်ဆောင်ထားတဲ့ မော်တော်ယာဉ် လေးစီး၊ ညောင်တုန်းမြို့ကို ခုနစ်စီး၊ သာပေါင်းမြို့ကို နှစ်စီး၊ ပုသိမ်မြို့ကို ၁၁စီး၊ ရေကြည်မြို့ကို တစ်စီး၊ ဇလွန်မြို့ကို တစ်စီးနဲ့ ကျောင်းကုန်းမြို့ကို ဆန်အိတ် ၂၀၀ ပေးပို့ခဲ့ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ကိုတော့ စားသောက်ကုန်၊ လူသုံးကုန်နဲ့ဆေးဝါးတွေကို မော်တော်ယာဉ်နဲ့ ၁၈စီး၊ လေယာဉ်နဲ့ (၆) ကြိမ်၊ သင်္ဘောနဲ့ (၆)ကြိမ်ပေးပို့ခဲ့တယ်။ ဒါ့အပြင် သာယာဝတီမြို့ကို မော်တော်ယာဉ်နဲ့ တစ်စီး၊ ကလေးမြို့ကို မော်တော်ယာဉ်နဲ့ (၂၅)ကြိမ်၊ လေယာဉ်နဲ့ (၃)ကြိမ် စားသောက်ကုန်၊ လူသုံးကုန်နဲ့ဆေးဝါးတွေကိုတင်ပို့ပေးခဲ့ပြီးဖြစ်ပါတယ်။ ဆေးဝါးတွေကို ကျန်းမာရေးဌာနကို လွှဲပြောင်းပေးခဲ့တယ်။ ငွေကြေးအနေနဲ့ကတော့ ဩဂုတ် ၁၈ ရက်အထိ ပြည်တွင်းပြည်ပက လာရောက်လှူဒါန်းထားတဲ့ မြန်မာငွေကျပ် ၄၂၀၇၄၅၅၀၀၊ အမေရိကန်ဒေါ်လာ ၉၃၅၅နဲ့ ထိုင်းဘတ် ၁၁၃၉၅၅ တို့ကိုလည်း သက်ဆိုင်ရာ ဘဏ်အကောင့်ထဲကို အားလုံးလွှဲပြောင်းပေးအပ်ထားပြီးဖြစ်ပါတယ်။

မေး- ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး အပိုင်းတွေကို ဘယ်အတိုင်းအတာအထိ ဆောင်ရွက်သွားမှာလဲ။ ရေဘေးသင့်ပြည်သူတွေအတွက် လတ်တလော အဓိကလိုအပ်ချက်တွေ ရှိရင်ပြောပေးပါဦး။

ဖြေ- ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး အပိုင်းတွေကို အခုလည်း ပိုမိုတိုးချဲ့ပြီး ထိရောက်မှုရှိအောင်ဆောင်ရွက်နေပါတယ်။ ရေဘေးသင့်ပြည်သူတွေရဲ့ မူလအနေအထားကို အမြန်ဆုံးပြန်ရောက်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။လတ်တလောလိုအပ်မှုကတော့ အစားအသောက်နဲ့ လူသုံးကုန် ပစ္စည်းတွေ ပိုလိုအပ်နေတယ်။အရေးအကြီးဆုံးကတော့ ဆန်ပါ။ ပြန်လည်ထူထောင်ရေးလုပ်နေတဲ့ ဒေသတွေမှာကတော့ အလှူငွေတွေလည်း လိုအပ်နေပါတယ်။

ဟုတ်ကဲ့၊အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ် ခင်ဗျာ။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၂၃ - ၈ - ၂၀၁၅)

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၃ ရက်အထိ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၁၉၂၄၂ စုမှ လူဦးရေ ၁၆၂၉၄၀၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၀ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၄၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၈၀၃၈၂၉၃၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

(သတင်းစဉ်)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၂၃ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၆ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၃ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၆၀၀၀၀၀ | ၁၂၈၃၂၂၇၁၀ | |
| ၂ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅ | ချင်းပြည်နယ် | ၂၆၆၆ | ၄၀၁၀ | ၂၀၂၈၄ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၇၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၇၇၀ | |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | ၄၄ | ၁၅၄၃ | ၆၇၈၃ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၃၄၇ | ၁၂၁၃၉၂ | ၅၀၄၂၀၈ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | **၁၆၇၇၈** | **၃၉၉၉၁၃** | **၁၆၁၄၄၉၄** | **၁၁၄** | **၁၀၂၁၃၅၈၀၀** | **၁၁၄၅၁၄၅၀** | **၁၈၀၈၉၀၀၀၀** | **၃၁၂၁၅၉၉၇၀** | **၉၇၀၀၀၀၀** | **၆၁၆၃၃၇၂၂၀** | |
| | **ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း** | **၁၇၁၈၃** | **၄၀၂၀၅၉** | **၁၆၂၉၄၀၅** | **၁၂၀** | **၁၀၅၆၈၃၁၅၀** | **၁၅၂၄၄၂၃၀** | **၂၂၁၁၉၀၀၀၀** | **၃၂၇၈၆၅၅၅၀** | **၁၀၄၀၀၀၀၀** | **၆၈၀၃၈၂၉၃၀** | |

## ရေများတဖြည်းဖြည်းပြန်လည်ကျဆင်း လယ်စိုက်ကေများ ထိခိုက်မှုများနိုင်

**ကျုံပျော် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဩဂုတ် ၅ ရက်က စတင်၍ ဒါးကချောင်းရေနှင့် မြစ်ရေများတိုးဝင်မှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး ယခုအခါ ရေများ တဖြည်းဖြည်းပြန်လည် ကျဆင်းလျက်ရှိကြောင်း သိရသည်။

ကျေးရွာတစ်ခုလုံး ရေဝင်ရောက်ခြင်းခံခဲ့ရသော ထိန်တပင်ကျေးရွာတွင်နေထိုင်သူတစ်ဦးက "ရေက နည်းနည်းချင်း နေ့စဉ်ပြန်ကျနေပါတယ်။ ဩဂုတ် ၂၁ ရက်အထိဆိုရင် စုစုပေါင်း သုံးပေလောက်ပြန်ကျပါတယ်။ နေအိမ်တော်တော်များများမှာ ဆင့်ထိုးထားတာတွေ ဖြုတ်ပြီး ကြမ်းခင်းတွေမှာ ပြန်နေလို့ရပါပြီ။ အနိမ့်ပိုင်းကျတဲ့ အိမ်အနည်းငယ်မှာတော့ ကြမ်းခင်းတွေ ရေဝင်ရောက်မှု ရှိနေပါသေးတယ်"ဟု ပြောသည်။

ရေကျဆင်းလျက်ရှိသော်လည်း ချောင်းအနီးနှင့် အနိမ့်ပိုင်းကျေးရွာများရှိ နေအိမ်များသည် ရေဝင်ရောက်မှုရှိသေးသည့်အတွက် နေထိုင်ရန် မဖြစ်နိုင်သေးသဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများ၌ပင် ဆက်လက်နေထိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ယခုနှစ် မြို့နယ်အတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် ရပ်ကွက်တစ်ခု၊ ကျေးရွာအုပ်စု ၂၈ စုမှ ကျေးရွာပေါင်း ၆၀ နှင့် လယ်ဧက ၈၀၀၀ ကျော် ရေဝင်ရောက်ခြင်းခံခဲ့ရပြီး နေအိမ်များ ထိခိုက်ပျက်စီးမှုမရှိသော်လည်း ရေကျနှေးမှုကြောင့် လယ်စိုက်ကေများထိခိုက်ပျက်စီးမှုများနိုင်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## ရေဘေးသင့်ဒေသ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**မိတ္ထီလာ ဩဂုတ် ၂၃**

မိတ္ထီလာမြို့နယ် မေတ္တာရေကြည်အခမဲ့ဆေးခန်းအဖွဲ့နှင့် ဒေသခံမျိုးချစ်လူငယ်လေးများအဖွဲ့တို့ ပူးပေါင်း၍ မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်မြို့နယ်များဖြစ်သည့် ပွင့်ဖြူ၊ မင်းဘူး၊ ရေနံချောင်းမြို့နယ်များမှ ကျေးရွာများသို့သွားရောက်၍ ဒေသခံပြည်သူများအား မိတ္ထီလာမြို့သူ မြို့သားများနှင့် အလှူရှင်များစုပေါင်းလှူဒါန်းသည့် လှူဒါန်းပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းတို့ကို ဩဂုတ် ၁၅ ရက် မှ ၁၇ ရက်အထိ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးစဉ် ပွင့်ဖြူမြို့နယ်ရှိ အင်းနက်ကျေးရွာ၌ သောက်သုံးရေရရှိရေးနှင့် ကျေးရွာစာသင်ကျောင်းပြုပြင်ရေးတို့ကို ဆက်လက်ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အလှူရှင်များအနေဖြင့် ဖုန်း-၀၉-၇၉၆၁၉၉၉၇၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## ရေကြီးနစ်မြုပ်မှုများကြောင့် တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်း စက်တင်ဘာလတွင် ထုတ်ပြန်မည်

**နေပြည်တော် ဩဂုတ် ၂၃**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းကို လာမည့် စက်တင်ဘာလအတွင်းတွင်မှ ထုတ်ပြန်နိုင်မည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းကို မူလက ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကြေညာ၍ ကပ်ထားရန် စီစဉ်ထားသော်လည်း ဇူလိုင်လနှင့် ဩဂုတ်လဆန်းပိုင်းအတွင်းက တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ခု တို့တွင် ဖြစ်ပွားခဲ့သော ရေလွှမ်းနစ်မြုပ်မှု၊ မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များကြောင့် စက်တင်ဘာလအတွင်းတွင်မှ ထုတ်ပြန်နိုင်မည်ဖြစ်သည်။

"မြို့နယ်အလိုက်ကပ်တဲ့ အခြေခံမဲစာရင်းကိစ္စကတော့ တစ်ဖြတ်ပြီးသွားပါပြီ။ လောလောဆယ် ကျွန်တော်တို့ ဩဂုတ်လထဲမှာတော့ တစ်နိုင်ငံလုံး မဲစာရင်း မကပ်နိုင်ဘူး။ ရေကြီးမှုတွေကြောင့် ပြန်လည်ထူထောင်ရေးတွေလုပ်နေရတဲ့အချိန်မှာ မဲစာရင်းကပ်မယ်ဆို ပြည်သူတွေအနေနဲ့ သွားကြည့်ဖို့အခက်အခဲရှိနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့က ကြေညာမယ့်ရက်ကို ပြန်စဉ်းစားနေရတာ။ ဘယ်နေ့ကပ်မယ်ဆိုတဲ့ရက်တော့ ကျွန်တော်အတိအကျ မပြောနိုင်သေးဘူး။ စက်တင်ဘာလအတွင်းမှာတော့ ကပ်မယ်"ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးသောင်းလှိုင်က ပြောသည်။

စက်တင်ဘာလတွင် ထုတ်ပြန်၍ ကပ်ထားမည့် တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းများတွင် အမည်ထည့်သွင်းလိုသူ၊ အမှားပြင်ဆင်လိုသူများနှင့် မဲစာရင်းမှ ပယ်ဖျက်လိုသူများအတွက် ၁၄ ရက် အချိန်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် စက်တင်ဘာလတွင် ကပ်ထားမည့် တစ်နိုင်ငံလုံး မဲစာရင်းသည် ပြင်ဆင်၊ ထည့်သွင်း၊ ပယ်ဖျက်ရန်တို့အတွက် နောက်ဆုံးအကြိမ်ပြုလုပ်နိုင်ရန် ကပ်ထားမည်ဖြစ်သောကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာ မဲဆန္ဒ ရှင်စာရင်းတွင် မိမိအမည်ပါဝင်ခြင်းမရှိပါက ပုံစံ(၃)၊ မဲဆန္ဒရှင်စာရင်းမှ ကွဲလွဲချက်များကိုပြင်ဆင်လိုပါက ပုံစံ (၄-က) နှင့် မဲစာရင်းတွင် သေဆုံးသူနှင့် ဆန္ဒမဲပေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသဖြင့် မဲစာရင်းအား ကန့်ကွက်လွှာ ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်းများကို နောက်ဆုံးအကြိမ်အဖြစ်မလွဲမသွေသွားရောက်ပြုလုပ်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စာရင်းဇယားများအရ တစ်နိုင်ငံလုံးတွင် မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၃၂ သန်းခန့်ရှိသည်။ အထွေထွေရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည်လည်း စက်တင်ဘာ ၈ ရက် နံနက် ၆ နာရီမှ စတင်၍ နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီအထိ မဲဆွယ်စည်းရုံးမှုပြုလုပ်နိုင်ပြီဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများထံသို့ အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်သည်။

ဇူလိုင်လအတွင်းက အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက် ကော်မရှင်ရုံး၌ ကပ်ထားသည့် အခြေခံမဲဆန္ဒရှင်စာရင်းအား ကြည့်ရှုနေသူ နှစ်ဦးကိုတွေ့ရစဉ်။



**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းများသည်လည်း စက်တင်ဘာလအတွင်း၌ ကပ်ထားမည်ဖြစ်သောကြောင့် ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးခွင့်သည်လည်း စတင်ရရှိသည့် စက်တင်ဘာလနှင့် တိုက်ဆိုင်နေပေသည်။

"တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းကပ်ပြီးရင် ပြင်ဆင်တာတွေ၊ ဖြည့်စွက်ထည့်သွင်းတာတွေလုပ်ဖို့ ကျွန်တော်တို့ ၁၄ ရက်အချိန်ပေးမယ်။ ဒါကို ကာယကံရှင်တွေကိုယ်တိုင်ရော၊ ပါတီတွေရော၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရော အသိပညာပေးမှုတွေ လုပ်လို့ရပါတယ်။ ကူညီလို့ရတယ်။ မဲဆွယ်တဲ့နေရာမှာတော့ နိုင်ငံရေးပါတီတွေရဲ့ code of conduct ရှိတယ်။ ကျွန်တော်တို့ကော်မရှင်က ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက် ၁/၂၀၁၄ ရှိတယ်။ အဲ့ဒါတွေနဲ့အညီ ဆောင်ရွက်မယ်ဆိုရပါတယ်"ဟု ဦးသောင်းလှိုင်က ပြောသည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပသွားမည်ဖြစ်ပြီး ရက်ပေါင်း ၁၈၀ ထက်မနည်း မူလမဲဆန္ဒနယ်ပြင်ပရောက်နေသည့် မဲဆန္ဒရှင်များအနေဖြင့် လက်ရှိမဲဆန္ဒနယ်တွင် မဲပေးနိုင်ရန်အတွက် အောက်တိုဘာ ၁၀ ရက် နောက်ဆုံးထားပြီး (ပုံစံ-၃ က)ဖြင့် လျှောက်ထားရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဩဂုတ်လ ၁၉ ရက်က နှိုးဆော်ထားသည်။

❐ ***ကျော်ဖုံးမှ***

အမှန်တကယ် လက်တွေ့လုပ်ဆောင်အကောင်အထည်ဖော်လျက်ရှိကြောင်း သက်သေခံရမည့် အရာလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက စိတ်ဝင်တစားစောင့်ကြည့်နေကြပြီဖြစ်သည်။

ရွေးကောက်ပွဲကြီးနီးလာသည်နှင့်အမျှ နိုင်ငံရေးပါတီအသီးသီးတို့၌ ကိုယ်စားလှယ်လောင်းအမည်များ တင်သွင်းခြင်း၊ စိစစ်ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသလို အမြို့မြို့အနယ်နယ်တွင်လည်း အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများ အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသည် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ် ထုတ်ပြန်ကြေညာပြီးနောက် ဒုတိယအကြိမ် ထပ်မံကြေညာရန် မဲဆန္ဒရှင်စာရင်းများကို စနစ်တကျစာရင်းပြုစုလျက်ရှိသည်။

ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး လုပ်ငန်းများဆောင်ရွက်မှုအခြေအနေနှင့် ရွေးကောက်ပွဲအပေါ် ပြည်သူများ၏ စိတ်ဝင်စားမှုတို့ကို သိလို၍ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရမည်းသင်းမြို့ရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့်အတူ ဆန္ဒမဲပေးမည့် ပြည်သူအချို့၏ လိုလားချက်နှင့် မျှော်လင့်ချက်တို့ကို သွားရောက်စေ့ငုခဲ့သည်။

ရမည်းသင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရောက်ချင်းမှာပင် ခရိုင်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးစံတင့်အား တွေ့ရ၍ လက်ရှိဆောင်ရွက်နေသည့် မဲဆန္ဒရှင် စာရင်းများနှင့်ပတ်သက်ပြီး မေးမြန်းရာ ရမည်းသင်းခရိုင် ကော်မရှင်အဖွဲ့ခွဲသည် ယခုနှစ် ဇွန်လ ၂၂ ရက်မှ ဇူလိုင်လ ၅ ရက်နေ့အထိ ပထမအကြိမ် မဲဆန္ဒရှင်အမည်စာရင်းကို ကြေညာခဲ့ကြောင်း၊ ပထမကြေညာခဲ့စဉ်က ခရိုင်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များနှင့် မိသားစုဝင်များ၊ ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များ၏ စာရင်း မပါရှိခဲ့ကြောင်း၊ ပထမအကြိမ်ကြေညာစဉ်က ရမည်းသင်းခရိုင်အတွင်း မဲဆန္ဒရှင်ဦးရေ ၃၅၄၅၀၈ ဦး ရှိခဲ့ပြီး အမည်စာရင်းလာရောက်ကြည့်ရှုသည့် မဲဆန္ဒရှင်အရေအတွက်သည် ၁၆၂၀၄၃ ဦးရှိရာ ရာခိုင်နှုန်းအားဖြင့် ၄၅ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းအနက် မဲစာရင်းကျန်ရှိသည့်အတွက် ပုံစံ-၃ဖြင့် လာရောက်တောင်းဆိုသူ ၆၄၇၆ ဦးရှိခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၈၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ မဲစာရင်းထဲမှ ဖြုတ်ပယ်ရန်အတွက် ပုံစံ-၄ ဖြင့် ကန့်ကွက်သူ ၂၀၀၀ ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၀ ဒသမ ၅၆ ရာခိုင်နှုန်း၊ အချက်အလက်မှားယွင်းသည့်အတွက်ပုံစံ-၄(ဂ)ဖြင့် ပြင်ဆင်သူ ၄၂၀၇ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၁ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း ဦးစံတင့်က ပြောသည်။

ရမည်းသင်းခရိုင်အတွင်း ရွှေ့ပြောင်းအလုပ်သမားနှင့် ဝေးလံသော အရှေ့ပိုင်း တောင်ပေါ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ မဲဆန္ဒရှင်စာရင်းထည့်သွင်းပြီးလျှင် ဒုတိယအကြိမ်ထပ်မံကြေညာရာတွင် မဲဆန္ဒရှင်ဦးရေ ပိုမိုတိုးလာမည်ဖြစ်ကြောင်း သိရသည်။

"ဒုတိယအကြိမ်စာရင်း ကွန်ပျူတာထည့်သွင်းလို့ပြီးသွားတဲ့အခါမှာ ရမည်းသင်းခရိုင်ရဲ့ မဲဆန္ဒရှင် စုစုပေါင်းသည် ၃၆၂၂၄၂ ဦးရှိလာမှာပါ။ သို့သော် ဘာကျန်မလဲဆိုတော့ အဲဒီဦးရေဆိုတာဟာ ကျွန်တော်တို့ခရိုင်အတွင်းကို တခြားဒေသက ရက်ပေါင်း ၁၈၀ နှင့်အထက်ကြာ လာနေတဲ့ ပုဂ္ဂိုလ်တွေက မပြန်တော့ဘူး။ ဒီမှာပဲ ဆန္ဒမဲပေးတော့မယ်ဆိုလို့ရှိရင် ပုံစံ-၃(က)နဲ့ ရပ်/ကျေးကော်မရှင်အဖွဲ့တွေမှာ လျှောက်ထားဖို့ကြေညာထားပါတယ်။ ဒီပုဂ္ဂိုလ်တွေက လျှောက်ထားဆဲဖြစ်ပါတယ်။ သူတို့ကိုပါ သက်ဆိုင်ရာ မဲဆန္ဒရှင်စာရင်းမှာ ထည့်သွင်းရမှာဖြစ်ပါတယ်။ လက်ရှိ ၃၆၂၂၄၂ ထက် ပိုလာဖို့ရှိပါတယ်။ မဲဆန္ဒရှင်တွေအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားတွေများတဲ့ ရမည်းသင်းခရိုင် အရှေ့ပိုင်း တောင်ပေါ်ဒေသတွေမှာ ကျွန်တော်တို့အတွေ့အကြုံအရ ၂၀၁၀ ပြည့်နှစ်လောက်က လူဦးရေ ၁၀၀၀၀ ကျော်လောက်ရှိပြီး အဲဒီပုဂ္ဂိုလ်တွေ ထပ်တိုးလာဖို့ ရှိပါတယ်"ဟု ရမည်းသင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပြောသည်။

ရမည်းသင်းခရိုင်အတွင်းရှိ မြို့နယ်နှစ်မြို့နယ်တွင် သတ်မှတ်ထားသည့် မဲရုံပေါင်း ၅၃၇ ရုံရှိကြောင်း၊ မဲရုံတစ်ရုံကို မဲရုံဝန်ထမ်း ၁၀ ဦးနှုန်းဖြင့် အဖွဲ့ဝင် ၅၃၇၀ ရှိမည်ဖြစ်ကြောင်း၊ မဲရုံပေါင်း ၅၃၇ ရုံ၌ မန္တလေးတိုင်းဒေသကြီးအတွင်း ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များရှိ တိုင်းရင်းသားလူမျိုးမဲရုံ၌ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်ဦး ရွေးပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုး မဲဆန္ဒရှင်စာရင်းအရ မဲရုံပေါင်း ၁၈ ရုံရှိကြောင်း၊ မဲစာရင်း စစ်ဆေးသူတစ်ဦးနှင့် ဆန္ဒမဲလက်မှတ်ထိုးပေးသူတစ်ဦးစီအတွက် မဲရုံတစ်ရုံကို ထပ်တိုးပေးမည်ဖြစ်ပြီး ထို့အတွက် ထပ်တိုးမည့်အရေအတွက်သည် ၃၆ ဦး ရှိမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ ရွေးကောက်ပွဲကျင်းပတဲ့အချိန် ရမည်းသင်းခရိုင်အတွင်းမှာ မဲရုံဝန်ထမ်းပေါင်း ၅၄၀၆ ဦးရှိမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ရွေးကောက်ပွဲတွင် အသက်၁၈ နှစ်ပြည့်ပြီးသူများနှင့် သတင်းမီဒီယာသမားများနှင့်ပတ်သက်ပြီး ၎င်းက "ရွေးကောက်ပွဲကျင်းပမယ့် နိုဝင်ဘာလ ၈ ရက်မှာပဲ အသက် ၁၈ နှစ်ပြည့်မယ့်ပုဂ္ဂိုလ်တွေကို နဂိုမူလကတည်းက စိစစ်ပြီးတော့ စာရင်းပြုစုထားပါတယ်။ မဲစာရင်းထဲမှာပါနေပါတယ်။ ဒါကြောင့်မို့ သူတို့ရဲ့ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးမဆုံးရှုံးပါဘူး။ နောက်ပြီး သတင်းမီဒီယာများနှင့်ပတ်သက်ပြီး ကျွန်တော်တို့ဆီမှာ အခုစိစစ်ရေးကတ်ပြားတွေရောက်လာပါပြီ။ သတင်းမီဒီယာတွေရော၊ လူမှုအဖွဲ့အစည်းများရော၊ ရွေးကောက်ပွဲမှာ လာရောက်လေ့လာစောင့်ကြည့်မယ့် ပုဂ္ဂိုလ်များပါ အားလုံးမြို့နယ်ကော်မရှင်


မဲရုံဝန်ထမ်းများအား ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းများ ပြုလုပ်နေစဉ်။

အဖွဲ့ခွဲမှာ သတ်မှတ်တဲ့ကာလရောက်ရင် လျှောက်ထားရမှာဖြစ်ပါတယ်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကမှ စိစစ်ရေးကတ်ပြားများကို ဓာတ်ပုံကပ်ပြီး ထုတ်ပေးထားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မီဒီယာသမားတွေလည်း ရွေးကောက်ပွဲမှာ ပြည့်ပြည့်စုံစုံလေ့လာနိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

ဆန္ဒမဲပေးမည့်သူများနှင့် မဲရုံဝန်ထမ်းများအနေဖြင့် လုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး စနစ်တကျဖြစ်စေရန် ပညာပေးလုပ်ငန်းများနှင့် နမူနာသင်တန်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပထမအကြိမ် မဲဆန္ဒရှင် စာရင်းများ ကြေညာစဉ်ကတည်းက ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးတိုင်းမှာပညာပေးသင်တန်းတွေအတွက် ကပ်ပြီးကြေညာထားပေးပါတယ်။ လက်ကမ်းစာစောင်တွေလည်း ဖြန့်ဝေပြီးတော့ လောလောဆယ် ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လာမယ့် စက်တင်ဘာလအတွင်းမှာဆိုရင် နမူနာမဲရုံလေးတွေဆောက်ပြီး မဲဆန္ဒရှင်တွေကို ဖိတ်ကြားပြီးတော့မှ နမူနာဆန္ဒပေးပွဲနဲ့ ပညာပေးမဲပေးပုံကို သေချာနားလည်အောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အလားတူပဲ မဲရုံဝန်ထမ်းတွေကိုလည်း မဲရုံအဖွဲ့ဝင်များ သင်တန်းကို ရှေ့လထဲမှာ သီးခြားဆောင်ရွက်သွားဖို့ ရှိပါတယ်။

ရမည်းသင်းခရိုင်အတွင်း မြို့နယ်နှစ်မြို့နယ်၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီ စသည်ဖြင့် ပါတီသုံးခုရှိကြောင်း၊ ယင်းတို့တွင် သတ်မှတ်ထားသည့်အတိုင်း ပြည်သူ့လွှတ်တော်က ကိုယ်စားလှယ်နှစ်ဦးစီဖြင့် ခြောက်ဦး၊ အမျိုးသားလွှတ်တော်က ကိုယ်စားလှယ်တစ်ဦးစီဖြင့် သုံးဦး၊ တိုင်းဒေသကြီးလွှတ်တော်က တစ်မြို့နယ်ကို နှစ်ဦးနှုန်းစီဖြင့် ပါတီသုံးခုအတွက် ၁၂ ဦးတင်ပြထားကြောင်း၊ ခရိုင်အတွင်းမှာ စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း ၂၁ ဦးတင်သွင်းထားကြောင်း သိရသည်။

"ကျွန်တော်တို့ခရိုင်ကော်မရှင်အနေနဲ့ သတ်မှတ်ထားတဲ့အတိုင်း လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးကို ကော်မရှင်အဖွဲ့ခွဲဝင် စုံညီစွာနဲ့ သူတို့ရဲ့ အမည်စာရင်းတွေကို ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေနဲ့ ညီညွတ်မှု ရှိ မရှိ စိစစ်နေပါတယ်။ အချိန်ကာလကတော့ ဩဂုတ် ၂၇ ရက်အထိ သတ်မှတ်ထားပါတယ်။ သို့သော် ကျွန်တော်တို့ ခရိုင်အနေနဲ့ တင်ပြထားတဲ့ဦးရေအရ ဩဂုတ် ၂၄ ရက်ဆို စိစစ်မှုက ပြီးစီးသွားပါပြီ။ စိစစ်ပြီးရင် ကော်မရှင်ကအတည်ပြုထားတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများရဲ့ အမည်ကို တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့တို့ကို တင်ပြပြီးပုံစံ ၁၀ နဲ့ ကြေညာပေးထားမှာ ဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့ မြို့နယ်နှစ်မြို့နယ်နဲ့ နှစ်မြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲတွေ အားလုံးကို ပါတီအလိုက် သတ်မှတ်ထားတဲ့ လိုဂိုအမှတ်တံဆိပ်တွေနဲ့အတူ မဲပေးတဲ့ပြည်သူတွေ သိရှိနားလည်အောင် ပွင့်ပွင့်လင်းလင်းကြေညာထားမှာ ဖြစ်ပါတယ်"ဟု ဦးစံတင့်က ဆိုသည်။

ဆက်လက်ပြီး ရမည်းသင်းခရိုင်ပညာရေးမှူးဦးစန်းဌေးမောင်အား လက်ရှိဆောင်ရွက်နေမှုကို မေးမြန်းရာ "ကျွန်တော်တို့အပိုင်းအနေနဲ့ ရွေးကောက်ပွဲမဲစာရင်းပြုစုဖို့ ကျွန်တော်တို့ပညာရေးဌာနက ဆရာ ဆရာမတွေကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကို စေလွှတ်ထားပါတယ်။ ကော်မရှင်အဖွဲ့မှာ ပညာရေးဌာနက ကွန်ပျူတာဆရာ ဆရာမတွေကို စေလွှတ်ပြီးတော့ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ စာရင်းဇယား၊ မဲဆန္ဒရှင်စာရင်းဇယားတွေ ပြုစုနေပါတယ်။ ကျွန်တော်တို့ ပညာရေးဌာနကနေ ကော်မရှင်အတွက် အထောက်အပံ့ပေးဖို့ အပိုင်းပါပဲ။ မဲရုံတွေနဲ့ပတ်သက်ရင်လည်း ပညာရေးဌာနက မဲရုံမှူးတို့၊ လက်ထောက်မဲရုံမှူးတို့၊ မဲရုံစာရေးတို့ စသဖြင့် ပညာရေးဌာနက ဆရာ ဆရာမတွေပါဝင်အင်အားဖြည့်ထားပါတယ်။ မဲရုံတစ်ရုံစီမှာ ပညာရေးဌာနက အနည်းဆုံး ဝန်ထမ်းနှစ်ဦးစီထားဖို့ ကျွန်တော်တို့အနေနဲ့ စီစဉ်ထားပါတယ်။ ကျန်တဲ့အပိုင်းကတော့ ဌာနဆိုင်ရာက အဖွဲ့ဝင်တွေဖြစ်မှာပါ။ အဓိကကတော့ ပညာရေးဌာနက မဲရုံမှူးတာဝန်ယူကြရမှာဖြစ်ပါတယ်။ မဲရုံမှူးတွေ တာဝန်ပေးတဲ့အခါ ကျွန်တော်တို့ပညာရေးဌာနမှာ အမျိုးသားနည်းတဲ့အတွက်ကြောင့် အမျိုးသားဝန်ထမ်းအနေနဲ့ အခက်အခဲရှိပေမယ့် အဲဒီနေရာမှာ ထက်ထက်မြက်မြက်ရှိတဲ့ ဆရာမတွေ တာဝန်ယူဖို့ ပြောထားပါတယ်။ အရင် ၂၀၁၀ ရွေးကောက်ပွဲနဲ့ အခု ၂၀၁၅ ရွေးကောက်ပွဲကတော့ မတူနိုင်လောက်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီ ၂၀၁၅ ရွေးကောက်ပွဲက ယှဉ်ပြိုင်မယ့်အဖွဲ့တွေများတော့ တစ်ဖွဲ့နဲ့တစ်ဖွဲ့က ပြိုင်ဆိုင်မှုတွေ ပိုမိုပြိုင်ဆိုင်လာမယ့် အနေအထားရှိပါတယ်။ ပြိုင်ဆိုင်မှုဆိုရာမှာလည်း သမာသမတ်ကျမယ့် ပြိုင်ဆိုင်မှုဖြစ်မယ်လို့ပဲ ထင်မြင်ယူဆပါတယ်"ဟု ဆိုသည်။

ပညာရေးဝန်ထမ်းအဖြစ် ဆန္ဒမဲပေးမည့် အထက ရမည်းသင်း အထက်တန်းပြဆရာတစ်ဦးဖြစ်သည့် ဆရာအောင်အောင်ဦးက "ကျွန်တော်တို့ ရမည်းသင်းမြို့နယ်အနေနဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ၊ NLD


မဲဆန္ဒရှင်စာရင်းထုတ်ပြန်ထားမှုကို မဲပေးမည့်သူများ လာရောက်ကြည့်ရှုစဉ်။

ပါတီနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး(တစည) ပါတီတွေရှိမယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ မရှိပါဘူး။ မြို့နယ်မှာရှိတဲ့ ပြည်သူလူထုကို အကျိုးပြုမယ့် ဘယ်ပါတီကကိုယ်စားလှယ်ကိုမဆို မဲပေးသွားမှာ ဖြစ်ပါတယ်။ ယှဉ်ပြိုင်သူ နှစ်ယောက်ရှိရင် ဘယ်သူက မြို့နယ်အတွက် ဘယ်လောက် အကျိုးပြုနိုင်မလဲ။ နောက်တစ်ယောက်ကရော ဘယ်လောက်အကျိုးပြုနိုင်မလဲ။ အဲဒီအချက်တွေပေါ်မှာနှိုင်းယှဉ်စဉ်းစားပြီး တကယ်အကျိုးပြုနိုင်မယ့် ပုဂ္ဂိုလ်ကသာ ခေါင်းဆောင်ပိုဖြစ်သင့်တယ်လို့ ယူဆပြီး မဲပေးသွားမှာပါ"ဟု ပြောသည်။

ရမည်းသင်းမြို့မ အထက(၅)မှ ဆရာမ ဒေါ်တင်တင်လှက "ကျွန်မတို့ကတော့ နိုင်ငံတော်ကို အကျိုးပြုနေတဲ့ လူတန်းစားတွေထဲက ပညာရေးဝန်ထမ်းတစ်ဦးဖြစ်တော့ ပညာရေးနဲ့ပတ်သက်ပြီး အစစအရာရာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မယ့် အဖွဲ့အစည်းတွေကိုပဲ လိုလားပါတယ်။ ဘယ်ပါတီကိုပဲ ပေးမယ်ဆိုတဲ့အရိုးစွဲတာမျိုးတွေ မရှိပါဘူး။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းက ကျွန်မတို့အနေနဲ့ မဲရုံတာဝန်တွေဆောင်ရွက်ရတော့ ကြိုတင်မဲပေးခဲ့ရတယ်။ ကိုယ်တာဝန်ကျတဲ့ မဲရုံကိုသွားရတော့ ကိုယ်နေတဲ့ရပ်ကွက်မှာပဲ ကြိုတင်မဲပေးခဲ့ရတာပေါ့။ ကျွန်မတို့ရင်ထဲမှာရှိနေတာတစ်ခုက လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကျွန်မတို့ပညာရေးကဏ္ဍမှာဆို ပိုပြီးတိုးတက်စေချင်ပါတယ်။ ပညာရေးကဏ္ဍကို နိုင်ငံတော်က အများကြီးလည်း ပံ့ပိုးပေးထားပါတယ်။ သို့သော်လည်း သင်ကြားရေးအပိုင်းမှာ ကလေးလေးတွေက ဉာဏ်ရည်ဖွံ့ဖြိုးမှုက တော်တော်လေး အားနည်းနေတာကို တွေ့ရတဲ့အတွက် အဲဒါမျိုးကို ဘယ်လို စနစ်နဲ့သွားရင် ကောင်းမလဲ။ တက်လာတဲ့အစိုးရက အဲဒါကို အာရုံစိုက်ပေးနိုင်မလား။ ကလေးတွေတိုးတက်ဖို့အတွက် ဘယ်လိုနည်းစနစ်တွေနဲ့သွားရင် ပိုပြီးအောင်မြင်မလဲဆိုတာကို ပညာရေးဝန်ထမ်းတစ်ဦးအနေနဲ့ ပြောချင်ပါတယ်"ဟု ပြောသည်။

ရမည်းသင်းမြို့နယ် သင်ပန်းကုန်းကျေးရွာအုပ်စု ကျောင်းဖြူကုန်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးဖြစ်သူ ဦးမောင်ကြည်က ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ခံစားချက်များကို ရင်ဖွင့်ရာတွင် "မဲပေးဖို့ဆိုတာကတော့ ကျွန်တော်တို့ ရင်ထဲမှာတော့ ရှိပြီးသားပါ။ ကျွန်တော်တို့ ကျေးရွာတွေအတွက် လမ်း၊ တံတားလေးတွေ ကောင်းဖို့ လိုအပ်ပါတယ်။ တောင်သူလည်းဖြစ်တဲ့အတွက် တောင်သူတွေအတွက် အထောက်အကူပြုနိုင်မယ့် ပါတီမျိုးဆိုရင် အဲဒီပါတီကို ဦးစားပေးထည့်ပေးဖို့ စဉ်းစားထားပါတယ်။

"ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းကတော့ ပါတီတစ်ခုက ကျွန်တော်တို့ဒေသမှာ မဲမပေးခင်လာပြီး ကျေးရွာပြည်သူတွေရဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းဆောင်ရွက်ပေးမယ်လို့ပြောပြီး နောက်ဆုံးကျတော့ တကယ်လက်တွေ့အကောင်အထည်ဖော် မလုပ်ပေးတာတွေ ရှိပါတယ်။ ကျွန်တော်တို့တောင်သူတွေကတော့ အဓိကက စိုက်ပျိုးရေးပဲ။ စိုက်ပျိုးရေးနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုနေရတာဖြစ်တော့ စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ကောင်းအောင်ဆောင်ရွက်ပေးမယ့် အဖွဲ့အစည်းတွေကိုပဲ မဲထည့်ပေးချင်ပါတယ်။

"အခုချိန်မှာဆို ကျွန်တော်တို့ တောင်သူတွေမှာ ဘာတွေ အခက်အခဲဖြစ်နေလဲဆိုတော့ စိုက်ပျိုးရေအတွက်ခက်နေပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံလေးတွေက ကောင်းပေမယ့် ရေမရှိဘူးဖြစ်နေပါတယ်။ အဲလိုရေလိုအပ်နေတော့ ကျွန်တော်တို့မွေးထားတဲ့ တိရစ္ဆာန်တွေအတွက် အစာရေစာ ရှားပါးမှုတွေဖြစ်နေပါတယ်။ ပြည်သူလိုအပ်ချက်တွေကို လုပ်ပေးမယ် လုပ်ပေးမယ်လို့ ခဏခဏပြောပြီး တကယ်တမ်း မလုပ်တဲ့ ပါတီမျိုးကိုတော့ ကျွန်တော်တို့လို တောက တောင်သူတွေ ကြိုက်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ မဲစာရင်းတွေလည်း ရုံးမှာထုတ်ပြန်ပေးထားတော့ သွားလည်းကြည့်ပြီးပါပြီ။ ကျွန်တော်တို့ဒေသက မိုးလည်းခေါင်တဲ့အတွက် စိုက်ပျိုးရေ အချိန်မီအခါမီ ရအောင်လုပ်ပေးမယ်ဆိုရင် ပြောမပြတတ်အောင် ဝမ်းသာကျေးဇူးတင်နေမှာပါ"ဟုပြောသည်။

ရမည်းသင်းမြို့နယ် ငှက်သိုက်ကျေးရွာအုပ်စု ငှက်သိုက်ကျေးရွာမှ တောင်သူတစ်ဦးဖြစ်သူဦးစိုးညွန့်က "များသောအားဖြင့် ဘယ်သူမဆို ကိုယ့်ဒေသကို ဖွံ့ဖြိုးတိုးတက်အောင် အမှန်တကယ်အကျိုးပြုမယ့် ပါတီမျိုးကိုပဲ ရွေးချယ်ကြမှာ ဖြစ်ပါတယ်။ အပြောနဲ့ချည်း မဟုတ်ဘဲ လက်တွေ့အကောင်အထည်ဖော်တာမျိုးကိုပဲ ပြည်သူက သဘောကျပါတယ်။ ကျွန်တော်တို့ဒေသမှာ ဖွံ့ဖြိုးရေးတွေကို လက်တွေ့ကျကျ လုပ်ပေးသွားတဲ့ပါတီလည်း ရှိပါတယ်။ ကျွန်တော်လည်း ပြည်သူတွေထဲက ပြည်သူဖြစ်တော့ ပြည်သူအကျိုးပြု ပါတီမျိုးကိုပဲ ဆန္ဒမဲပေးဖို့ စဉ်းစားထားပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရာတွင် မကြာမီကျင်းပတော့မည့် အဆိုပါ ရွေးကောက်ပွဲသည် နိုင်ငံအတွက်အရေးကြီးသလို သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးနှင့်ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သော ရလဒ်များဖြင့် နိုင်ငံ့ဂုဏ်သိက္ခာနှင့် ပုံရိပ်ကောင်းတို့ကို ထင်ဟပ်စေမည် ဖြစ်ပါသည်။

## နေရာကွက် မိုးကြီးနိုင်သည့် တိုင်းဒေသကြီး/ ပြည်နယ်များ

**နေပြည်တော် ဩဂုတ် ၂၃**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၂၄ ရက်တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ပေါင်းတည် ဗုဒ္ဓမြတ်စွယ်တော်ပွဲတော်ကျင်းပရေး မြို့လုံးကျွတ်စည်းဝေး

**ပေါင်းတည် ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ (၁၁၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံနိုင်ရေးအတွက် မြို့လုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက ဗုဒ္ဓမြတ်စွယ်တော် အာရုံခံတန်ဆောင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့ သဘာပတိက အမှာစကားပြောကြားပြီး ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက အကြံပြုဆွေးနွေးသည်။

ပွဲတော်ကို တော်သလင်းလဆန်း ၁၂ ရက်မှ တော်သလင်းလပြည့်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ဗုဒ္ဓမြတ်စွယ်တော်အား ဆင်ရတနာသုံးစီးဖြင့် မြို့ပေါ်ရပ်ကွက်များသို့ ဝတ်သင်းအဖွဲ့များ၊ စည်တော်အဖွဲ့များ၊ ပရိတ်အသင်းများ၊ ယိမ်း၊ နိပါတ်၊ ဒေဝါဝင်း၊ ရာဇာဝင်း၊ ပုဂံဝင်းများလိုက်ပါပြီး လှည့်လည်အပူဇော်ခံမည်ဖြစ်ရာ ပွဲတော်ရက်များတွင် ဧည့်ခံဆိုင်း၊ ဇာတ်ပွဲများဖြင့် ဖျော်ဖြေပေးမည်ဖြစ်ပြီး အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်ကို ၁၂၅၉ ခုနှစ်က သီဟိုဠ်ကျွန်း၊ သီရိလင်္ကာနိုင်ငံမှ ပေါင်းတည်မြို့သို့ ပင့်ဆောင်လာခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၁၈ နှစ်ရှိပြီဖြစ်ကြောင်း အခမ်းအနားစီစဉ်မှုအဖွဲ့ထံမှ သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



# အခုရရှိတဲ့ဆုထက် မြန်မာ့ဘောလုံးအသင်းတွေ အောင်မြင်မှုဖလားပိုက်လာတာကို ပိုမြင်ချင်ပါတယ်

**ရန်ကုန် ဩဂုတ် ၂၃**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး နှစ်စဉ်ကျင်းပခဲ့သော AFF Awards Night 2015 ဆုပေးပွဲကြီးကို ဩဂုတ် ၂၂ ရက် ည ၇နာရီက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့သည်။ ယင်းဂုဏ်ပြုဆုပေးပွဲတွင် အာဆီယံဒေသတွင်းနှင့် ဒေသတွင်းနိုင်ငံများမှ တစ်နှစ်တာ ဘောလုံးပြိုင်ပွဲများတွင် ကောင်းမွန်ထူးချွန်သည့် အားကစားသမားများ၊ နည်းပြများ၊ ဒိုင်များနှင့် ကောင်းမွန်သည့် အဖွဲ့ချုပ်ဆုအပါအဝင် စသည်ဖြင့် ဆုပေါင်း ၁၈ ဆု ပေးအပ်ချီးမြှင့်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုနှင့် အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆုတို့ကို ရရှိခဲ့သည်။ ယင်းဆုများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အကောင်းဆုံးလူငယ်ကစားသမားဆုတို့ကို ယခုလက်ရွေးစင်အသင်းကြီးတွင် ဝင်ရောက်အရွေးချယ်ခံထားရသည့် ရတနာပုံဘောလုံးအသင်းမှ ရှေ့တန်း တိုက်စစ်မှူး အောင်သူပင်ဖြစ်သည်။ သို့ဖြစ်၍ မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် အဆိုပါဆုနှစ်ဆုရရှိသူနှစ်ဦးအား သွားရောက်တွေ့ဆုံမေးမြန်းကာ ရင်တွင်းစကားသံများကို ပရိသတ်များအား မျှဝေဖော်ပြပေးလိုက်ပါသည်။

**မေး- ဒီနေ့ရရှိတဲ့ အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆု ရရှိမှုအပေါ်ကို ဘယ်လိုခံစားမိပါသလဲ။**

ဦးဇော်ဇော်- ဒီဆုရတဲ့အတွက်ပျော်ပါတယ်။ ဒါကလည်း ကျွန်တော်တစ်ဦးတည်း၊ တစ်ယောက်တည်းကောင်းလို့ တော်လို့မဟုတ်ပါဘူး။ ကျွန်တော့်အဖွဲ့ချုပ်က အားလုံးတော်ကြ၊ ကောင်းကြလို့ ရရှိတာပါ။ အမှန်အတိုင်းပြောရရင် ဒီနေ့ရရှိတဲ့နှစ်ဆုထက် မြန်မာဘောလုံးအသင်း တစ်သင်းသင်းက ပြည်ပပြိုင်ပွဲတစ်ခုခုမှာ သွားရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုဆုဖလားပိုက်လာတာကို ပိုမြင်ချင်ပါတယ်။ တစ်ခုတော့ရှိပါတယ်၊ အောင်သူအခုလို တစ်နှစ်တာ အကောင်းဆုံးလူငယ်အားကစားသမားဆုရတာဟာ အခြားလူငယ်အားကစားသမားတွေအတွက် အင်အားတစ်ရပ်ဖြစ်စေမှာပါ။ သူတို့လေးတွေ ဒီထက်ပိုပြီး ကြိုးစားချင်စိတ်ဖြစ်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။

**မေး- အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရတယ်လို့ သိရပါတယ်။ အဲဒီအပေါ် ခံစားမှုလေးလည်း မျှဝေပါဦး။**

ဦးဇော်ဇော်- အာဆီယံဘောလုံးအဖွဲ့ချုပ်အဖြစ် ရွေးချယ်ခံရတယ်ဆိုတာ



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တိုက်စစ်မှူး အောင်သူတို့ကို ဆုများနှင့်အတူ တွေ့ရစဉ်။

**တွေ့ဆုံမေးမြန်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

အခုလက်ရှိ ဥက္ကဋ္ဌကြီးကလည်း အသက်မငယ်တော့ပါဘူး။ ဒုတိယဥက္ကဋ္ဌဆိုတဲ့ အလုပ်က အချိန်ပိုင်းလောက်ပါပဲ။ အားလုံးကိုအထွေထွေအတွင်းရေးမှူးက လုပ်သွားမှာပါ။ အာဆီယံမှာ ဒုတိယဥက္ကဋ္ဌလုပ်ရလို့ ဒီဘက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အပေါ်ကိုလည်း အားလျော့သွားမှာမဟုတ်ပါဘူး။ အရင်အတိုင်းပဲ တစိုက်မတ်မတ်နဲ့ ပြည်သူတွေ မျှော်လင့်နေတဲ့ မြန်မာ့ဘောလုံးလောကဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်သွားမှာပါ။

**မေး- လာမယ့် ၂၀၁၆ ခုနှစ် ဆူဇူကီးဖလားပြိုင်ပွဲမှာ အိမ်ရှင်အဖြစ် လက်ခံမယ်လို့ သိရပါတယ်။ ကြိုတင်ပြင်ဆင်မှုအနေနဲ့ ဘယ်လိုလုပ်ဆောင်သွားမလဲဆိုတာ သိပါရစေ။**

ဦးဇော်ဇော်- ဟုတ်ကဲ့ပါ။ အိမ်ရှင်အဖြစ်လက်ခံသွားဖို့က သေချာသွားပါပြီ။ ဒါပေမယ့် ရန်ကုန်မှာကျင်းပမှာဖြစ်တဲ့အတွက် ကွင်းအခက်အခဲတော့ နည်းနည်းရှိပါတယ်။ သုဝဏ္ဏကွင်းကတော့ အဆင်ပြေပေမယ့် အောင်ဆန်းကွင်းက ပြိုင်ကွင်းအနေနဲ့အဆင့်မီအောင်ပြင်ဆင်ဖို့ လိုပါဦးမယ်။ အထူးသဖြင့် မီးအခက်အခဲကြောင့် ညဘက်ယှဉ်ပြိုင်ကစားလို့ ရမှာမဟုတ်ပါဘူး။ အုပ်စုနောက်ဆုံးပွဲတွေဆိုရင် တစ်ချိန်တည်းကစားရမှာဖြစ်လို့ အဆင့်မီကွင်းကောင်းကောင်းနှစ်ကွင်းရှိဖို့ လိုအပ်ပါမယ်။ ပြင်ဆင်ဖို့လည်း လုပ်နေပါပြီ။ အထူးသဖြင့် အောင်ဆန်းကွင်းကို မြက်ခင်း၊ ထိုင်ခုံနဲ့ အဓိက မီးအပါအဝင် ပြင်ဆင်မွမ်းမံသွားဖို့ရှိပါတယ်။ ဒါမှ အုပ်စုနောက်ဆုံးပွဲတွေမှာ တစ်ပြိုင်တည်း ကျင်းပနိုင်မှာပါ။

ထို့အတူ ၂၀၁၄ ခုနှစ်အတွက် အာဆီယံဒေသတွင်း အကောင်းဆုံးလူငယ်ကစားသမားဆုရ အောင်သူကိုလည်း မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

**Golden Well**
Management Consultants CO.,LTD

**AN INVITATION TO DISCUSS YOUR CAREER**

**Customer Service Officer**

to be part of our expansion plan.

You must be:

- Female with age above 23 years old
- Graduates from local or overseas University
- Self-motivated and able to work independently
- Proficiency in English is necessary
- Desire to earn high consistent income

We offer:

- Good remuneration package (allowance plus high commission)
- 5 Day working week
- Conductive working environment
- Oversea training (Singapore, London, Jakarta)
- Great career advancement

If you qualify the above requirements, kindly send your recent resume, to our HRD email:
HRDeptm@goldenwellmc.com
Room 01-09, Union Business Center, Nat Mauk Road, Bo Cho Quarter, Bahan Township, Tel-01-8603470, 09-257599557
(All applicants will be treated with the strictest confidence)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

**ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**
**ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် ကုသရေးဦးစီးဌာန၊ ခုတင် (၂၀၀)ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော ဓာတ်မှန်နှင့်ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့် ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၉-၂၀၁၅ ရက်၊ ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပစ္စည်းစာရင်းများ အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့**
**ဖုန်း-၀၄၂-၇၀၄၉၂**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာစီမံကိန်းမှ A3-1019, Type "C" Garden View တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မဟန်သူသူမောင် ၁၂/မဂတ(နိုင်)၀၄၇၁၃၃က တရားဝင်စာချုပ်စာတမ်းများချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားသည်ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ဝယ်ယူခဲ့သည့် စာချုပ်စာတမ်းမူရင်းများသည် မဟန်သူသူမောင်၏ လက်ဝယ်မှ ပျောက်ဆုံးသွားသည်ဖြစ်ပါ၍ သက်ဆိုင်ရာသန်လျင်ကြယ်စင်အိမ်ရာစီမံကိန်းတွင် ပြန်လည်လျှောက်ထားရယူမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မဟန်သူသူမောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**(ဗေယျာ) ဦးစိန်လှိုင် B.A(Law), LL.B** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ခိုင်ယဉ်ဦး LL.B** — **အထက်တန်းရှေ့နေ**
**အမှတ် ၅၁ ပထမထပ်၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**
**ကြော်ငြာစာအမှတ် (၃/၂၀၁၅)**
**၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၆ရက်**
**၂၀၁၅ ခုနှစ် ဩဂုတ် ၂၁ ရက်**

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြော်ငြာစာအမှတ် (၂/၂၀၁၄)ဖြင့် လျှောက်လွှာခေါ်ယူခဲ့သော ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ လက်ထောက်ဆရာဝန်ရာထူး(၈၅)နေရာအတွက် လူတွေ့စစ်ဆေးခံယူသူများအနက် ရွေးချယ်ခံရသူ (၈၅)ဦး၏ခုံအမှတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စစ်ကိုင်း ၁၊ ၂၊ ၄၊ ၆၊ ၉၊ ၁၀၊ ၁၃၊ ၁၄၊ ၂၀၊ ၂၄၊ ၂၅၊ ၂၉၊ ၃၀၊ ၃၂၊ ၃၄၊ ၄၇၊ ၄၈၊ ၄၉၊ ၅၂၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၆၀၊ ၆၆၊ ၇၄၊ ၇၆၊ ၈၀၊ ၈၁၊ ၈၃၊ ၈၅၊ ၈၇၊ ၉၂၊ ၉၄၊ ၁၀၀၊ ၁၀၁၊ ၁၀၄၊ ၁၁၀၊ ၁၁၁၊ ၁၁၄၊ ၁၁၆၊ ၁၂၃၊ ၁၂၆၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၂၊ ၁၃၃၊ ၁၃၆၊ ၁၃၇၊ ၁၄၈၊ ၁၅၂၊ ၁၅၄၊ ၁၅၇၊ ၁၅၈၊ ၁၆၀၊ ၁၆၃၊ ၁၆၅၊ ၁၆၇၊ ၁၇၂၊ ၁၈၄၊ ၁၈၅၊ ၁၈၈၊ ၁၉၂၊ ၁၉၃၊ ၁၉၄၊ ၁၉၆၊ ၁၉၈၊ ၂၀၈၊ ၂၀၉၊ ၂၁၃၊ ၂၁၄၊ ၂၁၈၊ ၂၁၉၊ ၂၂၅၊ ၂၂၈၊ ၂၂၉၊ ၂၃၀၊ ၂၃၂၊ ၂၃၃၊ ၂၃၆၊ ၂၄၀၊ ၂၄၃၊ ၂၄၇။

၂။ ရွေးချယ်ခြင်းခံရသူများသည် ပြင်ပပုဂ္ဂိုလ်များဖြစ်ကြသဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ၁-၉-၂၀၁၅ ရက်မှ စတင်ဖွင့်လှစ်မည့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၄၈)သို့ တက်ရောက်ရမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ တက်ရောက်အောင်မြင်ပြီးမှသာ လက်ထောက်ဆရာဝန်ရာထူးတွင် ခန့်ထားခြင်းခံရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ၂၇-၈-၂၀၁၅ ရက် နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

# နယ်ကျွံလာသော တောဆင်ရိုင်းခြောက်ကောင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီး အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ ကျားနေအိုင့်ကျေးရွာအုပ်စုအနီးရောက်ရှိလာ

**ကျောက်ပန်းတောင်း ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်မှဖြတ်သန်းလာသော တောဆင်ရိုင်းခြောက်ကောင်သည် ဩဂုတ် ၂၂ ရက်က တောင်သာ-မလှိုင်-ကျောက်ပန်းတောင်းနယ်စပ် မလှိုင်မြို့နယ် လယ်ပြားကျေးရွာအနီးမှ ကျောက်ပန်းတောင်းမြို့နယ်သို့ ညနေ ၄ နာရီခန့်တွင် ဖြတ်ကျော်ဝင်ရောက်လာကြောင်းသိရပြီး ကမ္ဘားတဲ ကျေးရွာအနီးသို့ ရောက်ရှိလာကြောင်း သိရသည်။ ယင်းနောက် ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီခန့်တွင် သန်းကြီးကုန်းကျေးရွာအနီးမှ ဖြတ်သန်း၍ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ကျားနေအိုင့်ကျေးရွာအုပ်စု ရုံးကျင်းကျေးရွာအနီးရှိ မြင်တော်မူ ဘုရားကုန်းအရှေ့ဘက် လျှိုအတွင်း၌ နားခိုလျက်ရှိကြောင်း သိရသည်။

"ဆင်တွေက သန်းကြီးကုန်းဘက်ကနေ ဆင်းလာတာဗျ။ ဖုန်တလုံးလုံးနဲ့ လျှိုဘက်ကိုဆင်းလာတာ။ အဲဒီအရှေ့နားက လျှိုထဲမှာ ရေရှိတယ်ဗျ။ သူတို့ခြောက်ကောင်လုံး ရေဆင်းချိုးကြတာ။ တော်တော်နီးနီး အထိကပ်ကြည့်လို့ရတယ်။ ဒါပေမယ့် လူတွေက တဖြည်းဖြည်းများလာပြီး တချို့က ခဲနဲ့ပေါက်တာတွေ၊ အော်ကြဟစ်ကြတွေလုပ်တော့ အကြီးဆုံး ဆင်တစ်ကောင်ကလိုက်တယ်။ မီအောင်တော့လိုက်တာမတွေ့ဘူးဗျ။ ခြောက်လှန့်ရုံလောက်ပဲထင်တယ်။ ဒါပေမယ့် တကယ်စိတ်တိုလာရင်တော့အန္တရာယ်ပြုနိုင်တယ်။ တချို့လူတွေက ဖုန်းနဲ့ဓာတ်ပုံရိုက်ချင်တော့ အရဲကိုးပြီးအနီးအနားထိ ကပ်ရိုက်ကြတာလေ။ထိန်းသိမ်းမယ့်သူလည်းမရှိဘူး။ မနက်ကတော့ သီးကုန်းဘက်မှာ ဓာတ်ပုံရိုက်တဲ့ကလေးတစ်ယောက်ကို ဆင်တစ်ကောင်က နှာမောင်းနဲ့ရိုက်သွားတယ်လို့ ကြားတယ်" ဟု ကျားနေအိုင့်ကျေးရွာမှ ကိုမျိုးသန့်က ပြောပြသည်။



အဆိုပါတောဆင်ရိုင်းခြောက်ကောင်မှာ ပုပ္ပားတောင်မကြီး၏ မြောက်ဘက် ၁၂ မိုင်ခန့်အကွာ၊ ကျောက်ပန်းတောင်းမြို့၏ အရှေ့မြောက်ဘက် ၂၃ မိုင်ခန့်ကွာဝေးသော ကျားနေအိုင့်ကျေးရွာအုပ်စု ရုံးကျင်းကျေးရွာအနီးရှိ မြင်တော်မူဘုရားကုန်းကြီး၏ အရှေ့ဘက် လျှိုအတွင်း၌ ရောက်ရှိ ခိုနားနေခြင်းဖြစ်ပြီး၊ အဆိုပါတောဆင်ရိုင်းများရောက်ရှိနေသည့် နေရာသို့ ကျားနေအိုင့်၊ ရုံးကျင်း၊ သန်းကြီးကုန်း၊ ခါးပတ် အစရှိသည့်ကျေးရွာများမှ လူများ လာရောက်ကြည့်ရှုကြပြီး အချို့မှာ ဓာတ်ပုံရိုက်ခြင်း၊ အသံပေးခြောက်လှန့်ခြင်းနှင့် ခဲများဖြင့်ပစ်ပေါက်ခြင်းများကြောင့် ဆင်များမှာလည်း ဦးတည်ရာမဲ့ဖြစ်လျက်ရှိကြောင်းသိရသည်။

အဆိုပါတောဆင်ရိုင်းများ သန်းကြီးကုန်းကျေးရွာအနီးမှ ဖြတ်သန်းစဉ် သီးကုန်းကျေးရွာမှ သတ္တမတန်းကျောင်းသား မောင်နိုင်မျိုးဝင်းမှာ ယာခင်း တစ်ကွက်ကျော်မှ ဓာတ်ပုံရိုက်စဉ် ၎င်းနှင့်ပါလာသောခွေးက ဆင်အားသွားရောက်ဟောင်သဖြင့်ဆင်က ခွေးကိုလိုက်ရာ ခွေးရောကလေး ပါ ထွက်ပြေးသော်လည်း ကလေးမှာ နှာမောင်းဖြင့်အရိုက်ခံရကာ ခြေထောက်နှင့် လက်ကျိုးသွားကြောင်း သိရသည်။ ညနေပိုင်းတွင်လည်း ဆင်များ လျှိုအတွင်းရှိနေစဉ် မြင်သာတောင်ကျေးရွာသားတစ်ဦးက ဆင်နှင့်အနီးကပ်သွားရောက်၍ ဗီဒီယိုရိုက်ရန် ကြိုးစားသဖြင့် ဆင်က အန္တရာယ်ပြုခဲ့ရာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဆင်များမှာ ၎င်းတို့ဖြတ်သန်းသွားလာသောလမ်းတွင် မည်သည့်ယာခင်း၊ တဲကိုမျှ ဖျက်ဆီးနင်းချေခြင်းမရှိခဲ့ဘဲ လူများကိုလည်း မြင်ရုံဖြင့် အန္တရာယ်မပြုကြောင်း သိရသည်။ လူများက ၎င်းတို့သွားရာလမ်းတစ်လျှောက် အော်ဟစ်ခြောက်လှန့်ခြင်း၊ ခဲများဖြင့်ပစ်ပေါက်ခြင်းနှင့်အရဲကိုး၍ အနီးကပ် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရန် ကြိုးစားခြင်းတို့ကြောင့် ဆင်များက အန္တရာယ်ပြုလာကြောင်းသိရပြီး အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံများမှာ ကျေးရွာများအတွင်းဝင်ရောက်၍ ရန်ပြုလာမည်ကို ပူပန်ကြောင့်ကြလျက်ရှိနေကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

❀ *ကျောဖုံးမှ*

ခြောက်ပွဲမြောက်ပါ။ တစ်ချိန်ကျရင် သူ့ကို ကျွန်တော့်လို မြန်မာပြည်ချန်ပီယံဖြစ်အောင်အထိ မျှော်လင့်ထားပါတယ်"ဟု မြန်မာပြည်ရိုးရာလက်ဝှေ့လောက ချန်ပီယံဖြစ်ခဲ့သည့် ဝမ်ချိုင်းက သူ့သားအပေါ် ထားရှိသည့် နောင်အနာဂတ်မျှော်လင့်ချက်ကို ပြိုင်ပွဲအပြီးတွင် ရင်ဖွင့်ခဲ့သည်။

လွမ်ချိုင်းသည် အသက် ၁၇ နှစ်သာရှိသေးပြီး ကိုယ်အလေးချိန်မှာ ကီလို ၆၀ ဖြစ်သည်။ မကြာသေးမီကမှ ရိုးရာလက်ဝှေ့လောကထဲသို့ ဝင်ရောက်လာပြီး ခြောက်ပွဲထိုးသတ်ထားကာ သုံးပွဲနိုင်၊ သုံးပွဲသရေနှင့် ရှုံးပွဲမရှိ ယှဉ်ပြိုင်ထိုးသတ်ထားသူ ဖြစ်သည်။ ယနေ့ပွဲတွင် လွမ်ချိုင်းနှင့် စောမင်းအောင်(မုဒုံသား)တို့ လုံးတူ၊ ဒေါက်တူ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဖအေတူသားကဲ့သို့ ရိုးရာလက်ဝှေ့အမွေကို ဆက်ခံသည့်မျိုးဆက်သစ်ကောင်းတစ်ဦး ရိုးရာလက်ဝှေ့လောကသို့ ခြေချဝင်ရောက်လာသည်ကို ပရိသတ်များက ဝမ်းသာထောမနာပြုကြသည်။ နုနယ်သေးသော်လည်းသတ်လုံးသတ်ပုတ်ကောင်းပြီး ပညာစုံလင်လှသည်။ ဘယ်ဒူး၊ ညာဒူး၊ တံတောင်နှင့် ခေါင်းတိုက်ချက်များက ပြိုင်ဘက်ကို အကြိမ်ကြိမ် ပြိုလဲစေခဲ့သည်။ ယနေ့ပွဲတွင် ဒုတိယအချီမှာပင် စောမင်းအောင်(မုဒုံသား)ကို အလဲထိုးဖြင့် ပွဲသိမ်းအနိုင်ယူခဲ့သည်က တစ်ချိန်က မြန်မာ့ချန်ပီယံ ဝမ်ချိုင်းလက်သစ်ဆိုသည်ကို ဘယ်လိုမှ မငြင်းသာအောင် သက်သေပြနိုင်ခဲ့ခြင်း ဖြစ်သည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် မျိုးဆက်သစ်ရိုးရာလက်ဝှေ့တွဲဆိုင်းများ၏ ရလဒ်မှာ လေးချီစိန်ခေါ်ပွဲ နှစ်ပွဲတွင် တိမ်တိုက် (မုဒုံသား)က သိန်းစိုး (T & T)ကို ဒုတိယအချီ ၁ မိနစ် ၂၅ စက္ကန့်မှာပင် အလဲထိုးဖြင့်လည်းကောင်း၊ လွမ်ချိုင်း(ငြိမ်းချမ်းရေး)က စောမင်းအောင်(မုဒုံသား)ကို ဒုတိယအချီ ၂ မိနစ် ၅၂ စက္ကန့်မှာပင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ယူယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

အခြားမျိုးဆက်သစ် သုံးချီပွဲများမှာ အေးထွန်း(ဟံသာဝတီသား)က ဝီရ(ဇာတိမာန်)ကို အလဲထိုးဖြင့်လည်းကောင်း၊ မိုးမခ( မုဒုံသား) နှင့် လင်းလင်းအောင် (ဟံသာဝတီသား)တို့ တွဲဆိုင်းတွင် ပထမအချီမှာပင် အကြိမ်ကြိမ်ပြိုလဲနေသော လင်းလင်းအောင်ကို ခုံဒိုင်ချုပ်က ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ခွင့် မပေးတော့ဘဲ ဒိုင်ပွဲရပ်ဖြင့် မိုးမခကိုအနိုင်ပေးခဲ့သည်။ အခြားသုံးချီပွဲများ ဖြစ်သည့် သီဟအောင် (ရွှေသောင်ရင်း) နှင့်ကိုကိုအောင်(မုဒုံသား)၊ ဝင်းခိုင် (ဟံသာဝတီသား)နှင့် ရဲမင်းလတ် (ရွှေသောင်ရင်း)၊ ထွန်းလင်းအောင် (ဟံသာဝတီသား)နှင့် ဥဒေါင်းမင်း (ထွန်းထွန်းမင်း)တို့မှာ အနိုင်အရှုံးမပေါ် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။

ယနေ့လာရောက်ယှဉ်ပြိုင် ထိုးသတ်သည့် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကလပ်များကို ပွဲစီစဉ်သည့် မြန်မာမီဒီယာဂရု(ပ်)က တစ်နှစ်စာ ဆန်ဖိုးကုန်ကျငွေ ကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

အားကစား

## ချယ်လ်ဆီး နိုင်ပွဲစတင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ် (၃) ဝက်စ်ဘရွန်းနှင့် ချယ်လ်ဆီးတို့ပွဲကို ဩဂုတ် ၂၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ပရီမီယာလိဂ်နိုင်ပွဲစတင်ရရှိခဲ့သည်။

ပွဲစတင်သည်နှင့် ချယ်လ်ဆီးတို့ ဖိကစားခဲ့ပြီး ၁၄ မိနစ်တွင် ချယ်လ်ဆီး နောက်တန်းလူက ဝက်စ်ဘရွန်းကစားသမားကို ဂိုးစည်းအတွင်းအဖျက်ကြမ်း၍ ပယ်နယ်တီအပေးခံရသည်။ ထိုပယ်နယ်တီကို မောရစ်ဆင် ကန်သွင်းသော်လည်း ချယ်လ်ဆီးဂိုးသမား ကော့တွိုက် ကာကွယ်နိုင်ခဲ့သည်။ မိနစ် ၂၀ တွင် ချယ်လ်ဆီးသို့ မကြာမီကပြောင်းလာသည့် ပက်ဒရိုက ဂိုးသွင်းနိုင်ခဲ့သည်။ မိနစ် ၃၀ တွင် ကော်စတာက ဒုတိယဂိုးသွင်းယူပေးပြီး ၃၆ မိနစ်တွင် ဝက်စ်ဘရွန်းမှ မောရစ်ဆင်က ချေပဂိုးသွင်းယူပေးခဲ့သည်။

ချယ်လ်ဆီးအတွက် တတိယဂိုးကို ဆီဇာက ပွဲချိန် ၄၃ မိနစ်တွင် သွင်းယူပေးပြီး ပထမပိုင်းတွင် ချယ်လ်ဆီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် ပွဲကို ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၅၅ မိနစ်တွင် ချယ်လ်ဆီးအသင်းခေါင်းဆောင် တယ်ရီ နှစ်ဝါတစ်နီဖြင့် အထုတ်ခံရသဖြင့် ချယ်လ်ဆီးတို့ ကစားအား ကျခဲ့သည်။ ၅၉ မိနစ်တွင် ဝက်စ်ဘရွန်းမှ မောရစ်ဆင်က ဒုတိယချေပဂိုး သွင်းယူပေးသော်လည်း ပွဲအပြီးတွင် ချယ်လ်ဆီးတို့ သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။ ■ **သီဟ**

MILKY WAY Outdoor Advertising
MYAN TOUR Travel gives wings

**ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများကို လှူဒါန်းအားပေးမှု ကျေးဇူးတင်လွှာ**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ စွန်တနီးကျေးရွာအုပ်စု၊ စွန်တနီးကျေးရွာမှ ရေဘေးသင့်အိမ်ထောင်စု (၂၁၄)စု သို့ ရေဘေးသင့် ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်လှူဒါန်းပြီး ကျန်းမာရေး ဆေးဝါး ကုသစောင့်ရှောက်မှုပေးခြင်းနှင့် စိတ်ဓာတ်မြှင့်တင်ဖျော်ဖြေရေးအစီအစဉ်များ တင်ဆက်ရာတွင် 1st Milky Way Outdoor Advertising Co., Ltd. နှင့် Myan Tour Co., Ltd. မိသားစုများနှင့်အတူ ပါဝင်လှူဒါန်းခဲ့ကြသော Alpine မိသားစု၊ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် နန်းဆုရတီစိုးနှင့် စေတနာရှင်အလှူရှင်များ၊ Better Burmese Health Care (BBHC) မှ ဆရာဝန် ဆရာဝန်မများ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ နိုင်ငံကျော်တေးသံရှင်များ၊ နိုင်ငံကျော်မျက်လှည့်ပညာရှင် ကိုသူရိန်နှင့် အဖွဲ့တို့အားလည်းကောင်း၊ စေတနာထက်သန်စွာဖြင့် လိုအပ်သောကူညီမှုများပေးခဲ့ပါသော တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဇနီး၊ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ညောင်တုန်းမြို့နယ် ကယ်ဆယ်ထောက်ပံ့ပြန်လည်ထူထောင်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စွန်တနီးကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီးများ၊ ကျေးရွာအုပ်စု ကျန်းမာရေးမှူး၊ သူနာပြုဆရာမများနှင့် ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ် အဖွဲ့အစည်းများအား အထူးလိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**ဦးမျိုးသော်**
**Group of Chairman**
**1st Milky Way Outdoor Advertising Co., Ltd.**
**&**
**Myan Tour Co., Ltd.**

**မြောက်ဥက္ကလာ သီရိရတနာ ဆောက်လုပ်ရေးပစ္စည်းရောင်းဝန်း**
နှစ်ထပ်ဆိုင်ခန်း လေးခန်းငှားရန်ရှိသည်။ တစ်ခန်းချင်းအကျယ်အဝန်း-အလျား ၁၄ပေ × အနံ၄၅ပေ
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၃၄၈၈**

**ဖခင်အမည်မှန်**
ရေဦးမြို့နယ်၊ ရွာမိဿကျေးရွာနေ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး မနှင်းပွင့်နဒီအောင် ၏ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်ဆန်း ၅/ရဥန(နိုင်)၀၆၆၅၁၂ ဖြစ်ပါကြောင်း။ **ဦးဝင်းမြင့်ဆန်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရေဦးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(M)မှ မအေးမြတ်မွန်၏မိခင်၊ ဒီပဲယင်းမြို့နယ်၊ နဂါးတွင်းရွာနေ ဒေါ်ငြိမ်းငြိမ်းမာ ၅/ဒပယ(နိုင်)၀၂၄၄၀၇နှင့်ဒေါ်စမ်းနွဲ့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်ငြိမ်းငြိမ်းမာ(ခ)ဒေါ်စမ်းနွဲ့**

**မြေကွက်ရောင်းမည်**
ဒဂုံမြို့သစ်၊ ပေ၄၀×ပေ၆၀
(ပိုင်ဆိုင်မှုအလွှဲကောင်း)
၆၉သိန်း **(ပွဲစားလုံးဝမလိုပါ)**
**ဖုန်း-၀၉-၂၅၀၁၄၇၆၂၄**

စာမျက်နှာ ၁၂ မှ

**မေး- ဒီနေ့ရတဲ့ အာဆီယံဒေသတွင်း အကောင်းဆုံး လူငယ်ကစားသမားဆု ရရှိတာနဲ့ပတ်သက်ပြီး ညီလေးရဲ့ ခံစားမှုလေးကို မျှဝေပါဦး။**

အောင်သူ- ကျွန်တော် အလွန်ပဲပျော်ပါတယ်။ ဒီဆုရတာ ကျွန်တော်တစ်ဦးတည်း၊ တစ်ယောက်တည်း ကောင်းလို့ မဟုတ်ပါဘူး။ ကျွန်တော့်ကို ဒီဆုရအောင် ဝိုင်းဝန်းကူညီ သင်ပြပေးတဲ့ ဆရာသမားတွေရဲ့ ကောင်းမှုကြောင့်ပါ။ ကျွန်တော်လည်း ကြိုးစားရကျိုးလည်း နပ်ပါတယ်။ ဒီဆုရတဲ့အတွက် ကျွန်တော့်ရဲ့စိတ်တွေ ပိုပြီးတော့ ကြိုးစားချင်စိတ်ဖြစ်ပေါ်ပါတယ်။ ဒီဆုကို ရွေးချယ်ချီးမြှင့်ပေးတဲ့ အာဆီယံဘောလုံးအဖွဲ့ချုပ်ကိုလည်း ကျေးဇူးတင်ပါတယ်။

**မေး- ဒီဆုရရှိအောင် ကြိုးစားဖြစ်ခဲ့ပုံလေးကိုလည်း ပြောပြပေးပါဦး။**

အောင်သူ- ကျွန်တော် ဒီလိုမျိုးဆုရအောင်ရယ်လို့ ကြိုးစားခဲ့တာတော့ မဟုတ်ပါဘူး။ ကျွန်တော်ဝါသနာပါတဲ့ ဒီဘောလုံးကန်ရတဲ့အလုပ်ကို လုပ်နေရရင် ကျွန်တော်အရာအားလုံးမေ့ပါတယ်။ ကျွန်တော်ဟာ ငယ်ငယ် လေးတန်းလောက်ကတည်းက ဒီဘောလုံးနဲ့ ကစားနေရရင် ပျော်ပြီး ကျေနပ်နေတာပါ။ ပြီးတော့ အခုလိုဖြစ်လာလိမ့်မယ်လို့လည်း ကျွန်တော် စိတ်ကူး တောင်မယဉ်မိခဲ့ပါဘူး။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ဘောလုံးနဲ့ပတ်သက်ပြီးတော့ အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားလုပ်ဆောင်သွားမယ်လို့တော့ ဆုံးဖြတ်ထားပါတယ်။

**မေး- နိုင်ငံ့လက်ရွေးစင်အသင်းကြီးမှာ ရွေးချယ် ခံရမှု အပေါ်ရော ဘယ်လိုခံစားမိပါသလဲ။ ရွေးချယ်ခံရမှုအပေါ် ရော ဘယ်လိုတုံ့ပြန်သွားဖို့ စိတ်ကူးထားပါသလဲ။**

အောင်သူ- လက်ရွေးစင်အသင်းကြီးမှာ ရွေးချယ်ခံရ လို့ အလွန်ပဲပျော်ပါတယ်။ ကျွန်တော်ရဲ့ ငယ်ငယ်ကတည်းက မက်ခဲ့တဲ့ စိတ်ကူးအိပ်မက်ပါ။ ပြီးတော့ ဒီလက်ရွေးစင် အသင်းကြီးမှာ အရွေးချယ်ခံရတဲ့ ကစားဖော်တွေကလည်း ကျွန်တော်တို့နဲ့ တွဲဖက်ကစားနေရတဲ့ ယူ-၂၀၊ ယူ-၂၃ က ကစားသမားတွေ ပြန်ပါလာတာ များပါတယ်။ အသင်းဟောင်းကြီးက ကစားသမားတွေက နည်းနည်းပဲ ပြန်ပါလာတာဆိုတော့ တွဲဖက်ကစားရတာ အစိမ်းကြီး တော့ ဖြစ်မနေပါဘူး။ ဒီနေ့ရတဲ့ဆုအတွက်ရော၊ လက်ရွေးစင်အသင်းကြီးမှာ ရွေးချယ်ခံရတာရောနဲ့ ပတ်သက်ပြီး မြန်မာဘောလုံးချစ် ပြည်သူတွေကို ကျွန်တော်ပြောချင်တာကတော့ ကျွန်တော် ဒီထက် အများကြီး ကြိုးစားသွားပါ့မယ်။ ပြိုင်ပွဲတွေမှာ အောင်မြင်မှု ရွှေဖလားတွေရအောင် ကျွန်တော်လက်ရွေးစင် အသင်းကြီးနဲ့အတူ အစွမ်းကုန်ကြိုးစားသွားပါ့မယ်လို့ ကတိစကားဆိုခဲ့ပါရစေ။

(မြန်မာ့အလင်း)

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၃**

ရွှေလီစစ်ဆင်ရေး(၂) စီမံချက်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက်က လားရှိုးမြို့ မြို့ရှောင်လမ်း အေးရှားဝေါလ် တိုးဂိတ်အနီးတွင် (တာမိုးညဲ-မန္တလေး) "နမ့်ခမ်းမန်း" ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် ချိန်ကြာရင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြားကိုလည်းကောင်း၊ ဩဂုတ် ၁၇ ရက်က ဖယ်ခုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ်၊ ကုန်းဆုံကျေးရွာနေ အာကာ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၄ ပြားကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၂၀ ရက်က တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူးရုံး (မှုခင်းအကူဌာန)မှ တပ်ဖွဲ့ဝင်များသည် တောင်လေးလုံး ကျေးရွာဘက်မှ ရွှေညောင်ဘက်သို့ ပိုခိုင်မောင်းနှင်ပြီး စိုးပေ(ခ) တင်မောင်မြင့် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၅ ပြား၊ ဩဂုတ် ၁၇ ရက်က ဖယ်ခုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ်၊ ကုန်းဆုံကျေးရွာနေ အာကာ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၄ ပြားကိုလည်းကောင်း၊ ဩဂုတ် ၁၈ ရက်က လဲချားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လဲချားမြို့၊ ရပ်ကွက်(၁)နေ စိုင်းရွက်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၇ ပြား၊ ဘိန်းစိမ်း ၀ ဒသမ ၀၅၇ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဩဂုတ် ၂၂ ရက် ည ၇ နာရီခွဲခန့်တွင် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုမှာ ဘီအမ် ၄/----- ယာဉ်သည် ရှေ့ယာဉ်ကို ကျော်တက်စဉ် လမ်းဖြတ်ကူးသူ မောင်အောင်ကိုကို (၁၈ နှစ်) ကို ဒဂုံတောင်ပန်းခြံရှေ့တွင် တိုက်မိခဲ့ခြင်းဖြစ်ပြီး ၎င်းယာဉ်အား ယောက်ကော်မှတ်တိုင်အလွန်တွင် ရပ်တန့်ထားရစ်ကာ ယာဉ်မောင်းသူနှင့် ယာဉ်နောက်လိုက်တို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ယာဉ်တိုက်ခံရသူ မောင်အောင်ကိုကိုအား အနီးအနားရှိ ပြည်သူများက စံပြဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အတွင်းလူနာအဖြစ် တင်ပို့ကုသခံယူလျက်ရှိသည်။ အဆိုပါယာဉ်တိုက်မှုကို နယ်မြေယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ကျောက်မဲမြို့၌ တောင်ကျချောင်းရေကြောင့် ရေကြီးရေလျှံ

**နေပြည်တော် ဩဂုတ် ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် ဩဂုတ် ၂၃ ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး ည ၈ နာရီခန့်က တောင်ကျချောင်းရေများ စီးဆင်းခဲ့ရာ မြို့အတွင်းဖြတ်သန်းစီးဆင်းနေသော နမ့်စောင်းငေါင်းချောင်းရေမြင့်တက်လာပြီး ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် အမှတ် (၅)နှင့် (၆)ရပ်ကွက်များရှိ လူနေအိမ်များ၊ တံတားများ ရေဝင်နစ်မြုပ်မှုနှင့်အတူ အမက(၁)ဝင်း အတွင်း ရေများစီးဝင်ခဲ့သည်။

အဆိုပါတောင်ကျရေမှာ ည ၁၁ နာရီခန့်မှစတင်၍ ကျဆင်းသွားခဲ့ကြောင်း၊ ရေကြီးနစ်မြုပ်ခဲ့သော နေရာများတွင် တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးအဖွဲ့များက စောင့်ကြပ်ကြည့်ရှုပြီး လိုအပ်သော ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

# မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) သံတွဲ၌ဖွင့်

**သံတွဲ ဩဂုတ် ၂၃**

သံတွဲခရိုင် သံတွဲမြို့နယ်တွင် ပြည်သူတို့၏ လိုအပ်ချက်များကို အချိန်ကြန့်ကြာမှုမရှိစေရန် လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နေရာတည်း One Stop Shops ဆောင်ရွက်နိုင်ရန် ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ သံတွဲမြို့နယ်တွင် ဩဂုတ်ဒုတိယပတ်က မြို့နယ်ထွေအုပ်ရုံး၌ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးမျိုးဦးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များနှင့် တာဝန်ထမ်းဆောင်ရမည့် ဌာနများ၏ လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(ခရိုင် ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အစိုးရသို့ တောင်းပန်ခြင်း

၁၈-၈-၂၀၁၅ရက်နေ့ထုတ် စောင့်ကြည့်သတင်းဂျာနယ် အတွဲ(၁၀)၊ အမှတ်(၁၅)တွင် 'နိုင်ငံတကာ အကူအညီများအား အစိုးရတံဆိပ်ကပ်၍ လှူဒါန်းမှုအပေါ် ဝေဖန်မှုများမြင့်တက်' ခေါင်းစဉ်ဖြင့် သတင်းနှင့် ၂၅-၈-၂၀၁၅ရက်နေ့ထုတ် စောင့်ကြည့်သတင်းဂျာနယ် အတွဲ(၁၀)၊ အမှတ်(၁၆)တွင်လည်း 'အရေးပေါ် ရေဘေးကယ်ဆယ်ရေးလော၊ မဲဆွယ်စည်းရုံးရေးလော' ဟူသည့် ဆောင်းပါးတစ်ပုဒ်ကို ပုံနှိပ်ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းနှင့် ဆောင်းပါးပါအချက်အလက်များသည် မှားယွင်းနေပြီး ရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့နေသည့် အများပြည်သူနှင့် နိုင်ငံတကာအစိုးရ အဖွဲ့အစည်းများ၊ ပြည်တွင်းစေတနာရှင် အလှူရှင်များအနေဖြင့် နိုင်ငံတော်သမ္မတနှင့်နိုင်ငံတော်အစိုးရအပေါ် အထင်အမြင်လွဲမှားစေခဲ့သောကြောင့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အစိုးရကို စောင့်ကြည့်သတင်းဂျာနယ် News Watch Weekly မှ တောင်းပန်အပ်ပါသည်။

**စောင့်ကြည့်သတင်းဂျာနယ်**
News Watch Weekly

# ကျွန်တော့်ရဲ့ စေတနာ့ဝန်ထမ်း



**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

ကျွန်တော်တို့နိုင်ငံမှာ ရေကြီးရေလျှံတဲ့သဘာဝဘေးအန္တရာယ်တစ်ရပ်ကို ခံစားနေရတဲ့အချိန်ဖြစ်တယ်။ မိုးရွာသွန်းမှုဟာ ပုံမှန်ထက်များပြီး တစ်ဖက်ကလည်း လေမုန်တိုင်း ကိုမန်ကြောင့် အခြေအနေတွေဟာ ပိုဆိုးခဲ့တယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၄ ခုအနက် ၁၁ ခုမှာအကြီးအကျယ်ရင်ဆိုင်ခဲ့ရတယ်။ တချို့ဒေသတွေမှာ ဆုံးရှုံးမှုပမာဏဟာ အလွန်များတယ်။ လူအသေအပျောက်မများလှပေမယ့် လယ်ယာမြေ၊ ကျောင်း၊ ဆေးရုံ၊ လူနေအိမ်ခြေ၊ လမ်း၊ တံတားများ ပျက်စီးဆုံးရှုံးမှုတွေကတော့များလှပါတယ်။

အခုလို သဘာဝဘေးနဲ့ ရင်ဆိုင်ရတဲ့အခါ လူတိုင်းရဲ့အာရုံဟာ တုံ့ပြန်မှုကိုအခြေပြုပါတယ်။ နိုင်ငံတော် သမ္မတကြီးအမှူးပြုတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ လွှတ်တော်က အမတ်တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊ တပ်မတော်ကအရာရှိကြီးတွေဟာ လိုအပ်တဲ့အကူအညီတွေကို ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်နေကြပါတယ်။ နိုင်ငံတကာကလည်း လိုအပ်တဲ့အကူအညီတွေကို ပေးနေတာတွေ့ရတယ်။ ဒီမြင်ကွင်းတွေကြည့်ပြီး ၂၀၀၈ နာဂစ်မုန်တိုင်းတုန်းက တွေ့ကြုံခဲ့ရတဲ့ အခြေအနေတွေနဲ့ နှိုင်းယှဉ်မိတယ်။ ယုံနိုင်စရာမရှိအောင် ပြောင်းလဲသွားတဲ့ အခင်းအကျင်းကိုလည်း သတိပြုမိပါတယ်။ အခုလို ကြီးမားလှတဲ့ သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ရာမှာ ဘာကြောင့် အခုလို ဖြစ်ရသလဲ၊ အကြောင်းတရားတွေက ဘာတွေလဲ ဘယ်သူတွေမှာတာဝန်ရှိသလဲဆိုပြီး ပြောကြ၊ ရေးကြ၊ ဝေဖန်ကြတာရှိတယ်။ ဒါကတော့ ထုံးစံပါ။ သဘာဝဘေးအန္တရာယ်တစ်ခုဟာ သဘာဝကြောင့်ဖြစ်ပေမယ့် လူသားတွေရဲ့ အနေအထိုင်အပြုအမူကြောင့်လည်း ပိုမိုဆိုးရွားနိုင်တာကိုတော့ လက်ခံရမှာပါ။ တောပြုန်းတာကြောင့် အန္တရာယ်ပိုကြီးလာတယ်ဆိုတာလက်ခံရမှာပါ။ နာဂစ်တုန်းက ကျွန်တော်မှတ်မိတဲ့ အကြောင်းအချက်တစ်ခု၊ ရွာနှစ်ရွာ တစ်ဖက်ရွာမှာ အဆုံးအရှုံး အသေအပျောက်များပြီး အနီးမှာရှိတဲ့ရွာမှာတော့ ဘာမှသိသိသာသာ ထိခိုက်မှုမရှိခဲ့ဘူး။ ဒီလိုဖြစ်ရတဲ့အကြောင်းကို ဆန်းစစ်တော့ တစ်ရွာမှာ ဒီရေတောတွေက ရှင်သန်နေတာမို့ အန္တရာယ်ကိုရင်ဆိုင်နိုင်ခဲ့ပြီး နောက်တစ်ရွာမှာတော့ ဒီရေတောတွေကို ခုတ်ထားတာမို့ အကာအကွယ်မရှိဘဲ အန္တရာယ်ပိုကြီးမားခဲ့ပါတယ်။ မကြာသေးမီကာလက နီပေါမြို့တော် ခတ္တမန္ဒူမှာ မြေငလျင်အကြီးအကျယ်လှုပ်ရာမှာ ဖြစ်သလို ဆောက်လုပ်ထားတဲ့ အဆောက်အအုံအားလုံးပြိုပျက်ခဲ့ရပြီး အခိုင်အမာ တည်ဆောက်ထားတဲ့ အဆောက်အအုံတွေကျတော့ အန္တရာယ်ကို ရင်ဆိုင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့အခါ လူသားတွေဖန်တီးတဲ့ အန္တရာယ်နဲ့ပိုမဆိုးအောင် သတိပြုဖို့လိုပါတယ်။

ကျွန်တော့်အယူအဆတစ်ခုရှိပါတယ်။ ကောင်းတဲ့ကိစ္စပဲဖြစ်ဖြစ်၊ ဆိုးတဲ့ကိစ္စပဲဖြစ်ဖြစ် ရင်ဆိုင်ဖြေရှင်းပြီးရင် သင်ခန်းစာအမြဲရပါတယ်။ နာဂစ်မုန်တိုင်းက ရလာတဲ့သင်ခန်းစာတွေက အများကြီးပါ။ ဒီသင်ခန်းစာတွေကို ဘယ်လောက်ယူနိုင်မလဲဆိုတာဟာ စိန်ခေါ်မှုတစ်ရပ်ပါ။

အခုလို ရေကြီးရေလျှံဖြစ်တဲ့အခါ အထူးခြားဆုံးဖြစ်ရပ်ကို ရန်ကုန်မြို့နဲ့ မန္တလေးမြို့တွေမှာ ကျွန်တော်မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပါတယ်။ ကျွန်တော့်နည်းတူ စာဖတ်ပရိသတ်တွေလည်း မြင်ရတွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ လမ်းဆုံလမ်းမတွေမှာ ရေဘေးအတွက် အလှူခံနေကြတဲ့ လူငယ်တွေဖြစ်ပါတယ်။ ရန်ကုန်မြို့တစ်မြို့လုံးလိုလိုမှာ တွေ့ရပါတယ်။ တူညီဝတ်စုံဝတ် ကြော်ငြာဆိုင်းဘုတ်တွေနဲ့ ပုံစံအမျိုးမျိုး အလှူခံနေကြတာ၊ ကျွန်တော်တစ်နေ့က မန္တလေးကအပြန် အမြန်လမ်းဂိတ်မှာ ကားတွေတန်းစီရပ်ထားတာတွေ့လိုက်ရတယ်။ ကားတွေကလည်း အကောင်းစားတွေ။ ကျွန်တော့်ကို လိုက်ပို့ပေးတဲ့သူတွေကို ဒီကားတွေက ဘာတွေလဲမေးတော့ ရေဘေးအတွက် အလှူခံတဲ့သူတွေရဲ့ ကားတွေတဲ့။ တစ်ဖက်က အခုလို လူငယ်တွေ အလှူခံနေကြသလို တစ်ဖက်မှာလည်း ကယ်ဆယ်ရေးလုပ်ငန်းတွေ တက်တက်ကြွကြွပါဝင်နေကြတာကိုလည်း မြင်ရပြန်တယ်။ အလှူပစ္စည်းတွေကို ရေဘေးသင့်လူတွေဆီ အရောက်ပို့ပြီး အားပေးနေတာကို တွေ့မြင်ရပါတယ်။

အခုလိုဆောင်ရွက်တာတွေဟာ ကျွန်တော်မကြာမကြာ ပြောနေတဲ့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အင်အားကောင်းလှတဲ့ လူမှုရေးအရင်းအနှီးဖြစ်ပါတယ်။ ဒီအရင်းအနှီးဟာ ဘာနဲ့မှအစားထိုးလို့မရပါဘူး။ နိုင်ငံဆင်းရဲတာ၊ ချမ်းသာတာနဲ့မဆိုင်ဘဲ တစ်ဦးနဲ့တစ်ဦးစည်းလုံးမှု၊ ကူညီဆောင်ရွက်လိုမှု၊ ကရုဏာစိတ်ပွားများမှု ဒါတွေကြောင့် ကိုယ့်နိုင်ငံမှာ လူမှုရေးအရင်းအနှီးဟာ မြင့်မားတောင့်တင်းခိုင်မာတယ်လို့ သုံးသပ်နိုင်ပါတယ်။

တစ်နေ့ကပဲ ကျွန်တော့်ကို Myanmar Egress က ဆက်သွယ်လာပါတယ်။ သူတို့အဖွဲ့အစည်းအနေနဲ့ ရေဘေးသင့် ပြည်သူလူထုအတွက် အကူအညီပေးဖို့ စေတနာ့ဝန်ထမ်းလူငယ်တွေ စုစည်းထားတာ။ သူတို့ကို ကျွန်တော့်အနေနဲ့ သင်တန်းပေးဖို့ အကူအညီတောင်းခဲ့ပါတယ်။ ၂၀၀၈ နာဂစ်အလွန်မှာလည်း ကျွန်တော့်အနေနဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းတွေကို လူကယ်ပြန်လို့ အတိုကောက်ခေါ်တဲ့ ဝန်ကြီးဌာနမှာ

> **နိုင်ငံဆင်းရဲတာ၊ ချမ်းသာတာနဲ့မဆိုင်ဘဲ တစ်ဦးနဲ့တစ်ဦး စည်းလုံးမှု၊ ကူညီဆောင်ရွက်လိုမှု၊ ကရုဏာစိတ်ပွားများမှု ဒါတွေကြောင့် ကိုယ့်နိုင်ငံမှာ လူမှုရေးအရင်းအနှီးဟာ မြင့်မားတောင့်တင်း ခိုင်မာတယ်လို့ သုံးသပ်နိုင်ပါတယ်။**

သင်တန်းတွေ ပို့ချပေးခဲ့ပါတယ်။ သင်တန်းကျင်းပတဲ့နေရာက မြောက်ဥက္ကလာပမြို့အဝင် မီးသတ်ဦးစီးဌာနရုံးချုပ်အဆောက်အအုံမှာ နိုင်ငံ့ဝန်ထမ်းတွေအတွက်ရောအရပ်ဘက်လူ့အဖွဲ့အစည်းတွေအတွက်ပါ Disaster Management သင်တန်းတွေကို ပို့ချပေးခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ဧရာဝတီတိုင်းဒေသကြီး နာဂစ်မုန်တိုင်းသင့်ဒေသတွေမှာ စေတနာ့ဝန်ထမ်းတွေအဖြစ်သွားရောက်ကြမယ့် Myanmar Egress က အဖွဲ့ဝင်တွေကို သင်တန်းတွေပေးခဲ့ပါတယ်။ ကျွန်တော် နိုင်ငံခြားမှာရှိကတည်းက ဆက်သွယ်မှုရခဲ့တာ။ မြန်မာပြည်တစ်ခေါက်ရောက်တုန်း တူတော်မောင် ဒေါက်တာထွန်းသူရသက် မိတ်ဆက်ပေးတာကြောင့် ဒေါက်တာနေဝင်းမောင်နဲ့ စပြီးသိခဲ့တာ၊ သူက အကူအညီတောင်းတာနဲ့ Myanmar Egress မှာ သင်တန်းအသစ်တွေဖော်ထုတ်ခဲ့တယ်။ မြန်မာပြည်ပြန်ရောက်တော့လည်း Myanmar Egress မှာ သင်တန်းတွေပေးဖြစ်တယ်။ စီမံချက်၊ စီမံခန့်ခွဲမှု၊ စွန့်ထွင် ဦးစီးမှုသင်တန်းတွေပေးခဲ့တယ်။ ကျွန်တော်က လူငယ်တွေရဲ့ စွမ်းဆောင်ရည်မြင့်မားရေးကိုလုပ်ပေးချင်လို့ ဆောင်ရွက်ခဲ့တာဖြစ်တယ်။ ၂၀၁၀ ရွေးကောက်ပွဲ နီးလာချိန်မှာတော့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ သင်တန်းတွေကြောင့် ကျွန်တော့်ရဲ့လုပ်ငန်းနဲ့တိုက်ရိုက်ပတ်သက်မှုမရှိတာကြောင့် အရောက်နည်းခဲ့တယ်။

အခုလို သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေစဉ်တာဝန်ယူမယ့် စေတနာ့ဝန်ထမ်းတွေကို သင်တန်းပေးရတာကို ကျေးဇူးတင်မိပါတယ်။ စေတနာ့ဝန်ထမ်းတွေကို လုပ်ခလစာတွေ မပေးကြပါဘူး။ အခုလို မချီးမြှင့်တာဟာ သူတို့တန်ဖိုးမရှိလို့ မဟုတ်ဘဲ တန်ဖိုးမဖြတ်နိုင်လို့ဖြစ်တာကို သတိပြုသင့်ပါတယ်။ စေတနာ့ဝန်ထမ်းများဟာ များသောအားဖြင့် လူငယ်လူရွယ်တွေဖြစ်ကြတယ်။ စေတနာအပြည့်ရှိတယ်။ ရဲရင့်တယ်၊ တန်ဖိုးရှိတယ်။ သင်တန်းမှာ ကျွန်တော်က သူတို့ကိုသတိပေးခဲ့ပါတယ်။ ဆရာဝန်တစ်ဦးကျမ်းကျိန်တဲ့အခါ ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်ကာ အခြေအနေမဆိုးစေရဘူးလို့ ကတိပေးရပါတယ်။ ဒီလိုပဲ စေတနာ့ဝန်ထမ်းတွေဟာ စေတနာတွေနဲ့ ကူညီမှုတွေလုပ်တဲ့အခါ ကိုယ်ကြောင့် အခြေအနေတွေဆိုးမလာအောင် သတိပြုရမှာဖြစ်ပါတယ်။ အခုလို ကယ်ဆယ်ရေးလုပ်ငန်းလုပ်တဲ့ လူငယ်တွေဟာ ကျန်းမာဖို့အထူးအရေးကြီးလှပါတယ်။ ကျန်းမာရေးလို့ပြောတဲ့နေရာမှာ ကိုယ်ကာယကျန်းမာရုံ မဟုတ်ဘဲ စိတ်ကျန်းမာဖို့လည်း လိုအပ်ပါတယ်။ ခံစားချက်တွေကိုလည်း ထိန်းချုပ်နိုင်တဲ့သူဖြစ်ဖို့ လိုအပ်ပါတယ်။ ကိုယ်သွားမယ့်နေရာဒေသရဲ့ ပကတိအခြေအနေတွေ၊ စရိုက်ထုံးစံ ယဉ်ကျေးမှုတွေကို နားလည်အသိအမှတ်ပြုရမှာဖြစ်ပါတယ်။

အမှန်တော့ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းရာမှာ အဆင့်ငါးဆင့်ရှိပါတယ်။ ဒီအဆင့် ငါးဆင့်စလုံးမှာ စေတနာ့ဝန်ထမ်းတွေလိုပါတယ်။ ကျွန်တော့်စိတ်ထဲမှာ အာရုံပြုမှုဟာ အဆင့်တစ်ဆင့် တစ်ခုတည်းအပေါ် ဖြစ်နေတာတွေ့ရပါတယ်။ ပထမအဆင့်က ကာကွယ်ရေးလုပ်ငန်းတွေဖြစ်တယ်။ ပေါ်လာမှ ဖြေရှင်းတာမျိုးမဟုတ်ဘဲ မဖြစ်အောင် ကာကွယ်သွားရမှာဖြစ်တယ်။ နေမကောင်းဖြစ်မှ ဆေးရုံတက်ရောက်တာမဟုတ်ဘဲ ကျန်းမာအောင် ကျန်းမာရေးဂရုစိုက်တာဖြစ်ပါတယ်။ ဒုတိယအဆင့်ကတော့ ဖြစ်နိုင်မယ့် အန္တရာယ်တွေကို လျော့ပါးအောင် ကြိုးစားဆောင်ရွက်တာဖြစ်တယ်။ ဥပမာ သစ်ပင်သစ်တောတွေ ပြန်လည်စိုက်ပျိုးတာမျိုးဖြစ်ပါတယ်။ တတိယအဆင့်ကတော့ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားဖို့ ဖြစ်တယ်။ အခုလို ပထမအဆင့်သုံးဆင့်ကို စနစ်တကျ လုပ်နေကြတဲ့ စေတနာ့ဝန်ထမ်းတွေ နည်းပါးပါတယ်။ ဒီကွက်လပ်ကြီးကို စေတနာ့ဝန်ထမ်းလူငယ်တွေအနေနဲ့ အာရုံစိုက်စေချင်ပါတယ်။

အခုလို ပထမအဆင့် သုံးဆင့်ကိုလုပ်ကိုင်ဆောင်ရွက်ပေးမယ့် သဘာဝဘေးအန္တရာယ်ကို တားဆီးနိုင်စွမ်းအပြည့်အဝရှိမှာ မဟုတ်ပါဘူး။ ကြိုတင်ပြင်ဆင်မှုတွေလုပ်ထားခဲ့ရင် စတုတ္ထအဆင့် ဘေးအန္တရာယ်ကို တုံ့ပြန်ရာမှာ အနည်းငယ်သက်သာနိုင်မှာဖြစ်ပါတယ်။ အခုတော့ လူတိုင်းလိုလို ဒီတုံ့ပြန်မှုအဆင့်ကိုသာ အာရုံစိုက်လျက်ရှိပါတယ်။ စေတနာ့ဝန်ထမ်းတွေဟာလည်း တက်တက်ကြွကြွလှုပ်ရှားနေကြတယ်။ လိုအပ်ချက်တွေကလည်း များလှတာမို့ သူတို့ရဲ့အင်အားဟာလည်း အလွန်တန်ဖိုးကြီးလှပါတယ်။

တုံ့ပြန်တဲ့နေရာမှာ အရေးပေါ်တုံ့ပြန်မှုဟာ အလွန်အရေးကြီးလှပါတယ်။ အစားအသောက်၊ အဝတ်အစား၊ ဆေးဝါး၊ အိမ်သုံးပစ္စည်းတွေဟာ မရှိမဖြစ်လိုအပ်လှပါတယ်။ ဒီလိုပဲ ပျက်စီးသွားတဲ့ လမ်း၊တံတား၊ အဆောက်အအုံတွေကိုလည်း ပြင်ဆင်ပြုပြင်ဖို့ အရေးကြီးလှပါတယ်။ တစ်ဖက်က အခုလို ရုပ်ဝတ္ထုတွေနဲ့ ဖြေရှင်းပေးဖို့လိုအပ်သလို သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရသူတွေမှာ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတာကိုလည်း မမေ့သင့်ပါဘူး။ စိုးရိမ်သောကတွေ၊ အကြောက်တရားတွေ၊ အားငယ်စိတ်တွေကို သတိထားကြရမှာဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုတွေကို အသိအမှတ်ပြုပြီး အားပေးဖို့ လိုအပ်လှပါတယ်။ စေတနာ့ဝန်ထမ်းလုပ်တဲ့နေရာမှာ စနစ်တကျ သင်တန်းပေးမှုတွေဟာ အရေးကြီးလှပါတယ်။ ရှေးဦးသူနာပြုမှုကို သိတတ်ရမှာဖြစ်ပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်သူတွေဆီ သွားရောက်ရာမှာ ရေလမ်းခရီးတွေဖြစ်ကြတာမို့ ရေကူးတတ်ဖို့ အလွန်အရေးကြီးလှပါတယ်။ အခုလို ကယ်ဆယ်ရေးတုံ့ပြန်မှုလုပ်ငန်းတွေဆောင်ရွက်ရာမှာ စနစ်တကျ လိုက်နာဆောင်ရွက်ရမယ့် အစီအစဉ်တွေရှိပါတယ်။ ဒီအစီအစဉ်တွေကို သိဖို့ လိုအပ်သလို စနစ်တကျသင်တန်းတွေတက်ဖို့ လိုအပ်ပါတယ်။

နာဂစ်ကာလကရတဲ့ အတွေ့အကြုံအများကြီးအနက် တုံ့ပြန်တဲ့အဆင့်မှာ “ထပ်တဲ့၊ လပ်တဲ့” ပြဿနာကို သတိပြုပြီးရှောင်နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ညှိနှိုင်းဆောင်ရွက်မှု မဟုတ်ရင် “ထပ်” တဲ့ ပြဿနာရင်ဆိုင်ရပါတယ်။ တစ်ရွာတည်းမှာ ကယ်ဆယ်ရေးပစ္စည်းတွေ အမြောက်အမြားရခဲ့တယ်။ အိမ်မိုးဖို့ တာပေါ်လင်အပြားတွေ တစ်အိမ်မှာ သုံး၊ လေးချပ်ရတာမျိုးဟာ ထပ်တဲ့ပြဿနာ ဖြစ်တယ်။ အခုလို “ထပ်” နေတာမို့ တချို့ရွာ၊ တချို့အိမ်မှာတော့ တစ်ချပ်မှမရလိုက်တာဟာ “လပ်” တဲ့ အခက်အခဲပါ။ ဒါကြောင့် ညှိနှိုင်းဆောင်ရွက်မှုဟာ အလွန်အရေးပါလှပါတယ်။ တုံ့ပြန်တဲ့အဆင့်မှာ နာဂစ်တုန်းက မရှိခဲ့တာက ခေတ်မီနည်းပညာတစ်ရပ်ဖြစ်ပါတယ်။ ဒါကတော့ အခုခေတ်မှာ လူတိုင်းကိုင်နေကြတဲ့ လက်ကိုင်ဖုန်းတွေဖြစ်ပါတယ်။ ဒီဖုန်းတွေဟာ ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် အလွန်အသုံးဝင်ပါတယ်။ မြေပုံတွေ ထည့်ထားလို့ရတယ်။ ဘယ်နေရာမှာ ကျောင်းရှိတယ်။ ဘယ်နေရာမှာတော့ ဆေးရုံဆေးခန်းရှိတယ်။ လူနေအိမ်တွေက ဘယ်နေရာမှာရှိတယ်။ ဒါတွေအားလုံးဟာ စေတနာ့ဝန်ထမ်းတွေ တစ်ဦးစီမှာရှိနေပါတယ်။ ဒီလက်ကိုင်ဖုန်းတွေသုံးပြီး SMS ပို့ပြီး သတင်းပို့နိုင်တယ်။ အကြောင်းကြားနိုင်တယ်။ အရေးပေါ်လူနာတွေအတွက် လိုအပ်တဲ့ အကူအညီပေးရာမှာလည်း တတ်ကျွမ်းသူတွေနဲ့ ချက်ချင်းအဆက်အသွယ်ပြုပြီး ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

တုံ့ပြန်မှုဟာ လိုအပ်ပေမယ့် ကျွန်တော်စိတ်ပူနေတဲ့ကိစ္စ အခုလိုဆောင်ရွက်နေတာ အချိန်ကာလအကန့်အသတ်ရှိမှာဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်းလုပ်နေသူတွေဟာ အချိန်တန်ရင် ကျောင်းပြန်ကြရမယ်။ အလုပ်ကို ပြန်လုပ်ကြရမယ်။ ဒါကြောင့် တုံ့ပြန်တဲ့အဆင့်မှာ ပြင်ပက စေတနာ့ဝန်ထမ်းတွေ အရေးပါသလို ဒေသခံတွေရဲ့ ပါဝင်ပတ်သက်မှုဟာလည်း အရေးကြီးလှပါတယ်။ ဘေးအန္တရာယ်နဲ့ရင်ဆိုင်ခဲ့ရသူတွေကို မိမိဘဝမိမိကိုယ်တိုင်ဖန်တီးနိုင်အောင် ဆောင်ရွက်ပေးရမှာသာဖြစ်ပါတယ်။

နောက်ဆုံးအဆင့်ကတော့ ပြန်လည်ထူထောင်ရေးအဆင့်ပါ။ ဒီနောက်ဆုံးအဆင့်ဟာ အချိန်ယူလုပ်ရာမှာ ငွေကုန်ကြေးကျများမယ့် ကိစ္စဖြစ်တယ်။ နိုင်ငံတော်ဘဏ္ဍာအသုံးပြုဖို့လိုအပ်သလို နိုင်ငံတကာအကူအညီတွေလည်း လိုအပ်လှပါတယ်။

ကျွန်တော်က စေတနာ့ဝန်ထမ်းတာဝန်ယူမယ့် လူငယ်တွေကို အားပေးပါတယ်။ သူတို့ရဲ့ စိတ်ဓာတ်တွေကိုလည်း ချီးကျူးမိပါတယ်။ တစ်ခု သတိပြုစေချင်တာက စောစောက ကျွန်တော်တင်ပြခဲ့တဲ့ အဆင့်ငါးဆင့်စလုံးမှာ တက်တက်ကြွကြွပါဝင်ကြပါလို့သာ တိုက်တွန်းမိပါတယ်။

## ရေဘေးသင့်ပြည်သူများသို့ ဒေသအသီးသီးမှအလှူရှင်များ လာရောက်လှူဒါန်း



**ဆားလင်းကြီး ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာ ၄၈ ရွာသို့ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ်လတတိယပတ်က Myanmar Federal Alliance Group ဥက္ကဋ္ဌ ဦးတာရာမြင့်ဆွေ-ဇနီး ဒေါ်ခင်သက်ထားဆွေ မိသားစုက ဆန်အိတ် ၄၀၀၊ ကျန်းမာရေးအတွက် ဆေးဝါးပစ္စည်းမျိုးစုံ ၊ ငွေကျပ်သိန်း ၁၀၀၊ ငါးခြောက်အချိန်ပိသာ ၁၈၀ ၊ ရေသန့်ဘူးကြီး ၂၀ ၊ မုန့်ထုပ်မျိုးစုံ ဂျပ်ဖာ ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ကျော်ခန့်ကို လာရောက်လှူဒါန်းသည်။ အဆိုပါအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သီဟ(ဆားလင်းကြီး)**




# တရုတ်ပြည်စာအုပ်ပြပွဲနှင့် တရုတ်-မြန်မာ အပြန်အလှန်ဘာသာပြန်စာအုပ်ထုတ်ဝေရေးဖိုရမ်ဖွင့်

**မန္တလေး ဩဂုတ် ၂၃**

၂၀၁၅ တရုတ်ပြည်စာအုပ်ပြပွဲနှင့် တရုတ်-မြန်မာ အပြန်အလှန်ဘာသာပြန်စာအုပ်ထုတ်ဝေရေး ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက်၉ နာရီက မန္တလေးမြို့မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ပထမဆုံးအကြိမ် ကျင်းပသည့် အဆိုပါစာအုပ်ပြပွဲကို ဩဂုတ် ၂၂ ရက်မှ ၂၄ရက် အထိ ကျင်းပသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ ထုတ်ဝေသော သုတ၊ ရသစာအုပ်၊ စာစောင်များနှင့် မန္တလေးဒေသဆိုင်ရာထုတ်ဝေသော စာအုပ်များကို ကြီးကျယ်ခန်းနားစွာ ပြသထားကြောင်း မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက ပြောကြားသည်။

“ဒီပြပွဲကနေ မကြာမီ မြန်မာ-တရုတ် နာမည်ကြီးစာအုပ်တွေကို မြန်မာ-တရုတ် နှစ်ဘာသာနဲ့ အပြန်အလှန်ထုတ်ဝေပြီး နှစ်နိုင်ငံရဲ့ သာယာလှပပုံတွေကို ကမ္ဘာကသိရှိအောင် ဖြန့်ချိပေးတော့မှာဖြစ်တဲ့အတွက် နှစ်နိုင်ငံယဉ်ကျေးမှုတွေဟာ ပိုပြီးခိုင်မာလာတော့မှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောကြားခဲ့သည်။

ထို့အပြင် မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ် Mr.Wang Yu ကလည်း ယခုကျင်းပသည့်စာအုပ်ပြပွဲကြီးသည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၆၅)နှစ်ပြည့် အထိမ်းအမှတ်တစ်ခုအနေဖြင့်ပါဝင်ပြီး ယခုပြပွဲများမှတစ်ဆင့် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သန်းထွန်း၊ တရုတ်ပြည် ယူနန်ပြည်နယ် သတင်းပြန်ကြားရေးဌာနမှူး Mr.Liang Zong Hua ၊ တရုတ်ပြည်နိုင်ငံတော် သတင်းပြန်ကြားရေး စီမံဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူး Mr. Li Hiao Feng နှင့် တရုတ်ပြည် ယူနန်ထုတ်ဝေရေးအုပ်စုကုမ္ပဏီ အထွေထွေမန်နေဂျာ Mr. Niu Ling တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တရုတ်ပြည် ယူနန်ပြည်နယ် သတင်းပြန်ကြားရေးဌာနမှ မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနသို့ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ရှီကျင့်ဖိန်၏ နိုင်ငံအုပ်ချုပ်ရေးစာအုပ်များနှင့် တရုတ်ကျမ်းစာများ ပေးအပ်လှူဒါန်းခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျေးရွာများအရောက် ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်

**ဝါးခယ်မ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိစေရေး ရည်ရွယ်ကာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးရွာများ ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ရာ Brother Group ကုမ္ပဏီမှတပ်ဆင်နေခြင်းကို မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်းနှင့် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်တို့က ကွင်းဆင်းကြည့်ရှုခဲ့သည်။ **မြင့်ဦး(ဝါးခယ်မ)**

## သတင်းတို

### ပဲတီစိမ်းဈေးကောင်းရသဖြင့် တောင်သူများအဆင်ပြေ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်များတွင် စိုက်ပျိုးထားသော ပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရနေသဖြင့် ပဲတီစိမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။ ဇူလိုင်လကုန်ပိုင်းက ရွာသွန်းသောမိုးများကြောင့် ပဲတီစိမ်းများအထွက်ကောင်းမွန်ခဲ့ပြီး တစ်ဧက ၁၀ တင်းနှင့်အထက်ရရှိကြကာ ပဲတီစိမ်းဈေးမှာလည်း တစ်တင်းလျှင် ကျပ် ၃၈၅၀၀ ခန့်အထိ ရရှိနေသဖြင့် အဆင်ပြေနေခြင်းဖြစ်ကြောင်း သိရသည်။ **(၁၃၅)**

# နတ်ချောင်းမြောင်းပြန်လည်တူးဖော်ပြီး မြေထိန်းနံရံတည်ဆောက်

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ နတ်ချောင်းမြောင်း ပြန်လည်တူးဖော်ခြင်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်းများကို တာမွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နတ်ချောင်းမြောင်းသည် ကျိုက္ကဆံလမ်းမှ နတ်ချောင်းရပ်ကွက် မီးရထားသံလမ်းထိရှိပြီး ဘေးဝဲယာမှ မြေနံရံများပြိုကျခြင်း၊ သဲနှင့် ခဲများကျခြင်း၊ ကြွက်များဖောက်ခြင်းတို့ကြောင့် မြောင်းပိတ်ပြီး ရေစီးရေလာမကောင်းသဖြင့် မိုးကြီးသည့်အခါတွင် ရေကြီးရေလျှံခြင်းကို ကြုံတွေ့ရသောကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နေရာဌာန (လမ်းနှင့်တံတား) မှတာဝန်ရှိသူများနှင့် တာမွေမြို့နယ်စည်ပင်သာယာဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဇွန်လအတွင်းကစတင်ကာ မြောင်းပြန်လည်တူးဖော်ခြင်း၊ မြောင်းချဲ့ခြင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။ နတ်ချောင်းမြေထိန်းနံရံသည် အလျား ပေ ၉၀၀၊ အမြင့် ၇ ပေရှိပြီး ယခုကဲ့သို့ မြေထိန်းနံရံတည်ဆောက်လိုက်သဖြင့် ရေစီးရေလာကောင်းမွန်ကာ မိုးသည်းထန်ချိန်တွင် ဖြစ်ပွားတတ်သော ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ရေဘေးသင့်ကျေးရွာများ၌ မွေးမြူထားသော တိရစ္ဆာန်များအား ဆေးကုသပေး

**ကန့်ဘလူ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာများရှိ တိရစ္ဆာန်များအား ကန့်ဘလူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆေးကုသပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းများကို ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူးဒေါက်တာကျော်ဝင်းနှင့် ဝန်ထမ်းများက ကျေးရွာများသို့ ကွင်းဆင်း၍ တိရစ္ဆာန်များအား ဆေးကုသခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး မွေးမြူရေးခြံများတွင် ဆေးဖျန်းခြင်းနှင့် တိရစ္ဆာန်အစာများဖြန့်ဖြူးပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ “တိရစ္ဆာန်တွေက ရေစိုမှာနေရတာဆိုတော့ အပူကန်ခြင်းနဲ့ ခွာနာလျှာနာရောဂါတွေ ဖြစ်ပါတယ်။ လည်ချောင်းကွဲရောဂါ ပိုပြီးအဖြစ်များပါတယ်။ မြို့နယ်ဌာနဆိုင်ရာများနဲ့ပူးပေါင်းပြီး ရေဘေးသင့်ကျေးရွာများအရောက် ခက်ခက်ခဲခဲသွားရောက်ပြီး ဆေးကုသပေးခဲ့ပါတယ်” ဟု မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ပြောသည်။

အဆိုပါရေဘေးသင့်ကျေးရွာများရှိ တိရစ္ဆာန်များကို ဆေးကုသပေးရာတွင် ကျွဲ၊ နွားလည်ချောင်းကွဲရောဂါ ကာကွယ်ဆေးကို ကျွဲနွားကောင်ရေ ၅၉၀၀ ကျော်၊ ဒေါင့်သန်းရောဂါကာကွယ်ဆေးကို ကောင်ရေ ၁၇၀၀ ကျော်၊ ခွာနာလျှာနာရောဂါကာကွယ်ဆေးကို နွားကောင်ရေ ၁၂၀ နှင့် ဝက်ကောင်ရေ ၁၂၀ ကို ထိုးပေးနိုင်ခဲ့ပြီး ကျွဲ၊ နွား ၃၄၃ ကောင်၊ ဝက် ၅၇၂ ကောင်ကို ဆေးကုပေးနိုင်ခဲ့ကာ နွားခြံ ၂၉၀ နှင့် ဝက်ခြံ ၃၈၆ ခြံ၌ ဆေးဖျန်းပေးနိုင်ခဲ့ကြောင်းနှင့် တိရစ္ဆာန်အစာအိတ် ၂၂၀ ကိုလည်း ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ဇူလိုင်လကုန်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကန့်ဘလူမြို့နယ်အတွင်း ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ရေဘေးကြောင့် ကျေးရွာအချို့တွင် မွေးမြူထားသော ကျွဲ၊ နွားအချို့ သေဆုံးမှုရှိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုကြောင့် ကျွဲ၊ နွားနှင့် တိရစ္ဆာန်များမှာ အစာရေစာရှားပါးခြင်းနှင့် ရောဂါများဖြစ်ပွားခြင်းတို့ကို ကြုံတွေ့ခဲ့ရသဖြင့် မြို့နယ်အလိုက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများက တိရစ္ဆာန်များအား ကာကွယ်ဆေးထိုးပေးခြင်းကို ကျေးရွာများသို့ လိုက်လံဆောင်ရွက်လျက်ရှိသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**မြင်းမူ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းမှ ဧရာဝတီမြစ်ရေ ဝင်ရောက်ခဲ့သည့် ဆပ္ပန်းကုန်းကျေးရွာနှင့် ကျွဲရိုက်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ဩဂုတ် ၂၁ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များသည် ဆပ္ပန်းကုန်းကျေးရွာမှ ဒေသခံပြည်သူ ၃၆ ဦးနှင့် ကျွဲရိုက်ကျေးရွာမှ ပြည်သူ ၆၉ ဦးတို့အား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဝမ်းရောဂါ၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေးအတွက် လိုက်နာကြရမည့် အချက်များကိုလည်း ကျန်းမာရေးအသိပညာပေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအသင်းဝင်များက ဆပ္ပန်းကုန်းကျေးရွာနှင့် ကျွဲရိုက်ကျေးရွာများမှ သောက်သုံးရေတွင်းများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များမှ ရေကန်များတွင် ကလိုရင်းဆေးများခတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ပေါက်ပွားမှုမရှိစေရန် ဖုံးသွန်လှဲစစ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးခါး(iprd)**



# မြစိမ်းရောင်စီမံကိန်းကော်မတီများ ကျေးရွာ ၂၀ တွင် ဖွဲ့စည်း

**တောင်ငူ ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ကျေးရွာ၂၀၌ မြစိမ်းရောင်စီမံကိန်းကို တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ်သိန်းပေါင်း ၆၀၀၀ ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းပြီးဖြစ်ကြောင်း သိရသည်။

တောင်ငူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်လင်းအောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များက မြစိမ်းရောင် စီမံကိန်းအကောင်အထည်ဖော်မည့် ချောင်းဖြူ၊ အိုင်သုံးဆင့်၊ ပဲချက်ကုန်း၊ သဖန်းပင်၊ မြောက်ရေကြည်၊ ဒိုးအင်း၊ ကြို့ကုန်း၊ ကျောက်လုံးကြီး၊ ပဒဲ၊ တပြေး၊ ရှမ်းဝတီး၊ ပေါင်းလောင်းတိန်၊ ဟင်းရေမြား၊ ညောင်စခန်း၊ ပိတောက်ကုန်း၊ ကမ္ဘားနီ၊ ဇီးကုန်း၊ ကုက္ကိုလ်ပေါက်၊ မြပင်ကူး၊ ဒေါ်နီမတဲစုကျေးရွာများသို့ ကွင်းဆင်း၍ ကျေးရွာအလိုက် စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို ဒေသခံပြည်သူများ၏ ဆန္ဒနှင့်အညီ ဖွဲ့စည်း၍ တာဝန်များပေးအပ်ခဲ့ကြောင်း သိရသည်။ ကျေးလက်ဒေသများ၌ ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် မြို့နယ်များအလိုက် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ **ကိုလွင်(ဆွာ)**

# မြန်မာနိုင်ငံမှာ နည်းပညာကိုအားမကိုးဘဲ အနုပညာကိုအားပြုပြီး ဖန်တီးတဲ့ရုပ်ရှင်တွေ အများအပြားထွက်ပေါ်လာစေဖို့ ရည်ရွယ်

မင်းထက်အောင်(မန်းကိုယ်ပွား)



ဝသန် ရုပ်ရှင်ကျင်းပရေး ဗဟိုကော်မတီ၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံတွင် အနုပညာဖြင့် ဖန်တီးထားသော Animation ရုပ်ရှင်များ ပိုမိုပေါ်ပေါက်လာစေရန် ရည်ရွယ်၍ Animation Workshop သင်တန်းကို ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ရုံးခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ဝသန်ရုပ်ရှင်ပွဲတော်ကို လွန်ခဲ့သည့် ၂၀၁၁ ခုနှစ် ကတည်းက စတင်ပြုလုပ်လာခဲ့ခြင်းဖြစ်ပြီး အနုပညာမြောက်သော ရုပ်ရှင်ကားများ ဖန်တီးနိုင်ရန်အတွက် အထောက်အပံ့ပေးနေခြင်းဖြစ်ရာ အဆိုပါသင်တန်းသို့ ဗီဒီယိုဓာတ်ပုံနှင့် ပန်းချီကာတွန်း အနုပညာလုပ်ငန်းများမှ သင်တန်းသား ၂၅ ဦး တက်ရောက်ဆွေးနွေးသင်ကြားခဲ့ကြပြီး သင်တန်းတက်ရောက်သူများနှင့် ဂျပန်နိုင်ငံမှ သင်တန်းပို့ချသူ Animation ပညာရှင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ကိုစိုးမိုးအောင် (ဝသန်ရုပ်ရှင်ပွဲတော်ကျင်းပရေး ကော်မတီအဖွဲ့ဝင်)**



ဒီ Workshop ကို ဂျပန်-မြန်မာယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ ဂျပန်ဖောင်ဒေးရှင်း အာရှစင်တာရဲ့ ကူညီပံ့ပိုးမှုနဲ့ ဂျပန်နိုင်ငံက Animation ပညာရှင်နဲ့ Animation အနုပညာ လေ့လာသုံးသပ်သူတို့ ကိုယ်တိုင်လာရောက်ဆွေးနွေး ပို့ချပေးတာဖြစ်ပါတယ်။ ရန်ကုန်မှာ ဩဂုတ် ၁၀ ရက်ကနေ ၁၄ ရက်အထိ ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အခုလို ဆွေးနွေးပွဲတွေက ထွက်ပေါ်လာတဲ့ Animation ဖလင်တွေ၊ ဂျပန်နိုင်ငံက ဇာတ်ကားတွေနဲ့ မြန်မာနိုင်ငံက ပြိုင်ပွဲဝင် ကား ၁၈ ကား ကို စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ဝဇီရာရုပ်ရှင်ရုံမှာ ကျင်းပမယ့် ဝသန်ရုပ်ရှင်ပွဲတော်မှာ ပြသပေးသွားမှာဖြစ်ပါတယ်။ ဒီ Workshop ကနေ အနုပညာ ဖန်တီးမှုအသစ်အဆန်းတွေကို မြင်တွေ့ခံစားရမယ့်အပြင် အဓိကအနေနဲ့ မြန်မာနိုင်ငံမှာ နည်းပညာကို အဓိက အားမကိုးဘဲ အနုပညာကို အားပြုပြီးဖန်တီးတဲ့ ရုပ်ရှင်တွေ အများအပြား ထွက်ပေါ်လာစေဖို့ ရည်ရွယ်ပါတယ်။

**Mr. Mirai Mizue (ဂျပန် Animation artist ပညာရှင်)**



Abstract Animation နဲ့ ဖန်တီးလိုက်တဲ့ ရုပ်ရှင်တွေဟာ အလွန်တန်ဖိုးထား လေးစားစရာကောင်းတယ်ဆိုတာကို သိစေချင်တဲ့အတွက် သင်ကြားပြသဆွေးနွေးခဲ့တာပါ။ ဒီငါးရက်အတွင်းမှာ ဂျပန်နိုင်ငံနဲ့အတူ နိုင်ငံတကာရဲ့ Animation လက်ရာတွေအပြင် အခုခေတ်ပေါ်လက်ရာတွေကို ပြသဆွေးနွေးခဲ့ပါတယ်။ အဓိကအနေနဲ့ Abstract Animation အကြောင်းကို သင်ကြားဆွေးနွေးခဲ့ပါတယ်။ အစပိုင်းမှာတော့ စိတ်ဝင်စားမှုနည်းပါးနေပေမယ့် နောက်ပိုင်းမှာ ဒီ Workshop ရဲ့ သဘောတရားကို နားလည်ပြီး စိတ်ဝင်စားမှုရှိလာကြပါတယ်။ အခုလိုအချိန်တိုအတွင်းမှာ တကယ်ကို သိရှိမှုတွေ တိုးတက်လာတဲ့အတွက် ကျေနပ်အားရမှုရှိပါတယ်။ Abstract ဆိုတာနဲ့ ပတ်သက်ပြီး စဉ်းစားတွေးခေါ်ပုံတွေကို ရရှိသွားမယ်လို့ ထင်ပါတယ်။ Animation တစ်ခုတည်းမှာမဟုတ်ဘဲ နေ့စဉ်လှုပ်ရှားနေတဲ့ ဘဝတွေမှာလည်း စဉ်းစားတွေးခေါ်မှုတွေ ရရှိသွားစေချင်ပါတယ်။ ဒီဆွေးနွေးပွဲတွေပြီးသွားရင် ဂျပန်အငွေ့အသက်နဲ့ မြန်မာအငွေ့အသက်တွေ ပူးပေါင်းဖန်တီးထားတဲ့ Animation ရုပ်ရှင်တွေ ထွက်ပေါ်လာတော့မှာ ဖြစ်ပါတယ်။

**ကိုဇော်လတ် (Zaw Luck (Sun) ဓာတ်ပုံနှင့် ဗီဒီယိုရုပ်သံ တည်းဖြတ်လုပ်ငန်း)**



ဒီသင်တန်းကို ရန်ကုန်မှာ ဖွင့်နေကတည်းက စိတ်ဝင်စားနေခဲ့တာပါ။ မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် လာရောက်ပြသဆွေးနွေးတာဖြစ်လို့ ဒီသင်တန်းကို တက်ရောက်ခဲ့ရတဲ့အတွက် ကျွန်တော်တို့ မြင်နေ တွေ့နေရတဲ့ Animation တွေကို ဘယ်လိုဖန်တီးလုပ်ဆောင်တယ်ဆိုတာ သိလာရတဲ့အပြင် ကိုယ်တိုင်လည်း လုပ်ကိုင်ခွင့်ရတဲ့အတွက် Animation ဆိုတဲ့ ဘာသာရပ်ကို သိလာရလို့ ကျေနပ်အားရမှုရှိပါတယ်။ Animation ဆိုတာက ကြိုးစားအားထုတ်မှုကောင်းကောင်းနဲ့ လုပ်ဆောင်ရတာပါ။ အရင်က ပန်းချီဆွဲတတ်မှ Animation ဖန်တီးမှုတွေကို လုပ်နိုင်မယ်လို့ ထင်ထားပေမယ့် ဒီသင်တန်းကို တက်ခဲ့တဲ့အခါကြမှ ဓာတ်ပုံရိုက်တတ်ရင်ဖြစ်ဖြစ်၊ အရာဝတ္ထုပစ္စည်းလေးတွေနဲ့ပဲဖြစ်ဖြစ် Animation ကို ဖန်တီးလို့ ရတယ်ဆိုတာ သိခဲ့ရပါတယ်။ Animation နဲ့ ပတ်သက်ပြီး ဘယ် Software လေးတွေသုံးရင် ဘယ်လိုအဆင်ပြေမယ်ဆိုတာကိုလည်း နားလည်သွားပါတယ်။ မြန်မာနိုင်ငံရဲ့ အနုပညာလုပ်ငန်းကို အများကြီးအထောက်အကူ ပြုနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ တစ်ရက်မှမပျက်ဘဲ တက်ရောက်ခဲ့သလို မျှော်မှန်းထားတာထက်ကို ပိုပြီး ပညာတွေရရှိခဲ့ပါတယ်။

**ကိုအောင်မိုးဟိန်း ('ဟိန်း' ဓာတ်ပုံနှင့် ဗီဒီယိုလုပ်ငန်း)**



ဒီသင်တန်းမှာ ကျွန်တော်တို့ တစ်ခါမှမကြုံဘူးတဲ့ အတွေ့အကြုံတွေ၊ ပညာတွေရရှိခဲ့ပါတယ်။ ဒီ Workshop မှာ စက်ပစ္စည်းကြီးတွေနဲ့သင်ကြားပြသမယ်လို့ ထင်ထားပေမယ့် တကယ်ပြသတဲ့အခါမှာ တစ်ပိုင်တစ်နိုင် လွယ်လွယ်ကူကူ ပစ္စည်းလေးတွေနဲ့ပဲ ပြသသွားတာတွေ့ရတဲ့အတွက် အများကြီးအကျိုးရှိခဲ့ပါတယ်။ အနုပညာပိုင်းဆိုင်ရာလေးတွေလည်း ပါပါတယ်။ အရင်ကျောင်းတက်တုန်းကတော့ အနုပညာအရ ဖန်တီးမှုတွေရှိခဲ့ပေမယ့် အခုလိုပညာရှင်တွေနဲ့ တွဲလုပ်ရတဲ့အခါမှာ အများကြီးကွာခြားသွားတဲ့အပြင် အနုပညာဗဟုသုတ ရသတွေ အများကြီးရရှိခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာက ဒီလို Animation တွေကို ဖန်တီးခံစားမှု အားနည်းနေပါသေးတယ်။ ဒီပညာရပ်ဟာ ကာတွန်းကားတွေ၊ ဗီဒီယိုရိုက်ကူးရေးတွေမှာ Title လေးတွေထိုးချင်တာပဲဖြစ်ဖြစ် ပရိုဂရမ်တစ်ခုမှာ ကိုယ်ပြောချင်တာကို စာနဲ့ရေးပြလို့ မရတဲ့အခါ ဒီ Animation ပညာရပ်ကို အသုံးပြုလို့ရပါတယ်။ အခုလည်း ကျွန်တော်တို့ ဒီသင်တန်းတက်ရောက်ခဲ့ပြီး ရရှိတဲ့အတွေ့အကြုံပညာတွေနဲ့ စုပေါင်းဖန်တီးထားတဲ့ Animation အနုပညာလက်ရာတစ်ခုကို ဖန်တီးခွင့်ရတဲ့အတွက် အလွန်အားရကျေနပ်မိပါတယ်။ မြန်မာနိုင်ငံအတွက်တော့ ဒီလိုသင်တန်းမျိုး လာရောက်သင်ကြားဆွေးနွေးတာဟာ နိုင်ငံနဲ့လူငယ်တွေအတွက် အများကြီးအကျိုးရှိမယ်လို့ ထင်မြင်မိပါတယ်။

**ကိုဇော်မျိုးဝင်း(မိုးကောင်း ဗီဒီယို၊ ဓာတ်ပုံ၊ မှတ်တမ်းတင် ရိုက်ကူးရေးလုပ်ငန်း၊ မိုးကောင်းမြို့)**



Animation ဆိုတဲ့ ခေါင်းစဉ်ကို စိတ်ဝင်စားလွန်းလို့ မိုးကောင်းကနေ တကူးတကလာရောက်တက်ဖြစ်တာပါ။ အချိန်တိုအတွင်းမှာ ထိရောက်တဲ့ သင်ကြားပြသမှုတွေကြောင့် အများကြီး အကျိုးရှိပါတယ်။ အရင်က မသိရှိတဲ့အကြောင်းအရာ ပညာတွေကို သိရှိလာရတဲ့အပြင် လက်တွေ့လည်း လုပ်ဆောင်ရတဲ့အတွက် အတွေ့အကြုံကောင်းတွေ ရရှိခဲ့ပါတယ်။ Animation ဆိုတာ ရုပ်သေကို ရုပ်ရှင်အဖြစ် ဖန်တီးတာလို့ အရင်က ယူဆမိပေမယ့် ဒီသင်တန်းမှာ ကွဲလွဲမှုတွေ တွေ့လာရပါတယ်။ အပြင်လောကမှာ တွေ့ရှိနေရတဲ့ အရာဝတ္ထုမှန်သမျှကို ကိုယ့်ရဲ့ စိတ်ကူးရှိသလောက် လွတ်လပ်စွာဖန်တီးလို့ရတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ရုပ်ရှင်လုပ်ငန်းတွေအတွက် အများကြီးအသုံးပြုနိုင်မယ့် ဖန်တီးမှုပညာရပ် တွေဖြစ်ပါတယ်။ အခုလို ကျွန်တော်တို့နိုင်ငံမှာ အားနည်းနေတဲ့ နည်းပညာတွေကို လာရောက်ပို့ချပေးတဲ့အတွက်လည်း ဝသန်ရုပ်ရှင်အဖွဲ့နဲ့ ဂျပန်ဖောင်ဒေးရှင်းကို ကျေးဇူးအထူးတင်ပါတယ်။ နောက်နောင် ဒီလိုခေတ်မီနည်းပညာနဲ့ ပတ်သက်တဲ့ သင်တန်းမျိုးတွေကို အမြဲတမ်းပို့ချပေးနိုင်ဖို့လည်း မျှော်လင့်ပါတယ်။

# အမျိုးသား၊ အမျိုးသမီး အလွတ်တန်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၂၃**

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်နှင့် Myan Shwe Pyi Tractors Ltd. တို့ပူးပေါင်း၍ အမျိုးသား၊ အမျိုးသမီး အလွတ်တန်း ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို စစ်ကိုင်းမြို့ ရွှေမင်းဝံပန်းခြံရှေ့၌ ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်ရွှေပြည်ကုမ္ပဏီမှ ဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ မန္တလေး အား/ကာသိပ္ပံကျောင်းမှ ကျောင်းအုပ် ကြီးနှင့်အဖွဲ့များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ရွှေမင်းဝံပန်းခြံမှ စစ်ကိုင်းမြို့အတွင်းသို့ တစ်ပတ်စီးနင်းကာ စစ်ကိုင်းမြို့နှင့် ၁၅ မိုင်ခန့်ဝေးသော အုန်းတော ကျေးရွာအရောက် ယှဉ်ပြိုင်စီးနင်း၍ စတင်တာလွတ်ပေးသည့် ရွှေမင်းဝံပန်းခြံသို့ ပြန်လည်ပန်းဝင်ယှဉ်ပြိုင်ကြရကြောင်း သိရသည်။

အဆိုပါ အလွတ်တန်းပြိုင်ပွဲအပြင် ဩဂုတ် ၂၃ ရက်တွင်လည်း တောင်တက်တောင်ဆင်းလမ်းပိုင်း ကို ထပ်မံယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲအပြီးတွင် သက်တမ်းအလိုက် ပြိုင်ပွဲများ၌ ဆုရရှိသူများအား တာဝန်ရှိသူများက



ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အသုံးပြုရန် အလှူငွေ ကျပ်သိန်း ၁၅၀ ကို မြန်ရွှေပြည်ကုမ္ပဏီမှ ဒါရိုက်တာဦးမြတ်သူက တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်း တစ်နှစ်ပြည့် လုပ်ငန်းသုံးသပ်ဆွေးနွေး

**မိုးကောင်း ဩဂုတ် ၂၃**

မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်း တစ်နှစ်ပြည့် နှစ်ပတ်လည်လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲနှင့် မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဩဂုတ် ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ကြာအင်း၊ မန်ပင်၊ လွဲဆွန်း၊ ပင်းခါးနှင့် ဆီးဒီယံကျေးရွာများမှ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုနှင့် ငွေစာရင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနေသူရိန်စိန်လှက ကျေးရွာအလိုက်တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။ ထို့နောက် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ထီးချိုင့်ကျေးရွာ၌ တိုးချဲ့ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်သိန်းလင်းထံသို့ ပေးအပ်ခဲ့သည်။ **(၀၆၂)**

# ယာဉ်တန်းခရီးစဉ်များဖြင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုတိုးလာ

**နေပြည်တော် ဩဂုတ် ၂၃**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်စပ်ဒေသ ဝင်ပေါက်ထွက်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ မော်တော်ယာဉ်တန်းခရီးစဉ်နှင့် မော်တော်ဆိုင်ကယ်ယာဉ်တန်း ခရီးစဉ်များဖြင့် စဉ်ဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၀ ရက်တွင် Shwe Sin Yeik Ngyein International ကုမ္ပဏီလီမိတက်၏ စီစဉ်ဆောင်ရွက်မှုဖြင့် အမေရိကန်နိုင်ငံသား ဧည့်သည်တစ်ဦးသည် မော်တော်ယာဉ်တစ်စီးဖြင့် မြဝတီမြို့မှတစ်ဆင့် ကျိုက်ထို-ရန်ကုန်-နေပြည်တော်-အင်းလေး-မန္တလေး-ပုဂံ-မုံရွာ-ကလေးမြို့များသို့လည်းကောင်း၊ ဇူလိုင် ၂၉ ရက်တွင် Journey Adventure Travel ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဗြိတိန်နိုင်ငံသားနှစ်ဦးသည် မော်တော်ယာဉ်တစ်စီးဖြင့် မူဆယ်မြို့မှတစ်ဆင့် လားရှိုး-မန္တလေးမြို့သို့လည်းကောင်း၊ ဩဂုတ် ၄ ရက်တွင် Marvellous Memory Travels & Tours ၏ အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံသား သုံးဦးပါဝင်သောအဖွဲ့သည် မော်တော်ယာဉ်တစ်စီးဖြင့် မူဆယ်မြို့မှတစ်ဆင့် လားရှိုး-မန္တလေး-ပုဂံ-ရန်ကုန်မြို့များသို့လည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် Myanmar Mystery Land Travels & Tours ၏ စီစဉ်မှုဖြင့် ထိုင်းနိုင်ငံသား ၂၂ ဦးသည် မော်တော်ယာဉ် လေးစီးဖြင့် တာချီလိတ်မြို့မှတစ်ဆင့် ကျိုင်းတုံ-မိုင်းပြင်း-ကွန်ဟိန်း-နမ့်ဆမ်-တောင်ကြီး-ညောင်ရွှေ-အင်းလေး-ကွန်ဟိန်း-ကျိုင်းတုံမြို့များသို့လည်းကောင်း ဝင်ရောက်ခဲ့ပြီး ပြည်တွင်းမှ ထင်ရှားသောခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ခဲ့ကာ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ယခုအခါ မိုးရာသီကာလဖြစ်သော်လည်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများရှိ သဘာဝရှုခင်းအလှအပများ၊ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများနှင့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့စရိုက်များကို ယခင်ကထက် ပိုမိုစိတ်ဝင်စားမှု များပြားလာခြင်းကြောင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များမှာ တစ်ဦးချင်းသာမက အစုအဖွဲ့(Package)များဖြင့်လည်းကောင်း၊ ပြည်ပမော်တော်ယာဉ်တန်းများနှင့် မော်တော်ဆိုင်ကယ်ခရီးစဉ်များဖြင့်လည်းကောင်း စဉ်ဆက်မပြတ် စည်ကားစွာ ဝင်ထွက်လည်ပတ်နေကြခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## တံခွန်စိုက်ဖလား ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တံခွန်စိုက်ဖလား အမျိုးသား အမျိုးသမီး အလွတ်တန်းဘတ်စကက်ဘောပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ပွဲ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ပထမနေ့ အုပ်စုပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း(က)နှစ်ပွဲ၊ (ခ)တစ်ပွဲ၊ (ဂ) နှစ်ပွဲ၊ (ဃ)တစ်ပွဲ၊ အမျိုးသား U 19 (က) နှစ်ပွဲ၊ (ခ)နှစ်ပွဲနှင့် အမျိုးသမီးပတ်လည် U 19 တစ်ပွဲတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်းအသင်း ၁၉ သင်း၊ အမျိုးသမီး အလွတ်တန်းသုံးသင်း၊ အမျိုးသား U 19အသင်း ၁၁ သင်း၊ အမျိုးသမီး U 19 အသင်း လေးသင်းတို့ ပါဝင်ယှဉ်ပြိုင် ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ရေနစ်လယ်မြေများအား အခမဲ့ထွန်ယက်ပေးလျက်ရှိ



**ပွင့်ဖြူ ဩဂုတ် ၂၃**

မုန်းချောင်းရေကြီးမှုကြောင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ စိုက်ပျိုးပြီးလယ်မြေများ ပျက်စီးဆုံးရှုံးခဲ့ရာ ပျက်စီးသွားသော လယ်ယာမြေများတွင် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက လယ်ယာသုံးထွန်စက် ၅၈ စီးဖြင့် အခမဲ့ထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။

သရက်အုပ်ကျေးရွာအုပ်စု ကွင်းအမှတ်(၉၀၂)မှ စပါးစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးပေါက်စက "ပျိုးထောင်ပြီး စိုက်ပျိုးမယ့်ဆဲဆဲမှာ ရေနစ်သွားတာ။ အခုစက်မှုလယ်ယာက အခမဲ့ လိုက်လံထွန်ယက်ပေးလို့ အချိန်မီပြန်စိုက်နိုင်တာ။ အခြားတောင်သူတွေလည်း စိုက်ဖို့အသင့်ဖြစ်နေပါပြီ"ဟု ပြောသည်။ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မိုးစပါးစိုက်ချိန် အနည်းငယ်နောက်ကျသော်လည်း လျာထားဧကပြည့်မီအောင် အစိုးရအကူအညီများဖြင့် တောင်သူများက ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ရေဘေးသင့်ပြည်သူများအား ဇီးကုန်းမြို့ပရဟိတအဖွဲ့များမှ လှူဒါန်းလျက်ရှိ

**ဇီးကုန်း ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး မိုးညို၊ ကြို့ပင်ကောက်၊ နတ်တလင်းနှင့် ဇီးကုန်းမြို့နယ်များရှိ ဧရာဝတီမြစ်ကမ်းနား ကျေးရွာများတွင် မြစ်ရေဝင်ရောက်မှုကြောင့် ရေဘေးကြုံတွေ့ရသော ပြည်သူများအား ဇီးကုန်းမြို့နယ်ရှိ ပရဟိတအဖွဲ့များက ရန်ကုန်မြို့မှ ပရဟိတအဖွဲ့များနှင့် ပူးပေါင်းလှူဒါန်းလျက်ရှိကြောင်း သိရသည်။

ဇီးကုန်းချစ်သူများအသင်းမှ လူငယ်တာဝန်ခံ ကိုရဲဇော်က "ကျွန်တော်တို့အဖွဲ့တွေက အမှန်တကယ်ရေဘေးသင့်တဲ့ နေရာတွေအရောက် ရပ်ဝေးကအလှူရှင်တွေကို ခေါ်သွားပြီး ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းပေးနိုင်အောင် စီစဉ်ပေးပါတယ်။ အခုဆိုရင် ရေကျသွားပေမယ့် ပြန်လည်ထူထောင်ရေးအပိုင်းမှာ အားနည်းနေသေးတဲ့အတွက် ဧရာဝတီမြစ်ကမ်းဘေးက ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ထပ်မံသွားရောက်ကူညီဖို့အတွက် ဝေဠုကျော်ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့နဲ့ ချိတ်ဆက်ထားပြီးဖြစ်ပါတယ်"ဟု ပြောသည်။

ဩဂုတ် ၈ ရက်မှ ၁၉ ရက်အတွင်း ဇီးကုန်းမြို့နယ်မှ မေတ္တာရှင် နာရေးကူညီမှုအသင်းနှင့် စေတနာရှင်များအဖွဲ့သည် မိုးညိုမြို့နယ် ဘိသလွန်ရွာ၊ တက်ဆွဲရွာ၊ တောင်ရာတောရွာ၊ ကြို့ပင်အင်းရွာများမှ ပြည်သူများအား ဆန်အိတ် ၄၀၊ ရေသန့်၊ ခေတ်ဆား၊ အဝတ်အထည်များ၊ ခေါက်ဆွဲခြောက်များ လှူဒါန်းခဲ့သည်။ အဲဗားစမိုင်း သွေးလှူရှင်များအသင်းနှင့် အလှူရှင်များကလည်း တယ်ပင်ကန်၊ တောင်ရေကန်၊ မော်ရရွာနှင့် ဝက်ကော်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်၊ ခေါက်ဆွဲခြောက်များ၊ ဆီနှင့် ရေသန့်များ၊ ဖယောင်းတိုင်များကို လှူဒါန်းပြီး ဇီးကုန်းချစ်သူများအသင်းကလည်း ရန်ကုန်မြို့ရှိ ဘာသာရေးအသင်းများ၊ အလှူရှင်များနှင့်ပူးပေါင်း၍ မိုးညိုမြို့နယ် ဗောဓိကုန်းကျေးရွာနှင့် မင်းအိုရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ကျပ်သိန်း ၄၀ ကျော်တန်ဖိုးရှိ ဆန်အိတ်နှင့် အဝတ်အထည်များကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

**တောင်ကြီးမြို့ မြန်မာ့ရိုးရာခြင်းလုံးအားကစားရုံ၌ ဩဂုတ် ၂၂ ရက်က စတင်ကျင်းပသည့် တောင်ကြီးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဖိတ်ခေါ်မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲ၌ အားကစားမောင်မယ်လေးများက ခြင်းအလှခတ်ဖျော်ဖြေနေစဉ်။**
စိုင်းသန်းကျော်(တောင်ကြီး)



## အများပြည်သူများ၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေရန် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးများက ဆောင်ရွက်ပေးမည်

ဌာနဆိုင်ရာများနှင့် ဆက်ဆံလုပ်ကိုင်ရသော လုပ်ငန်းများကို ပြည်သူများအနေဖြင့် အချိန်ကုန်သက်သာပြီး လွယ်ကူစွာဆောင်ရွက်နိုင်စေရန်အတွက် ဌာနဆိုင်ရာရုံးများကို တစ်နေရာတည်းတွင် စုပေါင်းဖွင့်လှစ်ထားသည့် ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံး (One Stop Shop)များကို မြို့နယ်များတွင် ဖွင့်လှစ်လျက်ရှိသည်။ တောင်ငူမြို့နယ်တွင် ဖွင့်လှစ်ထားသော ပြည်သူ့ဝန်ဆောင်မှုရုံး၏ လုပ်ငန်းများနှင့်ပတ်သက်၍ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop) ကို ဘယ်နေ့ကစဖွင့်ခဲ့ပါသလဲ။**

ဖြေ ။ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ကို ဩဂုတ် ၁၀ ရက်က တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ ယာယီဖွင့်လှစ်ပါတယ်။ နောက်ပိုင်းမှာ အများပြည်သူ ဝင်လို့ထွက်လို့လွယ်ကူအောင် လမ်းဆုံလမ်းခွနဲ့ နီးတဲ့နေရာမှာ ပြောင်းလဲဖွင့်လှစ်ဖို့ရှိပါတယ်။

**မေး ။ ဌာနဆိုင်ရာဘယ်နှစ်ခုက ဘယ်လိုဝန်ဆောင်မှုမျိုးတွေ ဆောင်ရွက်ပေးမှာလဲခင်ဗျာ။**

ဖြေ ။ ရဲတပ်ဖွဲ့နဲ့ မီးသတ်တပ်ဖွဲ့အပါအဝင် ဌာနဆိုင်ရာကိုးခုက ဦးစီးဌာနများအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ(မြို့မြေကိစ္စ)ဆောင်ရွက်ပေးခြင်း၊ အခွန်ရငွေများကောက်ခံခြင်း၊ အသင်းအဖွဲ့ မှတ်ပုံတင်ဆောင်ရွက်ပေးခြင်း၊ စည်ပင်လုပ်ငန်းလိုင်စင် ဆောင်ရွက်ပေးခြင်း၊ မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်ပေးခြင်း၊ သွေးနှောပုံစံ(၁၀) ထုတ်ပေးခြင်းနဲ့ နေခွင့်သက်တမ်းတိုးမြှင့်ပေးခြင်း၊ လျှပ်စစ်မီတာတပ်ဆင်ခြင်း၊ ကောက်ခံပေးခြင်း၊ မြေငှားဂရန်လျှောက်ထားခြင်းကိစ္စများ၊ ယစ်မျိုးလိုင်စင်ချထားခြင်းနဲ့ အခွန်လေးမျိုးကောက်ခံခြင်း၊ မြင်းကောင်ရေ ၂၀ အောက်စက်တပ်ရေယာဉ် မှတ်ပုံတင်ပေးခြင်း၊ ပွဲမိန့်လျှောက်ထားခြင်း၊ ဘိလိယက်ခုံလိုင်စင် ပြုလုပ်ပေးခြင်း၊ သစ်စက်လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း၊ ပရိဘောဂလိုင်စင်လျှောက်ထားခြင်း၊ မြေလွတ်မြေလပ် မြေရိုင်းလျှောက်ထားခြင်း၊ မြေယာအငြင်းပွားမှုကိစ္စများ ဖြေရှင်းပေးခြင်း၊ ပုဂ္ဂလိက၊ အိမ်ဆိုင်လုပ်ငန်းလိုင်စင်များ အသစ်ခွင့်ပြုပေးခြင်း၊ စီးပွားရေးကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခွင့်ပြုလုပ်ပေးခြင်း ကိစ္စများကို ဝန်ဆောင်မှုပေးမှာဖြစ်ပါတယ်။

**မေး ။ အခြားဝန်ဆောင်မှုမျိုးများရှိရင် ဖြည့်စွက်ပြောကြားပေးပါ။**

ဖြေ ။ အခြားကောလာဟလသတင်းတွေ ပြည်သူတွေကြားမှာ စိုးရိမ်အထိတ်တလန့် ဖြစ်စေမယ့်ကိစ္စများ၊ မတင်မကျဖြစ်နေရင် ဒီရုံးမှာလာရောက်မေးမြန်းနိုင်ပါတယ်။ စုပေါင်းရုံး ဖုန်းနံပါတ်ကိုလည်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ အကြံပြုတာမျိုးတွေကိုလည်း လက်ခံဆောင်ရွက် ချိတ်ဆက်ပေးပါတယ်။ အပြုသဘောဆောင်တဲ့ တိုင်ကြားမှုမျိုးတွေကိုလည်း ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးပါတယ်။

**မေး ။ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို သိချင်ပါတယ်။**

ဖြေ ။ ပြည်သူတို့ရဲ့ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့စေရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှု အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန်နဲ့ ဝန်ထမ်းများနဲ့ ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။

**သူရ(တောင်ငူ)**

# အာဆင်နယ်ကွင်းမှာ ကြိုးကြာနီတို့ တောင်ပံခတ်အောင်ပွဲခံနိုင်ပါ့မလား

မိုးမြင့်လင်းလက်

***ရာသီအစ ပွဲစဉ်တွေကတည်းက စိတ်လှုပ်ရှားစရာပွဲတွေနဲ့ ပြည့်နေတဲ့ ပရီမီယာလိဂ်ကတော့ လာမယ့် ဩဂုတ် ၂၅ ရက် နံနက်မှာ အာဆင်နယ်နဲ့ လီဗာပူးပွဲက ပရိသတ်တွေကို ရင်ခုန်သံမြန်စေဦးမှာဖြစ်ပါတယ်။ နှစ်သင်းစလုံးအတွက် အရေးကြီးတဲ့ ပွဲစဉ်ဖြစ်ပြီး ပရီမီယာလိဂ်ဖလားရယူရေးအတွက် ဘယ်အသင်းက ဘယ်လောက်အထိ ခြေစွမ်းမြင့်မားတယ်ဆိုတာ အကဲခတ်ခွင့်ရဦးမှာဖြစ်ပါတယ်။***



နည်းပြ အာစင်ဝင်းဂါးရဲ့ အဖွဲ့သားတွေကတော့ ပွဲစဉ်(၂)မှာ ခရစ္စတယ်ပဲလေ့စ်ကို အဝေးကွင်း မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရှာဖွေခဲ့ပြီး ဂုဏ်သိက္ခာပြန်ဆယ်ထားပါတယ်။ ဒီနှစ်ပရီမီယာလိဂ်တာအထွက်မှာ သရေတစ်မှတ်နဲ့ စတင်ခဲ့ရတဲ့ အာဆင်နယ်က မျှော်လင့်ချက်တွေ အကောင်အထည်ဖော်ဖို့ဆိုတာ လက်ရှိခြေစွမ်းနဲ့ မရသေးတာတော့အမှန်ပါပဲ။

အာဆင်နယ်မှာ ဝီလ်ရှီရီ၊ ရိုဆစ်စကီးနဲ့ ဝဲလ်ဘက်တို့ ဒဏ်ရာတွေကိုယ်စီရနေတာမို့ ဒီပွဲမှာ ပါဝင်ကစားရင်တောင် ကြံ့ခိုင်မှုပြည့်မှာ မဟုတ်ပါဘူး။ ဒီနှစ်ပရီမီယာလိဂ်မှာ နှစ်ပွဲကစားပြီး သုံးမှတ်ရထားတဲ့ အာဆင်နယ်ကစားသမားတွေရဲ့ အားထုတ်မှုကို နည်းပြအာစင်ဝင်းဂါးက ကျေနပ်တယ်လို့ ဆိုပေမယ့် ဒီထက်အားသွန်ခွန်စိုက်ကစားဖို့ လိုအပ်နေသေးတယ်လို့ ပြောကြားနေပါတယ်။

ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မှာ ဝက်စ်ဟမ်းကို ရှုံးနိမ့်ခဲ့တဲ့ အာဆင်နယ်ဟာ အိမ်ကွင်းမှာဖြစ်တာမို့ နည်းပြ ဝင်းဂါးအတွက် မျက်နှာပျက်စရာဖြစ်ခဲ့ရပါတယ်။ အာဆင်နယ်ဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲတည်းရှုံးပြီး ကျန်လေးပွဲနိုင်ထားတာမို့ ဒီပွဲဟာ လီဗာပူးအတွက် ပွဲကျပ်ကစားရမှာပါ။

အာဆင်နယ်ကွင်းမှာ လီဗာပူးကို ဧည့်ခံကစားတိုင်းရှုံးပွဲမရှိခဲ့တဲ့ အာဆင်နယ်ကစားသမားတွေရဲ့ စွမ်းဆောင်မှုဟာ ဒီပွဲမှာလည်း ဆက်ပြီးမှတ်တမ်းကောင်း ရေးထိုးကြဦးမှာဖြစ်ပါတယ်။ အာဆင်နယ်ကွင်းမှာ လီဗာပူးတို့ စုစုပေါင်း ၉၂ ပွဲကစားခဲ့ရာ မှာ အာဆင်တို့က ၄၂ ပွဲနိုင်ကာ သရေပွဲ ၃၁ ပွဲဖြစ်ခဲ့ပြီး ၁၉ ပွဲရှုံးထားပါတယ်။ ဒီပွဲစဉ်တွေမှာ အာဆင်နယ်တိုက်စစ်မှူးတွေက စုစုပေါင်း ၁၄၂ ဂိုးအထိ သွင်းယူခဲ့ကြပြီး လီဗာပူးတို့က ၇၉ ဂိုးသွင်းယူနိုင်ခဲ့ကြပါတယ်။ ဒါကြောင့် အစဉ်အလာအရ အာဆင်နယ်ကွင်းမှာ လီဗာပူးတို့ရဲ့ ကြိုးကြာနီတွေ တောင်ပံခတ် အောင်ပွဲခံဖို့ ရာနှုန်းနည်းနေတာတော့ အမှန်ပါပဲ။

လီဗာပူးတို့ကတော့ ပွဲစဉ်(၁)မှာ စတုတ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး ပွဲစဉ်(၂)မှာ ဘုန်းမောက်ကိုလည်း နိုင်ပွဲဆက်ထားပါတယ်။ လီဗာပူးအသင်းမှာ ဒဏ်ရာရနေတဲ့ ကစားသမားတွေကတော့ စတာရစ်ချ်၊ အယ်လန်နဲ့ ဖလာနာဂန်တို့ဖြစ်ပြီး ကျန်ကစားသမားတွေအားလုံး ကြံ့ခိုင်မှုပြည့်ဝနေပါတယ်။

လီဗာပူးတို့က ဒီနှစ်မှာအသစ်ခေါ်ယူထားတဲ့ ဂိုမက်ဇ်၊ မီလ်နာ၊ ကလိုင်းတို့က ခြေစွမ်းပြနိုင်ပြီး ကစားဖော်တွေနဲ့ ချိတ်ဆက် မိမိ အံဝင်ခွင်ကျကစားနိုင်နေပါတယ်။ လီဗာပူးမှာ ဘန်တီကီနဲ့ ဒန်နီအင့်စ်တို့ ခြေပေါ်ခဲ့ရင်တော့ အာဆင်နယ် ခံစစ်မှူးတွေ ဟန့်တားရခက်ခဲပါဦးမယ်။

တစ်ဦးချင်းစွမ်းရည်နဲ့ ထိုးဖောက်တိုက်စစ်ဆင်နိုင်တဲ့ အာဆင်နယ်ဟာ ဒီပွဲမှာ ဂီရော့ဒ်ကို အထောင်တိုက်စစ်မှူးအဖြစ် ပွဲထွက်လာပါလိမ့်မယ်။ ကွင်းလယ်ကစားအားကို အဓိကအားပြုကစားကြမယ့်အသင်းတွေ မို့ ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပါတယ်။ ခံစစ်အခြေပြုပြီး တိုက်စစ်ကို အပြိုင်ပုံဖော်ကြမယ့် အခုပွဲဟာ ခြေစွမ်းပိုင်းလည်း တူညီနေတာမို့ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ စိတ်ဝင်စားစွာ အားပေးစောင့်ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။

ဒီပွဲမှာ အာဆင်နယ်အိမ်ကွင်းဖြစ်တာမို့ အိမ်ကွင်းမှာ စွမ်းရည်ကောင်းကို ထုတ်ဖော်ပြသနိုင်တဲ့ အိမ်ရှင်တို့ပဲ အသာစီးရသွားနိုင်ပြီး လီဗာပူးဟာ ဒီပွဲမှာ သရေရလဒ်ဆိုရင်တောင် ကျေနပ်လက်ခံရမယ့် အနေအထားဖြစ်နေပါတယ်။

## တစ်လကြာအနားယူရမယ့် ဇာဘလက်တာ

မန်စီးတီးအသင်းရဲ့ အဓိကနောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ ဇာဘလက်တာဟာ ဒူးခေါင်းဒဏ်ရာရထား၍ အနည်းဆုံး တစ်လကြာအနားယူရလိမ့်မယ်လို့ နည်းပြ ပယ်လီဂရင်းနီက ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ နွေရာသီက နိုင်ငံ့လက်ရွေးစင်တာဝန်ထမ်းဆောင်အပြီး ပြန်လာတဲ့ အာဂျင်တီးနား ညာတောင်ပံ နောက်တန်းကစားသမား ဇာဘလက်တာဟာ ယခုနှစ်ရာသီတွင် ထူးထူးခြားခြား ခြေစွမ်းပြကစားခြင်း မရှိသေးသော်လည်း ယခုသီတင်းပတ်အတွင်း လေ့ကျင့်မှုပြုလုပ်စဉ် ထိခိုက်ဒဏ်ရာရရှိသွားခဲ့တဲ့အတွက် အနည်းဆုံးတစ်လကြာအနားယူရလိမ့်မယ်လို့ ဆိုပါတယ်။ ဒူးခေါင်းအမာရွတ် အနာတရဖြစ်နေတဲ့ ဇာဘလက်တာဟာ အနည်းဆုံး တစ်လလောက်တော့ အနားယူရမှာပါလို့ နည်းပြ ပယ်လီဂရင်းနီက ဆိုပါတယ်။ သို့ပေမယ့် ကွင်းလယ်ကစားသမား ဖာဘီယန်ဒက်ကတော့ ရာသီအကြိုမှာ တံခေါက်ကြောအနာတရဖြစ်ခဲ့ပြီး ပြန်လည်လေ့ကျင့်နေပြီလို့ ဆိုပါတယ်။ မန်စီးတီးအနေနဲ့ နောက်တန်း ကစားသမား လိုအပ်ချက်အရ ဗလင်စီယာမှ အိုတာမန်ဒီကို ပေါင် ၃၂ သန်းနဲ့ ခေါ်ယူခဲ့တယ်လို့ ဆိုပါတယ်။ မန်စီးတီး အသင်းအနေနဲ့ ရာသီအစ ပြိုင်ပွဲနှစ်ပွဲ အနိုင်ရထားသော်လည်း ကွန်ပနီကဲ့သို့ စိတ်ချရတဲ့ နောက်တန်းခံစစ်မှူးတွေ လိုအပ်နေသေးတယ်လို့ နည်းပြ ပယ်လီဂရင်းနီက ဆိုပါတယ်။

## မန်ယူကိုပြောင်းဖို့ စိတ်မဝင်စားဘူးလို့ဆိုတဲ့ ဆာဒီယိုမန်း

မန်ယူက ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် ဆောက်သမ်တန်မှာပဲ ဆက်လက်ကစားမယ်လို့ တိုက်စစ်မှူး ဆာဒီယိုမန်းက ပြောဆိုလိုက်ပါတယ်။ တိုက်စစ်မှူးကောင်းတစ်ဦး အမြန်ဆုံးအလိုရှိနေတဲ့ မန်ယူအနေနဲ့ ဆောက်သမ်တန် တိုက်စစ်မှူး ဆာဒီယိုမန်းကို ပေါင် ၁၅ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားတယ်လို့ ဆိုပါတယ်။ မန်ယူအနေနဲ့ ပက်ဒရိုကို လက်လွတ်ခဲ့ပြီးနောက် ဆာဒီယိုမန်းကို အရခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အသက် ၂၃ နှစ်အရွယ်သာရှိသေးတဲ့ ဆာဒီယိုမန်းကို မန်ယူက ခေါ်ယူဖို့ကြိုးစားနေပေမယ့် ဆောက်သမ်တန်မှာပဲ ဆက်လက်ရှိနေလိမ့်မယ်လို့ နည်းပြ ကိုးလ်မန်းက အခိုင်အမာပြောဆိုလိုက်ပါတယ်။





## ဗန်ဟားလ်အလိုရှိနေတယ်လို့ဆိုတဲ့ ဂါးရက်ဘေးလ်

ရီးရဲမက်ဒရစ်အသင်းရဲ့ ကြယ်တစ်ပွင့်ဖြစ်တဲ့ ဂါးရက်ဘေးလ်ကို မန်ယူက ခေါ်ယူဖို့ မျှော်လင့်ထားတယ်လို့ နည်းပြ ဗန်ဟားလ်က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ဒတ်ချ်လူမျိုး မန်ယူနည်းပြကြီး ဗန်ဟားလ်က ဂါးရက်ဘေးလ်ကို အိုးထရက်ဖို့ဒ်သို့ ခေါ်ယူဖို့ စဉ်းစားနေတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးက မန်ယူကိုကျော်ပြီး ဘာစီလိုနာကစားသမား ပတ်ဒရိုကိုခေါ်ယူခဲ့ပြီးတဲ့နောက် နည်းပြ ဗန်ဟားလ်အနေနဲ့ နာမည်ကြီးကစားသမားတစ်ဦးကို အမြန်ဆုံး ခေါ်ယူဖို့ ကြိုးစားလျက်ရှိရာမှာ ရီးရဲမက်ဒရစ်ရဲ့ နာမည်ကြီးတောင်ပံတိုက်စစ်မှူး ဂါးရက်ဘေးလ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ မန်ယူက ချန်ပီယံလိဂ်အုပ်စုပွဲမှာ ကလပ်ဘရပ်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုရလိုက်ပြီးနောက် နာမည်ကြီး ကစားသမားခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ မန်ယူမှာ ရွှန်းနေကလွဲပြီး တိုက်စစ်မှူးကောင်းမရှိသေးတဲ့အတွက် ဂါးရက်ဘေးလ်ကို ခေါ်ယူဖို့ ကြိုးစားမယ့်အနေအထားရှိပါတယ်။

ကောင်းမြတ်သူ – စုစည်းသည်။


ဟဲလို မြန်မာ!!!
ရန်ကုန် ✈ ဟိုချီမင်းမြို့ (၂/အောက်တိုဘာ)
လေယာဉ်ခ 0 ++++ ကျပ်မှစ၍
ပရိုမိုးရှင်းအချိန် - ၁၁း၃၀ မှ ၁၃း၃၀ နာရီ ထိ
www.vietjetair.com
VietjetAir.com
ပိုး...... ဗီယက်ဂျက် လေကြောင်းလိုင်း အသစ်
မြန်မာပြည်လာတော့မည်။လှပသော၊
အံ့ဩဖွယ်ရာအမွေအနှစ်များဖြင့်ပြည့်ဝလျက်ရှိသောတိုင်းပြည်မှ
နွေးထွေးပျူငှာသောအပြုံးနှင့်သင့်အားကြိုဆိုပါ၏။
ကမ္ဘာတွင်အကြီးမားဆုံးသောသဘာဝလိုဏ်ဂူရှိရာ ဆွန်ဒွန်းဂူ
(Son Doong),ဟာလောင်းအော (Ha Long Bay)သို့ မဟုတ် ဒါနန်
(Da Nang), နာထရမ် (Nha Trang),ဖူးကွို (Phu Quoc)
စတဲ့ငေးမောဖွယ်ရာ ကမ်းခြေများကိုခံစားရင်း.......
ရန်ကုန်– ဟိုချီမင်းမြို့ (ဗီယက်နမ်)ခရီးစဉ်သစ်အတွက်
တစ်ပတ်ကြော်ငြာပရိုမိုးရှင်းလေယာဉ်ခ "၀"ကျပ်မှစ၍.......
လေယာဉ်လက်မှတ်ဝယ်ယူနိုင်မည့်ကာလ......၂၅/၈ မှ၁/၉ နေ့
အထိလေယာဉ်လက်မှတ်ဝယ်ယူနိုင်မည့်အချိန်.....၁၁း၃၀မှ၁၃း၃၀နာရီ
အထိ(နေ့စဉ်) ခရီးသွားနိုင်မည့်ကာလ......၂.၁၀.၂၀၁၅ မှ ၃၀.၃.၂၀၁၆
လုံခြုံစိတ်ချရပြီးခေတ်အမီဆုံးလေယာဉ်တွင်အထက်တန်းကျ
သောလေယာဉ်ထိုင်ခုံများဖြင့်စတိုင်လ်ကျကျပျံသန်းကြပါစို့။အံ့ဩ
ဖွယ်ရာဖျော်ဖြေမှုများနှင့်အတူရင်းနှီးပျူငှာသောလေယာဉ်ဝန်ထမ်းများ
ကျွေးမွေးညှင့်ခံသည့်အရသာရှိသောအစားအသောက်များ
ကိုမှာယူစားသောက်နိုင်ပါသည်။
ကျွန်ုပ်တို့၏နေ့စဉ်ထူးခြားသည့်ပရိုမိုးရှင်းများအား www.vietjetair.com
တွင်နေ့စဉ် ၁၁း၃၀ မှ ၁၃း၃၀နာရီ အတွင်းရယူ၍ Vietjet
ဖြင့်ပျော်ရွှင်စွာပျံသန်းလိုက်ပါ။
ရွှေမြန်မာလေကြောင်းလိုင်း အများပိုင် ကုမ္ပဏီ လီမိတက် ။
၃လွှာ၊ဆရာစံပလာဇာ၊တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့်ဆရာစံလမ်း
ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ ။
ဖုန်း ၊ ၉၅-၁-၄၀၁၄၈၄၊ Hot line no: ၉၅-၁-၈၆၀၄၀၃၆၊ လိုင်းခွဲ-၁၁၃
ဖက် (စ်) ၊ ၉၅ ၁ ၈၆၀၄၀၅၁
ငွေပေးချေနိုင်သည့် နည်းလမ်း ၊ Visa/ Master/AMEX/JCB
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့ ။
ဟိုချီမင်းမြို့ ✈ ကန်တို ✈ ဒါလတ် ✈ နာတရန် ✈ ဖူကျို ✈ ဘွန်မသွတ် ✈ ကွေနှံ ✈ ဒါနန်း ✈ စပ် ✈ ဗင် ✈ ဟိုက်ဖွန်း ✈ ဟန္နိုင်း ✈ ထိုင်းလန် ✈ စင်ကာပူ ✈ ထိုင်ပေ ✈ ကိုရီးယား ✈ ရန်ကုန်


ဖုန်းခေါ်ဆိုခ အနည်းဆုံး
၂၀ကျပ်/မိနစ်
အခုပဲ ငွေဖြည့်ပြီး တစ်မိနစ် ၂၀ကျပ်နဲ့
ပြည်တွင်းဖုန်းအားလုံးကို ခေါ်ဆိုလိုက်ပါ။
ooredoo
ကြည်လင်ပြတ်သားတဲ့ အသံနှင့်
အခုပဲ ဖလန်းဖလန်းကို ရယူစို့
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

နွေးထွေးသောကမ်းလက်များ

# "4TV နွေးထွေးသောကမ်းလက်များမိသားစု၏ ဝုဏ်ပြုကျေးဇူးတင်လွှာ"

'4TV နွေးထွေးသောကမ်းလက်များ' မိသားစုက Myanmar Event Park (MEP)တွင် (၄-၈-၂၀၁၉) မှ (၁၁-၈-၂၀၁၉) အထိ မတည်ငွေကျပ်သိန်း တစ်ထောင်ကျော်အပြင် အခြားအလှူရှင်များ၏ စေတနာနှင့်အလှူငွေ၊ ပစ္စည်းမျိုးစုံ စုပေါင်းအင်အားများဖြင့် ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သောပစ္စည်းများကို ထောက်ပံ့လှူဒါန်းရာတွင် အဖက်ဖက်မှ ပါဝင်ကူညီလှူဒါန်းပေးခဲ့ကြပါသော အောင်စေတီဆရာတော်ဘုရားကြီးနှင့် သံဃာတော်၊ ဒါယိကာ ဒါယိကာမများ - ဆန် ၁၂၅ အိတ် ၊ ဆီ ၊ ဆေးဝါး ၊ EAC Foundation - ငွေကျပ်သိန်းတစ်ထောင် ၊ Ooredoo - ငွေကျပ်သိန်းခြောက်ရာ ၊ Myanmar Pro က စီစဥ်တင်ဆက်သည့် ရေဘေးအလှူ ဂီတဈေးရောင်းပွဲတော် - ငွေကျပ်တစ်ရာတစ်ဆယ့်ခြောက်သိန်းကျော် ၊ NELC/NIEC/ မိဖုရားလက်ဖက်ခြောက် - ငွေကျပ်တစ်ရာ့ခုနစ်သိန်းကျော်၊ မြရိပ် Media - ငွေကျပ်သိန်းတစ်ရာ၊ Premier Coffee - ငွေကျပ် ခုနစ်ဆယ့်ရှစ်သိန်း ၊ ဦးမင်းဟန်-ဒေါ်လတ်သန်းလွင်(ယုဇနလက်ဖက်) - ငွေကျပ်ခြောက်ဆယ့်ခုနစ်သိန်းကျော် ၊ JaJa Co Footwears Production Co., Ltd - ငွေကျပ် ငါးဆယ့်ခုနှစ်သိန်းကျော် ၊ 'အလှူငွေနှင့် ပစ္စည်းတန်ဖိုးကျပ်ဆယ်သိန်းနှင့် သိန်းငါးဆယ်ကြား' လှူဒါန်းသူများ ဖြစ်ကြသည့် ဗိုလ်မှူးစောဝင်းသိမ်း (ငြိမ်း)-ဒေါ်လဲ့လဲ့မိုးမိသားစု ၊ Herballines Products ၊ Fast Up Development Ltd. ၊ နီလာဒံပေါက် ၊ Digicel Myanmar Tower Co., Ltd. ၊ ရတနာပုံတယ်လီပို့ 'YTP + We Care' ၊ MR. James (Golden Eagle Company)၊ Future Com Advertising၊ မိုးကုတ်မြို့နေ ဦးဝင်းမောင်-ဒေါ်ကေသွယ်သန့် ၊ TTC ကျောင်းသားမိဘများ ၊ Sky Media ၊ မင်္ဂလာဗျူဟာပရဟိတအဖွဲ့နှင့် အများစုပေါင်းအလှူ ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) ၊ AA Medical ၊ Myanmar Tower Co., Ltd. ၊ ကိုအောင်လင်းနှင့် ဝန်ထမ်းများ ၊ Blue Crystal သောက်ရေသန့် ၊ Paradise Product Co., Ltd. ၊ ယန် အမျိုးအနွယ် စုတီတောင် ဘုရားကျောင်းအသင်း ၊ ဦးဘဟိန်း-သားလှမိုးလှိုင်-သမီးဝေဝေခိုင် မိသားစု၊ ရွှေဥယျာဥ်ကဖေး (တာချီလိတ်)၊ Cook ပဲပိစပ် မိသားစု၊ ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး ၊ ကိုအောင်ကျော်ဦးနှင့် စေတနာရှင်များ ၊ အထက (၅) ကမာရွတ် ၊ TeoChibGiab & Group of Donors Singapore ၊ Mandalay FM ပရိသတ်များနှင့် ဝန်ထမ်းများ ၊ Zamil Steel Buildings Vietnam Co., Ltd. ၊ ဦးကျော်ဌေး - ဒေါ်ကောက်မိသားစု (နယူးဇီလန်)၊ Global Link Express Co., Ltd. Mr.Ben, Mr.David, Mr.Macus ၊ Yangoods Gallery ၊ ညောင်ခါးရှည်ကျေးရွာ ရွာသူရွာသားများ ၊ ပါမောက္ခဒေါက်တာနိုင်ဝင်း - ဒေါက်တာခင်သန္တာစု သမီးပိုးဇာလီဝင်းမိသားစု ၊ MAMA ခေါက်ဆွဲ ၊ မြစ်ကြီးနားအသင်း(ရန်ကုန်)အမှုဆောင်အဖွဲ့နှင့် သာရေးနာရေးအဖွဲ့ ၊ ဦးနိုင်နှင့် Forever Group HR မိသားစု ၊ Dennis Breckenridge - ဒေါ်ဇင်မာအောင် ၊ Myanmar Pro အမှုဆောင်များအဖွဲ့ ၊ PEP နို့မှုန့်မှ ဝန်ထမ်းများ ၊ ဆရာခို ဓောခံ တိုင်းရင်းဆေးမိသားစု၊ Nok Airline Public Ltd. Company၊ ဦးမိုးသွင် - ဒေါ်နုနုရီမိသားစု ၊ ဦးစိန်မင်း - ဒေါ်နွယ်နွယ်ဝင်း မိသားစု ၊ ရွှေရည်ဝင်း အထည်ချုပ်လုပ်ငန်းများကို လည်းကောင်း၊ 'အလှူငွေနှင့်ပစ္စည်းတန်ဖိုး ဆယ်သိန်းနှင့်အောက်' လှူဒါန်းခဲ့ကြပါသော အလှူရှင်များအားလုံးကိုလည်းကောင်း ၊ ရေသန့်ဆေးထုပ်များကူညီပံ့ပိုးပေးပါသော P&G ၊ World Vision တို့ကိုလည်းကောင်း ၊ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သောအစားအသောက်များ (ငပိကြော်၊ ငါးခြောက်ကြော်)ကို လုပ်အားဒါနအဖြစ် ပါဝင် ကြော်လှော်ပေးခဲ့ကြပါသော မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA) ကိုလည်းကောင်း ၊လှူဒါန်းမှုပစ္စည်းများ ထုပ်ပိုးရာတွင် စေတနာအပြည့်ဖြင့် လာရောက်လုပ်အားဒါနပေးခဲ့ကြပါသော - မိသားစုဝင်များ၊ တစ်ဦးချင်းလာရောက်လုပ်အားဒါနပြုလုပ်ပေးခဲ့ကြသူများ၊ ပြင်ပအဖွဲ့အစည်းအသီးသီးက စေတနာရှင်များနှင့် အာဟာရဒါန အလှူရှင်များကိုလည်းကောင်း ၊ ရေဘေးသင့်ပြည်သူများထံ ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက် ကူညီပေးခဲ့ကြပါသော ဒေသအသီးသီးက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ၊ ကယ်ဆယ်ရေးစခန်းတာဝန်ခံများ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံ မြို့မိမြို့ဖများ၊ စေတနာရှင်ပြည်သူများနှင့် သွားလာရေး၊ သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ကူညီပေးခဲ့ကြသော မော်တော်ယာဉ် စက်လှေ သမ္ဗန်ပိုင်ရှင်များကို လည်းကောင်း ၊ "4TV နွေးထွေးသောကမ်းလက်များ" မိသားစု၏ လှူဒါန်းမှုခရီးစဉ်အသီးသီးတွင် အစစအရာရာအဆင်ပြေစေရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြပါသော ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို လည်းကောင်း ၊ "4TV နွေးထွေးသောကမ်းလက်များ" မိသားစု၏ လှူဒါန်းမှုပုံရိပ်များကို ထုတ်လွှင့်ပြသခဲ့သော MRTV-4, Channel 7, မဟာဗောဓိရုပ်သံလိုင်း, Readers Channel စာဖတ်သူတို့ရုပ်သံလိုင်း, For EDU Channel တို့အား မုဒိတာပွားကာ ကြည့်ရှုအားပေးခဲ့ကြသော "4TV ပရိသတ်များ" အားလုံးကိုလည်းကောင်း၊ Facebook ပေါ်တွင် "4TV နွေးထွေးသောကမ်းလက်များ" အဖွဲ့၏ Post ကို share လုပ်ပေးခဲ့ခြင်းဖြင့် ကုသိုလ်ပါဝင်ခဲ့ကြသော MRTV-4, Channel 7, Mandalay FM online user များ အားလုံးကို လည်းကောင်း ၊ မြန်မာနိုင်ငံနေရာအနှံ့အပြားရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သောပစ္စည်းများကို စနစ်တကျ ထုပ်ပိုးပြင်ဆင်၍ ပေးပို့လှူဒါန်းရာတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လုပ်အားဒါနပြုခဲ့ကြသော 4TV မိသားစုဝန်ထမ်းများ၊ MMDC မှ ကျောင်းသား/သူများအားလုံးကို လည်းကောင်း ၊ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းပေးခဲ့ကြပါသော 4TV မိသားစုဝန်ထမ်းများ၊ မိတ်ဖက်ကုမ္ပဏီများမှဝန်ထမ်းများ ၊ အနုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် အဘက်ဘက်က ဝိုင်းဝန်းကူညီလှူဒါန်းပေးခဲ့ကြသူ တစ်ဦးချင်းတစ်ယောက်ချင်းစီကို '4TV နွေးထွေးသောကမ်းလက်များ' မိသားစုဝင်များက လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

'4TV နွေးထွေးသောကမ်းလက်များ" မိသားစု



Take a selfie.
Be a tourist.
Do what you want.
Because you can.

Jetstar empowers you to travel the way you want by taking care of the things that matter most.
We'll get you there with our low fares, great service and regular flights out. It's what you do there that's most important.

jetstar.com
Jetstar Asia Airways Pte Ltd.
Jetstar

အချိန်မီ အရောက်ပို့ မယ်ဇျူ
မိုးရွာလို့ ရွှံ့ရွှံ့စိုလည်း ချန်ပီယံကတော့ အိမ်အရောက်ပို့ပေးမှာပါဗျို့
09 4333 4111 ☎ 01-682844
09 4333 4222 ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

မြေကွက်ရောင်းမည်
(ပိုင်ရှင်ကိုယ်တိုင်)
ပေ(၆၀×၆၀) ပတ်လည်၊ ရွှေပြည်သာ မြို့သစ်၊ ကတ္တရာလမ်းသွယ်ထိပ်အနီး၊ သိန်း(၁၂၀၀)
ဖုန်း-၇၉၂၁၇၇၉၃၇

# တက္ကသိုလ်ဝင်တန်းပညာဒါန အခမဲ့

၂၀၁၅-၁၆ ပညာသင်နှစ် (၁၀-တန်း) တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် လူမျိုးဘာသာမရွေး မည်သူမဆို တက်ရောက်နိုင်သည်။
ဘာသာရပ်တစ်ခုချင်းဝါရင့်ဆရာ / ဆရာမကြီးများသင်ကြားပို့ချမည်။

၁ ပတ် ၆ ရက်တက်၊ (၆) လပြတ်သင်တန်း

ပို့ချချက်၊ မှတ်စုအပြည့်အစုံပံ့ပိုးမည်၊ မည်သည့်အခကြေးငွေမှပေးရန်မလို
စက်တင်ဘာ(၁)ရက်နေ့ သင်တန်းစမည်။
သင်တန်းဝင်ခွင့်ပုံစံလက်ခံပြီ။
သင်တန်းအချိန် နေ့လယ် ၁း၃၀ မှ ညနေ ၆း၀၀ နာရီ

သင်တန်းတည်နေရာ
ကျိုက်လိယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှ ဦးစီးသော
အဘွားများသုခရိပ်သာ
အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၀၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊ ၀၉ ၇၉၇၁၄၂၅၉၀၊ ၀၉ ၇၉၇၁၄၂၅၉၁၊

**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ် ၂၉ယ/၇၄၈၀၉ Wave-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသွယ်မောင် ၈/ရနခ(နိုင်)၁၂၆၆၀၃က(ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ ကညန၊ တိုင်းရုံး (မကွေး)

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကျော်ငြိမ်းထက်အောင် ၇/ပခန(နိုင်)၂၆၂၉၈၁ ၏ လုပ်ငန်းလက်မှတ် (S.S.A- Certificate No. A 02779914)သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။
ကျော်ငြိမ်းထက်အောင် ဖုန်း-၀၉-၄၅၀၀၁၈၉၈၅၊ ၀၉-၇၉၅၆၈၁၀၄၅၆

Home
think of House, think of Home
သီရိရတနာဆိုင်ခွဲအသစ်
အထူး အခွင့်အရေး
ပထမဆုံး ဝယ်ယူသူ (၃၀) ဦး အတွက်
** Selected Items Only

BUY → GET FREE
ကြမ်းခင်း ဝယ်လျှင် → Package Promotion
ဧည့်ခန်းသုံး အစားသုံး အခန်းကာ ဝယ်လျှင် → မျက်နှာကျက် လက်ဆောင်
Kitchen Cabinet ဝယ်လျှင် → Box

TRIPLE PRESENT!!!
သုံးမျိုးတွဲ ဝယ်လျှင်
Package အလိုက် အထူးလက်ဆောင်များ
*Terms and Conditions Apply
Silver Package | Gold Package | Platinum Package | Diamond Package

သီရိရတနာဆိုင်ခွဲသစ် တစ်နေရာတည်းသာ
Building – N , Room No. (33,34) ၊ သီရိရတနာ လက်ကားဈေးသုမွှာလမ်း၊ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအနီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
HOTLINE
09 79 700 70 88
09 79 700 70 99

Number One Directory In Myanmar
YELLOW PAGES

Construction နဲ့ ပတ်သက်တာတွေ ဘယ်မှာရှာရမလဲ・・
ဆောက်လုပ်ရေးလုပ်ငန်းများ လိပ်စာပေါင်း- ၈၆၉
ဗိသုကာပညာရှင်များ လိပ်စာပေါင်း - ၅၈
အိမ်ဆောက်ပစ္စည်းဆိုင်များ လိပ်စာပေါင်း - ၈၀၃
ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လိပ်စာပေါင်း-၄၄
အိမ်တွင်းအလှပြင်လုပ်ငန်း လိပ်စာပေါင်း - ၉၀
ဘာပဲလိုလို
Everything U Need
WEB I MOBILE I PRINT
YANGON SALES DIRECT LINE 01-250700 www.yangondirectory.com
MANDALAY SALES DIRECT LINE 02-4000611 www.mandalaydirectory.com
The YANGON DIRECTORY | The MANDALAY DIRECTORY

SAMSUNG

# Galaxy Note5



Live Broadcast | Easy setup & autoconnection | Improved handwriting | UHQ Audio | Dual SIM

NEXT IS NOW

အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

SAMSUNG

www.facebook.com/samsungmobilemyanmar

Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)



myanmar Retailers association

# ဖိတ်ကြားအပ်ပါသည်

## မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း

မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း (၂) နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် "Expending Retail Business" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် လက်လီလုပ်ငန်း လုပ်ကိုင်နေကြသော လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ အားလုံးနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ ဟောပြောဆွေးနွေးပွဲကို အောက်ပါခေါင်းစဉ်များဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

Key Notes Speech

Professor Dr. Aung Tun Thet

အဖွဲ့လိုက်ဆွေးနွေးခြင်း

၁။ Franchise Business Model နှင့် ပတ်သက်၍ အခွင့်အရေးနှင့် စိန်ခေါ်မှုများ
ဦးဆောင်ဆွေးနွေးသူ- ပါမောက္ခ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်

၂။ လက်လီလုပ်ငန်းများအတွက် ငွေကြေးအထောက် အပံ့ ရရှိနိုင်မည့် နည်းလမ်းများ
ဦးဆောင်ဆွေးနွေးသူ- ဦးသူရကို (မန်နေးဂျင်းဒါရိုက်တာ, YGA Capital Ltd)

၃။ လက်လီလုပ်ငန်းများအတွက် အရေးပါလာမည့် နည်းပညာများနှင့် အင်တာနက် ဈေးရောင်းချမှု အခွင့်အလမ်းများ
ဦးဆောင်ဆွေးနွေးသူ - ဒေါက်တာထွန်းသူရသက် (မန်နေဂျင်းဒါရိုက်တာ, MIT)

လူဦးရေကန့်သတ်ထားပါသောကြောင့် 25.8.2015 နောက်ဆုံးထား၍ MMRA ဖုန်းနံပါတ်များသို့ တက်ရောက်မည့်သူအမည်၊ ဖုန်းနံပါတ် ကို ကြိုတင်စာရင်းပေးသွင်းပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

နေ့ရက် - 26.8.2015
အချိန် - နေ့လည် 1 နာရီမှ 5 နာရီ ထိ
နေရာ - Myanmar Convention Center (MCC) မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်။
စာရင်းပေးသွင်းရန် - 09 314 22 555
09 314 22 777
e-mail: info@mramyanmar.com

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) ၏ သတင်းစာပုံနှိပ်လုပ်ငန်းနှင့် အခြားဘေးထွက်ပစ္စည်း(၁၀) မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၂၄-၈-၂၀၁၅ ရက်မှ ၃၁-၈-၂၀၁၅ ရက်အထိ နေ့စဉ်၀၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၉-၂၀၁၅ ရက် ၁၁း၀၀ နာရီမတိုင်မီ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ် အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ၁-၉-၂၀၁၅ ရက် ၁၃း၀၀ နာရီတွင် အိတ်ဖွင့်လေလံဖွင့်လှစ်မည်ဖြစ်ပါသည်။

၅။ အဆိုပါ ဘေးထွက်ပစ္စည်းအမျိုးအမည် အရေအတွက်ပစ္စည်းမျက်မြင် အခြေအနေ ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၂-၃၂၇၂၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**
**ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

---

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် အသုံးပြုရန် အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ပါကြောင်း အကြောင်းကြားပါသည်-

(က) Liquid Nitrogen Plant (30 Liter/ Hour)
(ခ) ဓာတ်ခွဲခန်းသုံးစက်ပစ္စည်း (၂)မျိုး
(ဂ) တာယာ၊ ဘက်ထရီနှင့် အင်ဂျင်ဝိုင်၊ ဘရိတ်ဆီများ
(ဃ) ၁၀၀ စီစီ ပလတ်စတစ်ပုလင်းခွံ၊ ရာဘာအဆို့နှင့် ဒန်အဖုံးများ
(င) ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၇၇၊ ၀၉-၄၃၀၃၆၆၇၈၊ ၀၉-၅၁၅၂၀၂၂တို့သို့ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**စက်ကိရိယာတန်ဆာပလာများ**

| | | |
|---|---|---|
| 1. | Power Main Incoming Cable Laying & Accessories | (1 Lot) |
| (a) | $4Cx120mm^2$ Cable | (70m) |
| (b) | Ø 110mm HDPE Pipe (PN-10) | (60m) |
| (c) | Ø mm HDPE Elbow (PN-10) | (5 Nos) |
| (d) | Accessiories | (1 Lot) |
| 2. | Cup Counter Anemometer (UK) | (4 Nos) |

၂။ တင်ဒါပိတ်ရက်မှာ ၄-၉-၂၀၁၅ရက် ညနေ ၁၅း၃၀နာရီတွင် နောက်ဆုံးထား တင်သွင်းရန်နှင့် တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၅)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၃၂၊ ၄၁၁၄၄၆**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**
**မုံရွာမြို့**

## (ဒီဇိုင်းတင်ဒါခေါ်ယူခြင်း)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချင်းတွင်းမြစ်ကမ်းနားပတ်လမ်းနှင့် အိုးဘိုတောင်အင်းဘေး မြေနေရာ(၂၀ဒသမ ၅)ဧကပေါ်တွင် ဟိုတယ်ဇုန်စီမံကိန်းအား ဒီဇိုင်းပုံစံရေးဆွဲယှဉ်ပြိုင်မှုစနစ်ဖြင့် ရွေးချယ်တည်ဆောက်သွားမည်ဖြစ်ပါသဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် ဒီဇိုင်းပုံစံများကို တင်သွင်းနိုင်ပါသည်။

၂။ **ဒီဇိုင်းတင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၈-၂၀၁၅ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၆-၉-၂၀၁၅ ရက်
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၇-၉-၂၀၁၅ ရက်
**အချိန်** - ၁၆း၃၀ နာရီ

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဒီဇိုင်းစီစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၇၁-၂၄၈၇၂**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**
**Union Civil Service Board**

## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁၃ / ၂၀၁၅
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် )

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ကုသရေးဦးစီးဌာန(ရုံးချုပ်)နှင့်ဗဟိုအဆင့်ဆေးရုံကြီးများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဦးစီးအရာရှိ(ငွေစာရင်း) | ၉ နေရာ | ဝါဏိဇ္ဇဘွဲ့/စာရင်းကိုင်ပညာဘွဲ့/ဝါဏိဇ္ဇဘွဲ့ရရှိပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၁၈-၉ -၂၀၁၅ ရက်နေ့တွင် **အသက် ၃၀ နှစ် (ဝန်ထမ်းဖြစ်ပါကအသက် ၃၅ နှစ်)**ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကိုပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၈ - ၉ -၂၀၁၅ ရက်နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၃ - ၃ -၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၂၁ /ရွေးချယ်ရေး (အဓိက)၂၀၁၄ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနအကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိစာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ဖြစ်စေ ၁၈ - ၉ -၂၀၁၅ ရက်နေ့အရောက်ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂ - ၁ -၂၀၁၆ ရက်(စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၃ - ၁ -၂၀၁၆ ရက်(တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်းဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၃၀ - ၁၂ -၂၀၁၅ ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင်ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် ( တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀ ) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။




---

**အမည်ပြောင်း**

ဟသ်ာတမြို့နယ်၊ တလုတ္တော် တိုက်နယ်၊ ဘိတ်ရိုးအုပ်စု၊ ငါးရှဉ့်ဂယက်ကျေးရွာနေ ဦးခင်မောင်ဦး၏သမီး နော်လဲ့ရီပြုး ၁၄/ဟသတ(နိုင်)၃၂၆၄၄၆အားနော်လဲ့ယဉ်ပြုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **နော်လဲ့ယဉ်ပြုး**

---

**အမည်ပြောင်း**

ဟသ်ာတမြို့နယ်၊ တလုတ္တော် တိုက်နယ်၊ဘိတ်ရိုးအုပ်စု၊ ဘိတ်ရိုးကျေးရွာနေ ဦးအန်ထော်နီ၏သား စောဆမဆုန် ၁၄/ဟသတ(နိုင်) ၃၄၆၃၅၉အား စောဆန်မိဆုမ်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။ **စောဆန်မိဆုမ်**

---

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ် အထက(၁)၊ တက္ကသိုလ်ဝင်တန်း (D) တွင် ပညာသင်ကြားနေသော မငြိမ်းငြိမ်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းမျိုးအောင်၅/ရဘန(နိုင်)၀၁၃၁၄၁ ဖြစ်ပါသည်။

---

**မိခင်အမည်မှန်**

ဆင်ဖြူကျွန်းမြို့၊ ပြည်စိုးကုန်း အထက (ခွဲ)၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ဆန်းလင်းမောင်၏ မိခင်အမည်မှန်မှာ ဒေါ်မင်းမင်းအေး ၈/စလန(နိုင်)၀၈၉၅၅၂ဖြစ်ပါကြောင်း။

---

**အမည်ပြောင်း**

ဦးစိုးဦး ၁၂/ဥကတ(နိုင်)၀၃၂၈၈၂၏ သား ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ N.3 ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ထက်ကောင်းမြတ်အားမောင်ဝေယံမိုးအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

---

**ဖခင်မည်မှန်**

ပေါင်မြို့နယ်၊ အထက(ပေါင်) တက္ကသိုလ်ဝင်တန်းမှ(E)မှ မနန်းမေဦးခင်၏ ဖခင်အမည်မှန်မှာ ဦးခွန်မြဦး ဖြစ်ပါသည်။
**ဦးခွန်မြဦး ၃/ဘအန(နိုင်)၂၁၇၈၇၀**

---

**ဖခင်အမည်မှန်**

အမက(၁၉)၊ လှိုင်မြို့နယ်၊ စတုတ္ထတန်းမှ မအိမ့်အိမ့်သူ၏ ဖခင်အမည်မှန်မှာ ဦးဘိုဘို ဖြစ်ပါသည်။

---

**မိဘအမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ညောင်အိုင်အုပ်စု ညောင်အိုင်ကျေးရွာနေ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြား နေသော မသူဇာမြင့်၏ မိဘအမည်မှန်မှာ ဦးနန်းဝင်းလတ် ၉/သစန(နိုင်)၁၀၆၁၈၈နှင့် ဒေါ်ခင်လေးဝေ ၉/သစန(နိုင်)၁၀၆၁၉၀တို့ ဖြစ်ပါကြောင်း။
**ဦးနန်းဝင်းလတ်- ဒေါ်ခင်လေးဝေ**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ညောင်အိုင်အုပ်စု ညောင်အိုင်ကျေးရွာနေ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မထွန်းအိဝင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဈေ (ခ)ဦးထွန်းငွေ ၉/သစန(နိုင်)၀၃၄၇၅၃သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။
**ဦးထွန်းဝေ (ခ) ဦးထွန်းငွေ**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျိုက်လတ်မြို့နယ်၊ လှိုင်းတာ ကျေးရွာအုပ်စု အောက်ရုံးကျေးရွာခွဲနေ စောစိုင်းမယ်(ခ)စိုင်းမိုင် ၁၄/ကလန (နိုင်) ၀၁၆၂၂၉သည် တစ်ဦးတည်းဖြစ်ပါသည်။

---

**အမည်ပြောင်း**

ဦးခင်သောင်း ၁၄/ဒဒရ(နိုင်) ၀၂၃၆၈၂၏သား ဒလမြို့နယ်၊ အထက (၂) နဝမတန်း (၂၀၀၉-၂၀၁၀)ပညာသင်သော မောင်သက်သက်ထွေးအား မောင်နောင်နောင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်နောင်နောင်လင်း**

---

**သားအဖြစ်မှ**
**အမွေပြတ်စွန့်လွှတ်ခြင်း**

အမှတ် ၈၇၁၊ မေခလာလမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခိုင်ခိုင်ဝင်း ၁၂/ဥကတ(နိုင်)၁၄၀၈၈၂၏ သား မောင်သူရိန် ၁၂/ဥကတ(နိုင်) ၁၈၀၄၆၃သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။
**မိခင်**
**ဒေါ်ခိုင်ခိုင်ဝင်း**

## စက်မှုဝန်ကြီးဌာန
## အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း
## သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်
## တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ စီမံကိန်းများသို့ Container များနှင့် General Cargo များအား သယ်ယူပို့ဆောင်ရန်ရှိပါသည်။ ထို့ပြင် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)၌ စီမံကိန်းဝင်ပစ္စည်းများ ယာဉ်အောက်သို့ချခြင်း (Unloading) လုပ်ငန်းများလည်းရှိပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ စည်းကမ်းအချက်အလက်များအား ထုတ်လုပ်ရေးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် ၃၀၊ နေပြည်တော် ရုံးချိန်အတွင်း ဖုန်း- ၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁ တို့သို့ အသေးစိတ်မေးမြန်း၍ ထုတ်ယူနိုင်ပါသည်။

**တင်ဒါပုံစံစတင်ထုတ်ပေးရက်** - ၂၅-၈-၂၀၁၅ ရက်
**တင်ဒါပိတ်ရက်** - ၈-၉-၂၀၁၅ ရက် ၁၂:၀၀ နာရီ

**ထုတ်လုပ်ရေးဌာန**
**အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း**

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## ဝန်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံးတွင် ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်မည့် စာရေးကိရိယာ(၃၉)မျိုးနှင့် ရုံးသုံးစက်ပစ္စည်းများအား အသုံးပြုရန် Toner ဆေးဘူးများအတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၂၈-၈-၂၀၁၅ ရက် ညနေ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်အများကို အောက်ဖော်ပြပါလိပ်စာများတွင် ရုံးချိန်အတွင်း တစ်စောင်လျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံး**
**ရုံးအမှတ် ၄၈၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၀၁၁၊ ၀၆၇-၄၃၁၀၀၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၈-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၇-၈-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျန်စစ်မင်း တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါရောင်းချမည့်ရက်** - ၂၆-၈-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
၃။ **တင်ဒါပိတ်မည့်ရက်** - ၈-၉-၂၀၁၅ ရက် (အင်္ဂါနေ့)
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရုံးအမှတ် ၄၀၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၆၂၉**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၃) ပခုက္ကူမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရမည့် လုပ်ငန်းများ (ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးကြိုးတံတား၊ မိုင်းစံကြိုးတံတားအပါအဝင်)အတွက် လိုအပ်သော အောက်ဖော်ပြပါဆောက်လုပ်ရေး ပစ္စည်းများအား လုပ်ငန်းခွင်သို့ အရောက်သယ်ယူလိုပါသည်။

(၁) ဘိလပ်မြေ
(၂) သံချောင်းလုံး အပါအဝင် တန်ဖြင့်တွက်ချက်ရသော ပစ္စည်းများ

တင်ဒါလျှောက်လွှာများကို ဒုတိယ-ညွှန်ကြားရေးမှူးရုံး တံတားအထူးအဖွဲ့(၃) ပခုက္ကူတွင် ၂၁-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၂-၂၂၈၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၈-၂၀၁၅ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်** - ၃-၉-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၃-၉-၂၀၁၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဒု-ညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၃)၊ ပခုက္ကူမြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် အသုံးပြုမည့် အောက်ဖော်ပြပါလုပ်ငန်းသုံးနှင့် ရုံးသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၁။ သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း (၇၅)မျိုး
၂။ ရုံးသုံးစက်ပစ္စည်း (၂၄)မျိုး
၃။ ပရိဘောဂ (၁၅)မျိုး
၄။ Technical Books

၂။ တင်ဒါစက်ပစ္စည်းအသေးစိတ်အား သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်မှာ ၂၄-၈-၂၀၁၅ ရက် မှ ၁၁-၉-၂၀၁၅ရက်အထိဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၆၆၅၂၉၂၊ ၆၆၃၂၅၈၊ ၆၆၃၀၂၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ကွမ်းခြံကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဆေးနှုန်းအဆိုပြုလွှာများ တင်သွင်းမည့်ကုမ္ပဏီများအား တင်ဒါကြော်ငြာခေါ်ယူအပ်ပါသည်။

၁။ အမှိုက်မီးရှို့စက်ဆောက်လုပ်ခြင်းလုပ်ငန်း (၁၉'× ၁၉')
၂။ ဆေးသိုလှောင်ရုံဆောက်လုပ်ခြင်းလုပ်ငန်း (၄၂'× ၄၀')
၃။ အမျိုးသားနှင့် အမျိုးသမီးလူနာဆောင်အား ကြမ်းခင်းခြင်းနှင့် နံရံကြွေပြားကပ်ခြင်းလုပ်ငန်း ၂ (၄၉'×၂၀')
၄။ ဆေးရုံအဆောက်အအုံအမိုးဒိုင်းနှင့် မျက်နှာကြက်ပြုပြင်ခြင်းလုပ်ငန်း

| | | |
|---|---|---|
| (က) | RC နှစ်ထပ်ဆောင် | ၁၂၀'×၂၅'×၂၀' |
| (ခ) | တစ်ထပ်အုတ်ပတ်ကားဆောင် | ၁၂၀'× ၃၃'×၁၂' |
| (ဂ) | ဓာတ်မှန်ဆောင် | ၂၈'-၆"× ၂၈'-၆" |
| (ဃ) | MCH နှင့် TB ဌာနတစ်ထပ်ဆောင် | ၆၃'×၃၄'×၁၂' |
| (င) | ကားဂိုဒေါင်အမိုးပြုပြင်ခြင်း | ၁၄'×၂၀' |
| (စ) | ရေစက်အမိုးပြုပြင်ခြင်း | ၁၄'×၁၀' |
| (ဆ) | မီးစက်အမိုးပြုပြင်ခြင်း | ၉'-၆"×၉'-၆" |
| (ဇ) | မိုးရေလှောင်ကန် | ၁၉'× ၈' |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ကွမ်းခြံကုန်းမြို့နယ်ဆေးရုံ၊**
**ကွမ်းခြံကုန်းမြို့ ဖုန်း-၀၁-၂၆၅၀၂၃**




## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ဇီဝနည်းပညာနှင့်ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန
## ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာနတွင် SURRC Pulsed Photostimulated Luminescence system (1)No ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဤဦးစီးဌာန၏ ငွေစာရင်းဌာန (ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁-၉-၂၀၁၅ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ငွေစာရင်းဌာန (ကျောက်ဆည်)**
**ဖုန်း-၀၆၆-၅၀၃၂၂၊ ၅၀၅၀၉**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ဇီဝနည်းပညာနှင့်ဒြပ်ပစ္စည်းသိပ္ပံသုတေသနဦးစီးဌာန
## ဇီဝနည်းပညာသုတေသနဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဌာနတွင် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(1) Rice Combine Harvester (1)No
(2) Hydraulic Press (6 Ton) (1)No
(3) နွားစာ (အစာနု)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဤဦးစီးဌာန၏ ငွေစာရင်းဌာန(ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁-၉-၂၀၁၅ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ငွေစာရင်းဌာန(ကျောက်ဆည်)**
**ဖုန်း-၀၆၆-၅၀၃၂၂၊ ၅၀၅၀၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/3056 Honda Fit, Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဝင်း ၁၂/မရက(နိုင်)၀၉၈၄၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ရောင်းမည်

တိုက်အမှတ် ခြောက်လွှာ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။ **ဖုန်း-၀၉- ၂၆၂၀၀၁၄၈၀၊ ၀၉-၀၉၅၃၆၃၆၆၁**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့၊ ရွှေဘုံသာရပ်ကွက်၊ ဗန္ဓုလလမ်း၊ အိမ်အမှတ်(၃၈)နေ ဦးထွန်းလွင်-ဒေါ်မြင့်သန်းကြည်တို့၏ ဒုတိယမြောက်သမီး မစိုးစိုး(ခ)မစန္ဒာဦး ၆/ဘပန(နိုင်)၀၁၂၀၉၆၅ သည် မိဘများ၏ဆိုဆုံးမမှုကိုနားထောင်ခြင်းမရှိဘဲ အမျိုးမျိုးဒုက္ခပေးနေပြီး ၂၇-၅-၂၀၁၅ရက်တွင် မိမိဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးထွန်းလွင်- ဒေါ်မြင့်သန်းကြည်**

## သားသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ဦးဌေးဝင်း၏ သားသမီးများဖြစ်ကြသော သမီး မလီလီဝင်းနှင့် သား ကိုဇော်အောင်တို့သည် ဖခင်ဖြစ်သူ ကျွန်တော့်အား ဖခင်တစ်ဦးကဲ့သို့ မဆက်ဆံကြဘဲ နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲအောင် ပြုလုပ်နေကြပါသဖြင့် ၎င်းတို့နှစ်ဦးအား ယနေ့မှစ၍ သားသမီးအဖြစ်မှ စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဌေးဝင်း**
**၁/ဝမန(နိုင်)၀၀၀၁၅၀**

# ရွေးကောက်ပွဲသည် နိုင်ငံအတွက်အရေးကြီးသလို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သော ရလဒ်များဖြင့် နိုင်ငံဂုဏ်သိက္ခာနှင့် ပုံရိပ်ကောင်းတို့ကို ထင်ဟပ်စေမှာဖြစ်

သတင်းဆောင်းပါး-တင်မောင်လွင်(မြန်မာ့အလင်း) ➤ ဓာတ်ပုံ-ဇော်ဝင်းအောင်

နေပြည်တော် ဩဂုတ် ၂၃

မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပရန် ရက်ပေါင်း ၇၀ ကျော်သာ လိုတော့သည်ဖြစ်ရာ ရွေးကောက်ပွဲကျင်းပမည့်ရက် တဖြည်းဖြည်းနီးကပ်လာသည်နှင့်အမျှ လူထုအနေဖြင့် ပိုမိုစိတ်ဝင်စားလာသလို နိုင်ငံအဝန်းရွေးကောက်ပွဲနှင့်ပတ်သက်သည့် လှုပ်ရှားမှုများကိုလည်း ပိုမိုမြင်တွေ့လာရတော့မည် ဖြစ်သည်။ ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ သမိုင်းဝင်မှတ်ကျောက်တင်မည့် ရွေးကောက်ပွဲ ဖြစ်သလို ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ အသွင်ကူးပြောင်းရောက်ရှိနေပြီ ဖြစ်ကြောင်းနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို

စာမျက်နှာ ၁၁ ကော်လံ ၁ ❒

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၃-၈-၂၀၁၅

| |
|---|
| သထုံမြို့ |
| ၃ ဒသမ ၉၀ လက်မ |
| ညောင်လေးပင်မြို့ |
| ၃ ဒသမ ၈၆ လက်မ |
| ကျိုက်မရောမြို့ |
| ၃ ဒသမ ၇၇ လက်မ |
| မုဒုံမြို့ |
| ၃ ဒသမ ၆၂ လက်မ |
| မော်လမြိုင်မြို့ |
| ၂ ဒသမ ၈၃ လက်မ |
| ရေးမြို့ |
| ၂ ဒသမ ၆၈ လက်မ |

## မြန်မာယူ-၁၉ အသင်း ပွဲဦးထွက်နိုင်

ဗီယန်ကျင်း ဩဂုတ် ၂၃

အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ကျင်းပရာ မြန်မာယူ-၁၉ အသင်းမှာ ပွဲဦးထွက် နိုင်ပွဲစတင်ရရှိခဲ့သည်။

| | | |
|---|---|---|
| မြန်မာယူ-၁၉ | - | တစ်ဂိုး |
| စင်ကာပူယူ-၁၉ | - | ဂိုးမရှိ |

မြန်မာယူ-၁၉ အသင်းမှာ ခြေစွမ်းပိုင်းအသာရခဲ့သော်လည်း တိုက်စစ်ပိုင်း လိုအပ်ချက်များကြောင့် တစ်ဂိုးဖြင့်သာကပ်၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။ စင်ကာပူအသင်းမှာ ခြေစွမ်းပြနိုင်ခြင်းမရှိ၍ မြန်မာအသင်းမှာ တစ်ဖက်သတ်နီးပါး ဖိကစားနိုင်ခဲ့သော်လည်း နိုင်ငံတကာပွဲ အတွေ့အကြုံနုနယ်မှုကြောင့် နိုင်ပွဲရရှိရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းမှာ အောင်ကောင်းမာန်၊ ရဲရင့်အောင်၊ ဇင်ဖြိုးအောင်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ မြန်မာအသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ထိရောက်သည့်ဂိုးသွင်းခွင့် ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

စာမျက်နှာ ၆ ကော်လံ ၆ ❍



အုပ်စုအဖွင့်ပွဲစဉ်တွင် စင်ကာပူအသင်းဘက်သို့ မြန်မာအသင်း ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။

## မြန်မာ့ရိုးရာလက်ဝှေ့လောကသို့ ဝမ်ချိုင်းမျိုးဆက်သစ် လွမ်ချိုင်း ခြေချပြီ



လွမ်ချိုင်း(ငြိမ်းချမ်းရေး)နှင့် စောမင်းအောင်(မုဒုံသား) ယှဉ်ပြိုင်ထိုးသတ်စဉ်။

သတင်းမြင်ကွင်း-မင်းခေတ်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)ကစီစဉ်သည့် မျိုးဆက်သစ်မြန်မာဖိုက် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူ ရိုးရာအားကစားလက်ဝှေ့ရုံ၌ ကျင်းပခဲ့ရာ တစ်ချိန်က မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် နာမည်ကြီးလက်ဝှေ့ကျော်ဖြစ်ခဲ့သည့် ဝမ်ချိုင်း မျိုးဆက်သစ် လွမ်ချိုင်း စတင်ဝင်ရောက် ခြေချယှဉ်ပြိုင် ထိုးသတ်ခဲ့သည်။

"လွမ်ချိုင်းအနေနဲ့ မျိုးဆက်သစ်ပွဲကို ပထမဦးဆုံး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်တာ ဖြစ်ပါတယ်။ အရင်ကတော့ ငါးပွဲထိုးဖူးတယ်။ ဒါနဲ့ဆို

စာမျက်နှာ ၁၃ ကော်လံ ၁ ❁

## တိုင်ဖုန်းမုန်တိုင်း ဂိုနီနှင့် အက်ဆာနီတို့ အားပျော့ကာ မြောက် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေ

နေပြည်တော် ဩဂုတ် ၂၃

ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော တိုင်ဖုန်းမုန်တိုင်းဂိုနီသည် အားပျော့သွားကာ တစ်နာရီလျှင် လေတိုက်နှုန်း မိုင် ၈၀ ဖြင့် တိုက်ခတ်လျက်ရှိပြီး မုန်တိုင်းအမျိုးအစားမှာ အဆင့် ၁ သို့ လျော့ကျသွားပြီဖြစ်သည်။ ဂိုနီ၏ လေတိုက်နှုန်းမှာ နောက် ၂၄ နာရီအတွင်း တစ်နာရီလျှင် ၉၅ မိုင်နှုန်းရှိလာနိုင်ပြီး မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကြောင်း သိရသည်။

အလားတူ တိုင်ဖုန်းမုန်တိုင်း အက်ဆာနီသည် ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိရာမှ ၁၂ရက်မြောက်နေ့တွင် မုန်တိုင်းအမျိုးအစား အဆင့် ၁ သို့ ရောက်ရှိခဲ့ပြီး တစ်နာရီလျှင် မိုင် ၈၀ နှုန်းဖြင့် တိုက်ခတ်လျက်ရှိသည်။ နောက် ၂၄ နာရီအတွင်း အဆိုပါမုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု ဗဟိုဌာန၏ ယနေ့မွန်းလွဲပိုင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

(သတင်းစဉ်)




မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNEWS

# ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

*ဩဂုတ် ၂၃ ရက်မှအဆက်*

၁၇။ (က) ရထားပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ရထားကုမ္ပဏီသည် ပုဒ်မ ၁၃ ပါအချက်အလက်များပြည့်စုံပါက လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က)အရ လုပ်ငန်းလိုင်စင်ထုတ်ပေးရန်လျှောက်ထားချက်ကို စိစစ်ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လိုအပ်ချက်များနှင့် ပြည့်စုံမှု ရှိ မရှိ၊ ရထားလုပ်ငန်းစီမံချက်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ နှင့် လုပ်ငန်းလိုင်စင် ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက် တင်ပြစေရန် စီမံရေးအဖွဲ့အား တာဝန်ပေးအပ်ရမည်။

၁၈။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင် ထုတ်ပေးရန် လျှောက်ထားချက်နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ (ခ) အရ စီမံရေးအဖွဲ့က တင်ပြသည့် သဘောထားမှတ်ချက်တို့ကိုစိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် လိုအပ်ချက်များ ပြန်လည်ပြုလုပ်၍ တင်ပြစေခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၁၉။ (က) ရပ်နားစခန်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ထိုလျှောက်ထားချက်ကို ခွင့်ပြုပါက လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၂၀။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ထိုလျှောက်ထားချက်ကို ခွင့်ပြုပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင်သက်တမ်းကို သတ်မှတ်၍ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရမည်။

၂၁။ လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) လုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခြင်း မပြုရ။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ ရထားကုမ္ပဏီက လိုက်နာရမည့် တာဝန်များကို ပျက်ကွက်ခြင်းမရှိစေရ။

၂၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် လုပ်ငန်းလိုင်စင်ရရှိက သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ လိုက်နာရမည့်တာဝန် တစ်ရပ်ရပ်ကို သော်လည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း တွေ့ရှိလျှင် ထိုကုမ္ပဏီအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

### အခန်း (၆)
### ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခွင့်

၂၃။ မြန်မာ့မီးရထားသည် အများပြည်သူသွားလာရေး ပိုမိုလွယ်ကူချောမွေ့ အဆင်ပြေစေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနိုင်စေရန်အလို့ငှာ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရထားကုမ္ပဏီများနှင့် ပူးပေါင်း၍ တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်းစနစ် (BOT) ဖြင့် ဖြစ်စေ၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်-လွှဲပြောင်းစနစ် (BOOT) ဖြင့် ဖြစ်စေ၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ကိုင်စနစ် (BOO) ဖြင့် ဖြစ်စေ၊ တည်ဆောက်-ငှားရမ်း-လွှဲပြောင်းစနစ် (BLT) ဖြင့် ဖြစ်စေ၊ ပုံစံထုတ်-တည်ဆောက်-ငွေကြေးပံ့ပိုး-လုပ်ကိုင်စနစ် (DBFO) ဖြင့် ဖြစ်စေ၊ ပုံစံထုတ်-ဆောက်လုပ်-စီမံ-ငွေကြေး ထောက်ပံ့စနစ် (DCMF)ဖြင့် ဖြစ်စေ၊ အခြားပူးပေါင်းလုပ်ကိုင်သည့် စနစ်ဖြင့်ဖြစ်စေ စီးပွားရေး လုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းစီမံချက်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြနိုင်သည်။

၂၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၂၃ အရ မြန်မာ့မီးရထား၏တင်ပြချက်ကိုစိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မြန်မာ့မီးရထား၏ တင်ပြချက်ကို ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးရမည်။

၂၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ရထားအဖွဲ့အစည်းက စီမံခန့်ခွဲပိုင်ခွင့်ရှိသော သို့မဟုတ် ပိုင်ဆိုင်သော မြေ၊ အဆောက်အအုံနှင့် ရထားလုပ်ငန်းဆိုင်ရာ ပစ္စည်းများကို အကျိုးရှိစွာအသုံးပြု၍ ဝင်ငွေတိုးတက်ရရှိရေးအလို့ငှာ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်။

၂၆။ ရထားအဖွဲ့အစည်းသည် ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အောက်ပါစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) မြေငှားရမ်းခြင်း၊

( ခ ) အဆောက်အအုံတည်ဆောက်ခြင်း၊ ငှားရမ်းခြင်း၊

( ဂ ) ရထားတွဲ၊ တွဲဆိုင်း၊ စက်ခေါင်း၊ သံလမ်းယာဉ်၊ ဆက်သွယ်ရေးလိုင်းကြိုးများ၊ စက်ရုံအလုပ်ရုံ၊ စက်ကိရိယာ၊ ယာဉ်ယန္တရားနှင့် ပစ္စည်းများ ငှားရမ်းခြင်း၊

(ဃ) မိမိတို့ တည်ဆောက်သော တံတားဖြတ်သန်းခများ ကောက်ခံခြင်း၊

( င ) ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ငွေလဲလှယ်ခြင်းလုပ်ငန်း၊ သုတေသနလုပ်ငန်း၊ အကြံပေးလုပ်ငန်း၊ ကွန်တိန်နာယာဒ်များနှင့် ကုန်းတွင်းဆိပ်များ တည်ဆောက်ရေးလုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ အငှားယာဉ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ကူးတို့လုပ်ငန်း၊ ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း အပါအဝင် အခြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) ရထားတွဲ၊ စက်ခေါင်း၊ တံတားပေါင်နှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း၊

(ဆ) ရထားအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့် အခွင့်အလမ်းကို အသုံးချ၍ အခြားစီးပွားရေးလုပ်ငန်းများကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း။

### အခန်း(၇)
### ရထားပို့ဆောင်ရေးလုပ်ငန်းများကို စစ်ဆေးခြင်း

၂၇။ ရထားအဖွဲ့အစည်းသည် ရထားပို့ဆောင်ရေးလုပ်ငန်း လုံခြုံချောမွေ့စေရေးအတွက် စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများကို ခန့်အပ်တာဝန်ပေးရမည်။ ထိုသို့ခန့်အပ်တာဝန်ပေးထားသည့် စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများဖြင့် စစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်း၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းပြီး စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို တင်ပြစေနိုင်သည်။

၂၈။ ပုဒ်မ ၂၇ အရ ခန့်အပ်ထားသည့် စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးမှူးများနှင့် ဖွဲ့စည်းထားသည့် စစ်ဆေးရေးအဖွဲ့များသည် ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည် -

(က) ရထား၊ ရထားလမ်းနယ်မြေနှင့် ရထားလမ်းယာဉ်များအပါအဝင် ရထားလုပ်ငန်းဆိုင်ရာ ပစ္စည်းများပေါ်သို့ ဝင်ရောက်စစ်ဆေးခြင်း၊ မေးမြန်းခြင်းနှင့် လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများအား လိုအပ်သည့်အချိန်အခါများတွင် တင်ပြစေခြင်း၊

(ခ) ရထားလမ်းများ သို့မဟုတ် ရထားလမ်းယာဉ်များ စံချိန်စံညွှန်း ညီညွတ်ခြင်း ရှိ မရှိ အချိန်ကာလသတ်မှတ်၍ စစ်ဆေးခြင်း၊

(ဂ) ရထားလမ်းတွင် ဖြစ်ပွားသည့် မတော်တဆမှုအား ဆောလျင်စွာ စုံစမ်းစစ်ဆေးပြီး အစီရင်ခံစာ တင်ပြခြင်း၊

(ဃ) ရထား၊ ရထားလမ်း၊ ရထားလမ်းယာဉ်နှင့် ရထားပို့ဆောင်ရေးလုပ်ငန်းတို့ကို ရှောင်တခင်စစ်ဆေးခြင်းနှင့်အစီရင်ခံစာတင်ပြခြင်း၊

(င) ဤ ဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ သတ်မှတ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ဆောင်ရွက်ခြင်း။

### အခန်း(၈)
### ရထားလုပ်ငန်းများတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း

၂၉။ ရထားအဖွဲ့အစည်းသည် အများပြည်သူအကျိုးအတွက် ရထားလမ်းဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သော အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက် မည်သည့်နေရာတွင်မဆို ဆင်ခြေလျှော၊ ပေါင်းကူး၊ ဥမင်လိုဏ်ခေါင်း၊ ရေပြွန်၊ တာပေါင်၊ ရေသွယ်တံတား၊ တောင်ကူးတံတား၊ လမ်းတံတား၊ ရထားလမ်း၊ လူသွားလမ်း၊ပြွန်၊ မြောင်း၊ တံတားတိုင်၊ တူးပေါင်နှင့် ခြံစည်းရိုးများကို ယာယီ သို့မဟုတ် အမြဲတမ်းအဖြစ် တည်ဆောက်ခြင်း၊

(ခ) ဥမင်လိုဏ်ခေါင်းများ၊ တံတားများ၊ လူသွားလမ်းများနှင့် အခြားလုပ်ငန်းများကို ဆောက်လုပ်ရန်အတွက်သော်လည်းကောင်း၊ ထိန်းသိမ်းရန်အတွက်သော် လည်းကောင်း၊ မြစ်၊ ချောင်း၊ မြောင်း၊ စမ်းတို့၏ ရေစီးရေလာကို ပြောင်းလဲပစ်ခြင်းအပြင် ရထားအဖွဲ့အစည်းက လိုအပ်သည်ဟု ယူဆပါက ရထားလမ်းအထက်၊ အောက်၊ ဝဲ၊ ယာတို့မှ လွယ်လင့်တကူ စီးဆင်းသွားနိုင်ရန်အလို့ငှာ မြစ်၊ ချောင်း၊ မြောင်း၊ စမ်းတို့၏ ရေစီးရေလာတို့ကို ပြောင်းလဲပစ်ခြင်းနှင့် လမ်းအမျိုးအစား အမျိုးမျိုးတို့၏ မျက်နှာပြင်အနေအထားကို မြှင့်တင်ခြင်း၊ နှိမ့်ချခြင်း၊

(ဂ) ရထားလမ်းမှ သို့မဟုတ် ရထားလမ်းသို့ ရေသွယ်ထုတ်ယူနိုင်ရန်အတွက် ရထားမြေနှင့် ဆက်စပ်လျက်ရှိသော အခြားမြေ၏အတွင်းသို့ ဖြစ်စေ၊ အောက်မှဖြစ်စေ၊ ဖြတ်၍ဖြစ်စေ ရေမြောင်း၊ ရေပိုက်များ သွယ်တန်းခြင်း၊

(ဃ) သိုလှောင်ရုံများ၊ ရုံးခန်းများ၊ လူနေအိမ်များနှင့် အခြားအဆောက်အအုံများ၊ တွဲစီဝင်းများ၊ ဘူတာများ၊ စက်ရုံများ၊ ဆိပ်ခံတံတားများ၊ ရထားများ၊ ရထားလမ်းယာဉ်များ၊ စက်ပစ္စည်းကိရိယာများနှင့် ရထားအဖွဲ့အစည်းက လိုအပ်သည်ဟုယူဆသော အခြားလုပ်ငန်းများကို တပ်ဆင်တည်ဆောက်ခြင်း၊

( င ) ရထားပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တည်ဆဲဥပဒေနှင့်အညီ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊

(စ) ဓာတ်ငွေ့၊ ရေ၊ ဖိသိပ်လေများဖြန့်ဖြူးသည့် ပိုက်လိုင်း၊ လျှပ်စစ်ကြိုးနှင့် ဆက်သွယ်ရေးကြိုးတို့၏ အနေအထား၊ ပင်မမြောင်းမဟုတ်သည့် ရေမြောင်းအနေအထားတို့ကို ရွှေ့ပြောင်းခြင်း။

၃၀။ ရထားအဖွဲ့အစည်းသည် -

(က) ပုဒ်မ ၂၉ နှင့်အညီ ဆောင်ရွက်ခြင်းမပြုမီ ဆောင်ရွက်မည့်ရည်ရွယ်ချက်နှင့်အကြောင်းကိစ္စကို ဖော်ပြ၍ ကန့်ကွက်ရန်ရှိပါက တင်ပြနိုင်ရန် မြေပိုင်ရှင် သို့မဟုတ် ထိုမြေပေါ်တွင် နေထိုင်သူထံသို့ အကြောင်းကြားစာပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပေးပို့သော အကြောင်းကြားစာတွင် မိမိတို့ ဆောင်ရွက်မည့်လုပ်ငန်းသဘာဝနှင့် အတိုင်းအတာကို အတတ်နိုင်ဆုံး တိကျပြည့်စုံစွာ ဖော်ပြပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ပေးသော အကြောင်းကြားစာ၏ မိတ္တူကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့ပေးရမည်။

၃၁။ (က) ပုဒ်မ ၃၀ အရ ရထားအဖွဲ့အစည်းက ပေးပို့သောကြိုတင်အကြောင်းကြားစာရရှိသောအခါ ကြိုတင်အကြောင်းကြားစာရရှိသော အစိုးရဌာန၊ အဖွဲ့အစည်း၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ ရထားကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိကတို့သည် ထိုလုပ်ငန်းဆောင်ရွက်မှုတွင် ကန့်ကွက်ချက် တင်ပြရန်၊ ညှိနှိုင်းဖြေရှင်းရန် သို့မဟုတ် ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ရန် မိမိဌာန၊ အဖွဲ့အစည်း၏ ကိုယ်စားလှယ်ကို စေလွှတ်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ရထားအဖွဲ့အစည်းသည် ပုဒ်မခွဲ (က) အရ စေလွှတ်သော ကိုယ်စားလှယ်၏ တင်ပြချက်ကို အလေးထားပြီး လုပ်ငန်းများကိုဆောင်ရွက်ပေးရမည့်အပြင် လုပ်ငန်းဆောင်ရွက်ချိန် တစ်လျှောက်လုံးတွင်လည်း ဓာတ်ငွေ့၊ ရေ၊ ဖိအားမြှင့်လေ ပေးပို့သည့် ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေးစနစ် အဆက်မပြတ်ရရှိစေရန်နှင့် ရေစီးမြောင်း ဆက်လက်ထိန်းသိမ်းထားနိုင်စေရန် အစီအစဉ်များ ပြုလုပ်ထားရှိရမည်။

၃၂။ ရထားအဖွဲ့အစည်းသည် ရထားပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးလိုင်းကြိုး သို့မဟုတ် ကြိုးမဲ့စက်ကိရိယာများနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများကို အသုံးပြုရာတွင် -

(က) ကြိုးမဲ့ဆက်သွယ်ရေးစနစ်နှင့် ရေဒီယိုဆက်သွယ်ရေးစက်များကို တည်ဆဲဥပဒေများနှင့်အညီ လိုက်နာအသုံးပြုရမည်။

(ခ ) ရထားပို့ဆောင်ရေးလုပ်ငန်းအကျိုးငှာ ရထားနယ်နိမိတ်တွင် ဆက်သွယ်ရေးလိုင်းကြိုးများဖြစ်သည့် ကြေးနန်းကြိုး၊ သွပ်ရည်သုတ်သံနန်းကြိုး၊ ဖန်ချည်မျှင် ဆက်သွယ်ရေးကြိုးများအား မြေပေါ်မှ လည်းကောင်း၊ မြေအောက်မှ လည်းကောင်း သွယ်တန်းအသုံးပြုရာ၌ ရထားအဖွဲ့အစည်း အစီအစဉ်ဖြင့် ဆက်သွယ်ရေးလိုင်းကြိုးအသစ်များ သွယ်တန်းတည်ဆောက်ခြင်း၊ အသုံးပြုဆဲ လိုင်းကြိုးများကို ထိန်းသိမ်းပြုပြင်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၃၃။ ရထားအဖွဲ့အစည်းသည် -

(က) မြေပြိုခြင်းနှင့် အခြားမတော်တဆမှုများ ဖြစ်ပွားသည့်အခါတွင်ဖြစ်စေ၊ မိမိကြီးကြပ်မှုအောက်တွင်ရှိသော မြေတူးမြေဖို့ပြုလုပ်ထားသော ရထားလမ်းနှင့် အခြားလုပ်ငန်းများ၌ မတော်တဆမှု ဖြစ်နိုင်ကြောင်းကြိုတင်သိရှိသည့်အခါတွင်ဖြစ်စေ မတော်တဆမှုကို ကြိုတင်ကာကွယ်ရန်နှင့် ပြုပြင်နိုင်ရန်အတွက် ရထားနယ်နိမိတ်နှင့် ဆက်စပ်နေသည့် မြေနေရာတစ်ခုခုအတွင်းသို့ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်၍ ဆောင်ရွက်နိုင်သည်။

(ခ ) ပုဒ်မခွဲ (က)ပါ လုပ်ငန်းများကို အရေးပေါ်ပြုပြင်ရန် လိုအပ်ပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ လိုအပ်သည့် လုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက်ခွင့်ရှိပြီး ယင်းသို့ ဆောင်ရွက်ခြင်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ရရှိရန် ဖြစ်ပွားမှု သို့မဟုတ် ဖြစ်ပေါ်လာနိုင်သော မတော်တဆမှု အခြေအနေသဘာဝနှင့် ဆောင်ရွက်လိုသည့်လုပ်ငန်းများကို ဖော်ပြ၍ စတင်ဝင်ရောက်ဆောင်ရွက်ချိန်မှ ၂၄ နာရီအတွင်း ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၃၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ ရထားအဖွဲ့အစည်း၏ အစီရင်ခံစာအပေါ် စိစစ်သုံးသပ်ပြီး ယင်းတို့၏ အရေးပေါ်လုပ်ငန်းသည် အများပြည်သူအတွက် အန္တရာယ်ဖြစ်ရန် အကြောင်းမရှိပါက ယင်းသို့ ဆောင်ရွက်မှုကို ရပ်ဆိုင်းစေနိုင်သည်။

၃၅။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၃၃ ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် -

(က) အပျက်အစီးနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်။

(ခ) ရထားလမ်းဖောက်လုပ်ရေးအတွက် တာပေါင်တိုင်းတာခြင်း သို့မဟုတ် မြေဖို့ခြင်းပြုနေစဉ် ဖြစ်စေ၊ ပြုလုပ်ပြီးချိန်၌ဖြစ်စေ ရထားလမ်း ဖြတ်သန်းဖောက်လုပ်သည့် မြေနေရာရှိ သက်ဆိုင်သူများ ထိခိုက်နစ်နာမှုနှင့် အဆင်မပြေမှု အနည်းဆုံးဖြစ်စေရန် လုပ်ဆောင်ပေးရမည်။

(ဂ) အပျက်အစီးများရှိပါက နစ်နာသူကို လျော်ကြေးပေးရမည်။

(ဃ) လျော်ကြေးငွေပမာဏနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်ပါက လျော်ကြေးရခွင့်ရှိသူက ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားပိုင်ခွင့်ရှိသည်။

၃၆။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် အငြင်းပွားမှုကိုစိစစ်ပြီး တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျော်ကြေးငွေပမာဏကို သက်ဆိုင်ရာ ရထားအဖွဲ့အစည်းက နစ်နာသူမြေပိုင်ရှင်အား ပေးလျော်စေရမည်။

၃၇။ ရထားအဖွဲ့အစည်းသည် ရထားလမ်းဖောက်လုပ်ခြင်းကြောင့် မြေအနေအထားပြောင်းလဲခြင်း၊ ရေစီးရေလာပြောင်းလဲခြင်းတို့ကြောင့် ယင်းမြေနှင့် စပ်ဆိုင်သော မြေ၏ပိုင်ရှင်နှင့် ယင်းမြေပေါ်တွင် နေထိုင်သူများအတွက် အန္တရာယ် သို့မဟုတ် အဆင်မပြေမှု ကြုံတွေ့ရခြင်း၊ မြေပိုင်ရှင်နှင့် ယင်းမြေပေါ်တွင် နေထိုင်သူများက လျော်ကြေးရယူခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရထားလမ်းဖောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အနှောင့်အယှက်များကို သက်သာပြေပျောက်စေရန်နှင့် အဆင်ပြေမှုရှိစေရန် ရထားလမ်း၏ အထက်၊ အောက်၊ ဝဲယာတို့တွင် ခုံးကျော်များ၊ တံတားများ၊ ပေါင်းကူးတံတားများ၊ ရေပြွန်များနှင့် လူသွားလမ်း တည်ဆောက်ပေးခြင်း၊ ထိန်းသိမ်းပေးခြင်း၊

(ခ) ရထားလမ်းမဖောက်လုပ်မီကရှိခဲ့သည့် အခြေအနေအတိုင်း ရေများ အနီးစပ်ဆုံး စီးဆင်းသွားနိုင်ရန် ရထားလမ်း၏ အထက်၊ အောက်၊ ဝဲယာ သင့်ရာနေရာများတွင် လိုအပ်သည့် အရွယ်အစားရှိ ပေါင်းကူးတံတား၊ ဥမင်လိုဏ်ခေါင်း၊ ရေပြွန်၊ မြောင်းများ၊ ရေမြောင်းများနှင့် အခြားလမ်းများ တည်ဆောက်ပေးခြင်း၊ ထိန်းသိမ်းပေးခြင်း၊

*စာမျက်နှာ (ခ) သို့*

*စာမျက်နှာ (က) မှ*

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ) တို့ပါ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ရထားသွားလာပြေးဆွဲရေးကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေမည့် လုပ်ငန်းများကိုလည်းကောင်း၊ မြေရှင်နှင့် ယင်းမြေပေါ်တွင် နေထိုင်သူများက လျော်ကြေးရယူရန် သဘောတူ၍ လျော်ကြေးကို လက်ခံရယူပြီးဖြစ်လျှင် လည်းကောင်း ထိုလုပ်ငန်းများကို လုပ်ဆောင်ပေးရန် တာဝန်မရှိစေရ။

၃၈။ သက်ဆိုင်ရာ ရထားအဖွဲ့အစည်းသည် ဗဟိုကြီးကြပ်ရေးအဖွဲ့ကသတ်မှတ်သော အချိန်ကာလအတွင်း အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် -

(က) ရထားလမ်း သို့မဟုတ် ရထားလမ်းအစိတ်အပိုင်း တစ်ခုခု၌သော်လည်းကောင်း၊ ဆက်စပ်နေသောလမ်းများကို သော်လည်းကောင်း နယ်ခြားအမှတ်အသားများ သို့မဟုတ် ခြံစည်းရိုးများကို ပြုလုပ်စေခြင်း၊ ပြင်ဆင်စေခြင်း၊

(ခ) ပြည်သူတို့ အသုံးပြုသောလမ်းကိုဖြတ်၍ ရထားလမ်း ဖြတ်သန်းဖောက်လုပ်ရလျှင် သင့်လျော်သော တံတားများ၊ သံကြိုးများ၊ ဆုံလည်အတားအဆီးများ၊ တန်းများ သို့မဟုတ် လက်ရန်းများတပ်ဆင်ခြင်း၊ အသစ်လဲလှယ်ခြင်းနှင့် တပ်ဆင်ထားသော ကိရိယာများကို ဖွင့်ပိတ်ခြင်း ဆောင်ရွက်ရေးအတွက် အမြဲတမ်းဝန်ထမ်းများ ခန့်အပ်ရန် ဆောင်ရွက်ခြင်း။

၃၉။ ရထားအဖွဲ့အစည်းသည် -

(က) ရထားလမ်းအနီး ရထားလမ်းမြေ ပြင်ပတွင် ပေါက်ရောက်နေသည့် သစ်ပင်က ရထားလမ်းပေါ်သို့ လဲကျပိတ်ဆို့သွားမည့် အန္တရာယ်ရှိလျှင် ဖြစ်စေ၊ မြေစိုက်အချက်ပြ၏ မြင်ကွင်းကို ပိတ်ဆို့နေလျှင် ဖြစ်စေ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိသူများသို့ အကြောင်းကြား၍ မိမိအစီအစဉ်ဖြင့် ထိုသစ်ပင်ကို ခုတ်လှဲဖယ်ရှားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ခုတ်လှဲဖယ်ရှားလိုက်ရသည့်အပင်မှာ ရထားလမ်းမဖောက်လုပ်မီက ဖြစ်စေ၊ မြေစိုက်၊ အချက်ပြ မစိုက်ထူမီက ဖြစ်စေ ပေါက်ရောက်လျက်ရှိသည့် သစ်ပင်ဖြစ်ပြီး ပိုင်ရှင်က လျှောက်ထားလျှင် သင့်လျော်သည့် လျော်ကြေးကို ဆုံးဖြတ်၍ပေးပိုင်ခွင့်ရှိသည်။

၄၀။ ရထားလမ်း ဖြတ်သန်းတည်ဆောက်ထားသော မြေပိုင်ရှင် သို့မဟုတ် ထိုမြေပေါ်တွင် နေထိုင်သူများကဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူကဖြစ်စေ ရထားအဖွဲ့အစည်း၏ ဆောင်ရွက်ပေးမှုများသည် လုံလောက်မှုမရှိဟု ယူဆလျှင် သော်လည်းကောင်း၊ အခြားဝန်ကြီးဌာန သို့မဟုတ် ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူက အဆိုပါရထားလမ်းကို ဖြတ်၍ဖြစ်စေ၊ အပေါ်မှဖြစ်စေ၊ အောက်မှဖြစ်စေ အများပြည်သူသုံးလမ်း သို့မဟုတ် အခြားလုပ်ငန်းများကို လုပ်ကိုင်ပေးစေလိုလျှင်သော်လည်းကောင်း ရထားလမ်းဖောက်လုပ်ပြီးစီးချိန်မှစ၍ ခြောက်နှစ်အတွင်း ရထားအဖွဲ့အစည်းထံ တောင်းဆိုနိုင်သည်။

၄၁။ ပုဒ်မ ၄၀ အရ တောင်းဆိုချက်များအနက် ရထားအဖွဲ့အစည်းက သဘောတူသည့် လုပ်ငန်းအတွက် ကုန်ကျစရိတ်ကို လုပ်ငန်းတောင်းဆိုသူ သို့မဟုတ် ရထားအဖွဲ့အစည်းက ကျခံရမည်ဖြစ်ရာ ညှိနှိုင်းမှုတွင် သဘောတူညီမှုမရပါက ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပြည်သူတို့ အသုံးပြုသောလမ်းကိုဖြတ်၍ ရထားလမ်းဖောက်လုပ်ရသည့်အခါ ပြည်သူတို့ ကူးဖြတ်ရာ၌ ဘေးအန္တရာယ် မဖြစ်စေရန် ရထားလမ်းအောက် သို့မဟုတ် အထက်မှတံတား ဖြစ်စေ၊ ပေါင်းကူးဖြစ်စေ သင့်တော်ရာကို စီစဉ်ဆောင်ရွက်ရန် ရထားအဖွဲ့အစည်းအား ညွှန်ကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရထားအဖွဲ့အစည်းက စီစဉ်ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် ကုန်ကျစရိတ်အားလုံးကိုဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ ရထားအဖွဲ့အစည်းသို့ ပေးဆောင်စေရန် ထိုလမ်းကို ထိန်းသိမ်းစောင့်ရှောက်ရသည့် ဒေသဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူသို့ အကြောင်းကြားနိုင်သည်။

**အခန်း(၉)**

**ရထားလမ်းများဖွင့်လှစ်ခြင်း၊ ပိတ်ခြင်း၊ ပြောင်းလဲပြေးဆွဲခြင်းနှင့် တိုးချဲ့ခြင်း**

၄၃။ ရထားအဖွဲ့အစည်းသည် -

(က) အများပြည်သူဆိုင်ရာ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရန် သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့်ပြည့်စုံပြီး ရထားလမ်းသစ်ဖွင့်လှစ်လိုသည့်အခါ ဖွင့်လှစ်မည့်ရက်ကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အနည်းဆုံး တစ်လကြိုတင်၍ ခွင့်ပြုချက်တောင်းခံရမည်။

(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခွင့်ရရှိပြီးသည့် ရထားလမ်းမှာ အများပြည်သူနှင့် ကုန်စည်များကို ဘေးအန္တရာယ်ကျရောက်စေနိုင်သည့် အခြေအနေဖြစ်ပေါ်ပါက ထိုသို့ ဖြစ်ပေါ်သည့်နေ့မှစ၍ ခိုင်လုံသော အထောက်အထားဖြင့် ရထားလမ်းကို ပိတ်ခွင့်ပြုရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆောလျင်စွာ ခွင့်ပြုချက်တောင်းခံရမည်။

(ဂ) မတော်တဆမှုကြောင့်ဖြစ်စေ၊ ရာသီဥတု ဆိုးရွားခြင်းကြောင့် ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ ရထားပြေးဆွဲ၍မရသည့်အခါ ရထားပြေးဆွဲမှုကို ခေတ္တရပ်ဆိုင်း၍အမြန်ပြုပြင်ရမည်။ ထိုသို့ ရပ်ဆိုင်းထားကြောင်း ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ဆောလျင်စွာ အကြောင်းကြားပြီး ရထားလမ်းခေတ္တပိတ်ခွင့်ပြုရန် ခွင့်ပြုချက် တောင်းခံရမည့်အပြင် ပြုပြင်ပြီး ပြန်လည်ပြေးဆွဲနိုင်မည့် အခြေအနေကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ခွင့်ရရှိပြီးသည့် ရထားလမ်းကို တိုးချဲ့ရန်ရှိသည့်အခါတွင် ဖြစ်စေ၊ လမ်းကြောင်းပြောင်းလဲရန်ရှိသည့်အခါတွင် ဖြစ်စေ၊ ရထားအချိန်စာရင်း ပြောင်းလဲပြေးဆွဲရန်ရှိသည့်အခါတွင်ဖြစ်စေ၊ ရထားခရီးစဉ် ပြောင်းလဲပြေးဆွဲရန်ရှိသည့်အခါတွင်ဖြစ်စေ၊ စနစ်မတူသော ရထားလမ်းယာဉ်များကို ပြောင်းလဲ၍ ပြေးဆွဲရန်ရှိသည့်အခါတွင်ဖြစ်စေ ထိုသို့မပြုလုပ်မီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံရမည်။

၄၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၄၃ ပါ အကြောင်းတစ်ရပ်ရပ်အရ ခွင့်ပြုချက် တောင်းခံခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဆောလျင်စွာတင်ပြရန် စီမံရေးအဖွဲ့၊ သက်ဆိုင်ရာစစ်ဆေးရေးအရာရှိ၊ စစ်ဆေးရေးမှူးနှင့် ကျွမ်းကျင်သည့် အင်ဂျင်နီယာတို့ကို တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြသည့် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို စိစစ်ပြီး ရထားလမ်းသစ်ဖွင့်လှစ်ခြင်း၊ ရထားလမ်းခေတ္တပိတ်ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ပြောင်းလဲ၍ ပြေးဆွဲခြင်း သို့မဟုတ် ပြုပြင်တိုးချဲ့ခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးနိုင်သည်။

၄၅။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၄၄၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ဖြင့် ရထားလမ်းနှင့် ရထားလမ်းယာဉ်များကို ပြန်လည်အသုံးပြုပြေးဆွဲရာတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားသည့် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

**အခန်း(၁၀)**

**ပို့ဆောင်ရေး လွယ်ကူချောမွေ့ အဆင်ပြေစေရေး**

၄၆။ ရထားအဖွဲ့အစည်းသည် -

(က) ခရီးသည်နှင့် ကုန်စည်များကို လက်ခံခြင်း၊ ဆက်လက်ပို့ဆောင်ပေးခြင်း ပြုနိုင်ရေးအတွက် ရထားအဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ရထားအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ကုန်စည်အမျိုးအစားကိုဖြစ်စေ မမျှမတ သို့မဟုတ် မလျော်မကန်ဦးစားပေးခြင်းသော်လည်းကောင်း၊ အခွင့်အရေးပေးခြင်း သို့မဟုတ် ဘက်လိုက်ခြင်းသော်လည်းကောင်း၊ အကျိုးယုတ်စေခြင်းသော် လည်းကောင်း ဖြစ်နိုင်သည့်ဆောင်ရွက်မှု တစ်စုံတစ်ရာ မပြုလုပ်ရ။

(ဂ) ရထားအဖွဲ့အစည်းအချင်းချင်း ရထားလမ်း ဆက်စပ်လျက်ရှိလျှင် သို့မဟုတ် ရထားအဖွဲ့အစည်းတစ်ခု၏ လမ်းဆုံးဘူတာသည် အခြားရထားအဖွဲ့အစည်းတစ်ခု၏ ဘူတာနှင့် နှစ်ကီလိုမီတာခန့်သာ ကွာလှမ်းလျှင် ရထားအဖွဲ့အစည်းတို့သည် ပုဒ်မခွဲ (က) (ခ) တို့နှင့်အညီ မိမိတို့စွမ်းအားရှိသမျှ ပို့ဆောင်ပေးရမည်။

(ဃ) တစ်ဖက်ရထားအဖွဲ့အစည်းက ယင်းတို့၏ ကုန်စည်များကို တောက်လျှောက်သယ်ပို့ခနှုန်းဖြင့် တစ်ဖက်နှင့်တစ်ဖက် ကူးပြောင်းသယ်ယူပို့ဆောင်ပေးရန်ရှိသည့်အခါ ယင်းကုန်စည်များကို လက်ခံခြင်း၊ ပို့ဆောင်ခြင်းနှင့် ထုတ်ပေးခြင်းတို့ကို အဆင်ပြေချောမောစွာ ပြုလုပ်နိုင်ရန် ရထားအဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်။

(င) ရထားအဖွဲ့အချင်းချင်း ညှိနှိုင်းဆောင်ရွက်၍ အဆင်မပြေပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာရမည်။

၄၇။ ရထားအဖွဲ့အစည်းသည် ကုန်စည်များထားသိုရန် ဝန်ဆောင်ခ ကောက်ခံရာတွင် ဆောက်လုပ်ပေးရသည့် အဆောက်အအုံများအတွက် အမှန်တကယ် ကုန်ကျခဲ့သည့် ကုန်ကျငွေအပေါ်တွင် အခြေမခံဘဲ လက်ရှိ လက်ခံထားသည့် ကုန်စည်များအတွက် ကုန်ကျနိုင်သည့် သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်ငွေကို အခြေခံ၍ ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့် ဝန်ဆောင်ခကို ကောက်ခံနိုင်သည်။

**အခန်း(၁၁)**

**ရထားဝန်ထမ်းများဆိုင်ရာ အလုပ်ချိန် သတ်မှတ်ချက်များ**

၄၈။ ရထားအဖွဲ့အစည်းတွင် လုပ်ငန်းသဘာဝအရ ရထားဝန်ထမ်းများကို အောက်ပါအတိုင်း လေးမျိုးခွဲခြားနိုင်သည် -

(က) ရုံးချိန်အတွင်း တာဝန်ထမ်းဆောင်ရသော ရုံးဝန်ထမ်းများ၊

(ခ) စက်ရုံနှင့် အလုပ်ရုံဝန်ထမ်းများ၊

(ဂ) ရထားခရီးစဉ်ဇယားအလိုက် တာဝန်ထမ်းဆောင်ရသူများ၊

(ဃ) လုပ်ငန်းသဘာဝအရ ပြတ်တောင်းပြတ်တောင်း တာဝန်ထမ်းဆောင်သူများ။

၄၉။ (က) ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ခ) ပါ ဝန်ထမ်းများသည် အလုပ်ရုံများ ဥပဒေနှင့် ထိုဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရမည်။

(ခ) ပုဒ်မ ၄၈ ၊ ပုဒ်မခွဲ (ဂ) ပါ ဝန်ထမ်းများကို -

(၁) မည်သည့်လတွင်မဆို တစ်ပတ်လျှင် အလုပ်လုပ်ချိန် နာရီ ၆၀ ထက်ကျော်လွန်ခြင်း မရှိစေရ။

(၂) ရက်သတ္တပတ်တိုင်း တစ်ဆက်တည်း နှစ်ဆယ့်လေးနာရီထက်မနည်း နားချိန်ပေးရမည်။

၅၀။ အချိန်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ရစေကာမူ ဝန်ထမ်းတာဝန်ထမ်းဆောင်ရသော အချိန်ကာလတွင် ကိုယ်ကာယအားထုတ်ရမှုနှင့် ဉာဏအားစိုက်ထုတ်ဆောင်ရွက်ရမှုမရှိသော ကာလများပါဝင်မှုကြောင့် ပြတ်တောင်းပြတ်တောင်းတာဝန်ထမ်းဆောင်ရသူဟု အခွင့်အာဏာပိုင်က သတ်မှတ်သော ဝန်ထမ်းများအတွက် အလုပ်လုပ်ချိန်နှင့် အနားယူချိန်ကို အောက်ပါအတိုင်းသတ်မှတ်သည်-

(က) မည်သည့် သီတင်းပတ်တွင်မဆို အလုပ်ချိန် စုစုပေါင်း ၈၄ နာရီထက် ကျော်လွန်ခြင်းမရှိစေရ။

(ခ) တစ်ပတ်အတွင်း တစ်ဆက်တည်း အနားယူခွင့်ကာလကို ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ပေးနိုင်သည်။

၅၁။ ရထားမတော်ဆမှုဖြစ်ပွားခြင်း၊ စက်ခေါင်း၊ တွဲ၊ ယာဉ်နှင့် စက်ကိရိယာများ အရေးတကြီး ပြုပြင်မွမ်းမံရခြင်း၊ မမျှော်လင့်သော အရေးပေါ်အခြေအနေ ဖြစ်ပွားခြင်းတို့ရှိပါက ပုဒ်မ ၄၉ ၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်သည့် အလုပ်လုပ်ချိန်ထက် ကျော်လွန်နိုင်သကဲ့သို့ ခွင့်ပြုသည့် အနားယူချိန်ကိုလည်း လျှော့ချနိုင်သည်။

၅၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ဂ) ပါ ဝန်ထမ်းများအတွက် သင့်တင့်မျှတသော အလုပ်လုပ်ချိန်နှင့် အနားယူချိန်တို့ ခံစားနိုင်စေရန် ရထားစင်းရေနှင့် လုပ်ငန်းပမာဏများပြားမှုကို စစ်ဆေးရေးအဖွဲ့ဖြင့် အခါအားလျော်စွာ စိစစ်၍ အလုပ်လုပ်ချိန်နှင့် အနားယူချိန်တို့ကို ပြင်ဆင်နိုင်ရန် လည်းကောင်း၊ လိုအပ်ပါက ဝန်ထမ်းဦးရေ ပြင်ဆင်ဖွဲ့စည်းနိုင်ရန်လည်းကောင်း ဆောင်ရွက်နိုင်သည်။

**အခန်း(၁၂)**

**ရထားအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅၃။ ရထားအဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကုန်စည် လက်ခံသိုလှောင်သိမ်းဆည်းထားခြင်း၊ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဘေးအန္တရာယ်ဖြစ်စေတတ်သော ကုန်စည်သယ်ယူပို့ဆောင်ခြင်း၊ ခရီးသည်ဆိုင်ရာကိစ္စရပ်များ၊ အမြန်နှုန်းသတ်မှတ်ခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များအတွက် လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ထုတ်ပြန်ခြင်း၊

(ခ) ဤဥပဒေပါ စီမံခန့်ခွဲရေးအရ အရေးယူခြင်းနှင့် ပြစ်မှုကြောင်းအရ အရေးယူခြင်းတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်ခြင်း။

၅၄။ ရထားအဖွဲ့အစည်းများသည် ရထားပြေးဆွဲရေးအတွက် အသုံးပြုမည့် စက်ခေါင်း၊ တွဲ၊ စက်ရုံ၊ စက်ပစ္စည်း တည်ဆောက်ခြင်း၊ မွမ်းမံထိန်းသိမ်းခြင်းနှင့် ငှားရမ်းခြင်းတို့အတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားရထားအဖွဲ့အစည်းတစ်ခုခုနှင့် သဘောတူ စာချုပ်ချုပ်ဆို လုပ်ကိုင်ခွင့်ရှိသည်။

၅၅။ ရထားအဖွဲ့အစည်းများသည် ရထားလမ်းတစ်ခုခုကို စီမံအုပ်ချုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးချခြင်းနှင့် စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားရထားအဖွဲ့အစည်းတစ်ခုခုနှင့် သဘောတူစာချုပ် ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၅၆။ ရထားအဖွဲ့အစည်းများသည် ရထားပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်ကို ရေးဆွဲ၍ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ထိုသို့ရေးဆွဲရာတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် ညီညွတ်စေရမည်။

၅၇။ ရထားအဖွဲ့အစည်းများသည် ရထားပို့ဆောင်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံငွေ၊ ဝင်ငွေနှင့် လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်သွင်းရမည်။

**အခန်း(၁၃)**

**ကုန်စည်သယ်ယူပို့ဆောင်ခြင်း**

၅၈။ ကုန်စည်အပ်နှံသူသည် -

(က) မိမိ၏ ကုန်စည်အမျိုးအမည်စာရင်းကို စာဖြင့်ရေးသား၍ မိမိအပ်နှံမည့်ဘူတာရှိ သက်ဆိုင်ရာဝန်ထမ်းသို့ ပေးအပ်သည့် ကုန်စည်စာရင်းမိတ္တူကို လက်ဝယ်တွင်ထားရှိရမည်။

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့် ကုန်စည်များ၊ သတ်မှတ်ချက်များနှင့် မညီသည့် ဘေးအန္တရာယ်ဖြစ်စေတတ်သော ကုန်စည်များ၊ မသတီဖွယ်ရာ ကုန်စည်များနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဖြစ်စေ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းကဖြစ်စေ တားမြစ်ထားသည့် ကုန်စည်များကို အပ်နှံခြင်း မပြုရ။

၅၉။ သက်ဆိုင်ရာ ရထားဝန်ထမ်းသည်-

(က) ကုန်စည်လက်ခံခြင်း၊ စစ်ဆေးခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းများကို ကုန်စည်သယ်ပို့မှုဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရထားပေါ်ရှိ ပိုင်ရှင်မဲ့ ကုန်စည်နှင့် တိရစ္ဆာန်တို့ကို သင့်လျော်သလို စီမံခန့်ခွဲနိုင်သည်။

၆၀။ ရထားအဖွဲ့အစည်းများသည် ကုန်စည်သယ်ဆောင်ရသည့်အတွက် ရထားတန်ဆာခ၊ ကုန်လှောင်ရုံခ၊ ဝန်ဆောင်ခ၊ ကြန့်ကြာကြေးအတွက် ကုန်ဒဏ်၊ တွဲဒဏ်နှင့် အခြားကုန်ကျစရိတ်များကို သတ်မှတ်ချက်များနှင့်အညီ ကောက်ခံခွင့်ရှိသည်။

**အခန်း(၁၄)**

**ခရီးသည် သယ်ယူပို့ဆောင်ခြင်း**

၆၁။ ရထားအဖွဲ့အစည်းများသည် -

(က) ပြေးဆွဲမည့် ရထားအဆင့်အတန်းနှင့် ညီညွတ်သည့်တွဲများ၊ ဝန်ဆောင်မှုများဖြင့် ခရီးသည်သယ်ယူပို့ဆောင်ရမည်။

(ခ) ဘူတာများတွင် ခရီးသည်များ သိရှိစေရန် ရထားအချိန်စာရင်းများ၊ လက်မှတ်ခနှုန်းထားများ၊ အသိပေးဆိုင်းဘုတ်များ ထားရှိခြင်းနှင့် ကြေညာခြင်းများ ဆောင်ရွက်ရမည်။

(ဂ) ဘူတာများတွင် ရထားစီးခရီးသည်ပမာဏနှင့် သင့်တင့်လျောက်ပတ်သည့် အများသုံးသန့်ရှင်းသော ရေအိမ်သာများ ထားရှိရမည်။

(ဃ) ကူးစက်တတ်သည့် ရောဂါရှိသော ခရီးသည်ကို အထူးခွင့်ပြုချက်ဖြင့် တာဝန်ရှိရထားဝန်ထမ်းက သီးသန့်တွဲတွင် သီးခြားနေရာ ခွဲခြားစီစဉ်ပေးနိုင်သည်။

(င) ရထားခရီးစဉ်အတွင်း ခရီးသည်များ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုအတွက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားရှိရမည်။

(စ) ရထားစီးခရီးသည် သယ်ယူပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ လည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ပေးသော အခြားလုပ်ငန်းတာဝန်များကိုလည်းကောင်း ဆောင်ရွက်ရမည်။

၆၂။ ရထားစီးခရီးသည်များသည် ရထားလက်မှတ်နှင့် စပ်လျဉ်း၍ တားမြစ်ချက်များ၊ စည်းကမ်းချက်များနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ချက်များကို လိုက်နာရမည်။

**အခန်း(၁၅)**

**ရထားအဖွဲ့အစည်းများ၏ ပို့ဆောင်ရေးဆိုင်ရာ တာဝန်များ**

၆၃။ ရထားဖြင့် ပို့ဆောင်ပေးရန် ရထားအဖွဲ့အစည်းအား အပ်နှံထားသော ကုန်စည်များ ပျောက်ဆုံးခြင်း၊ ယိုယွင်းပျက်စီးခြင်း၊ တိရစ္ဆာန်များ ပျောက်ဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သေကျေခြင်းများရှိခဲ့လျှင် ရထားအဖွဲ့အစည်းသည် ဤဥပဒေပါ အခြားသောပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ တည်ဆဲပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၅၁ ၊ ၁၅၂ နှင့် ၁၆၁ တို့ပါ ပြဋ္ဌာန်းချက်များအရ ခေတ္တအပ်နှံခြင်းခံရသူ၏ တာဝန်များအတိုင်း ဆောင်ရွက်ရမည်။

၆၄။ ရထားအဖွဲ့အစည်းအား ရထားဖြင့်ပို့ဆောင်ပေးရန် အပ်နှံသောတိရစ္ဆာန်များ ပျောက်ဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သေကျေခြင်းတို့အတွက် အထောက်အထားခိုင်လုံစွာဖြင့် လျော်ကြေးတောင်းခံနိုင်သည်။

၆၅။ လက်ဆွဲတန်ဆာပြုလုပ်ထားခြင်းမရှိသော ခရီးသည်နှင့်အတူ သယ်ဆောင်လာသည့်ပစ္စည်းများ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်း၊ ယိုယွင်းပျက်စီးခြင်းရှိခဲ့လျှင် ရထားအဖွဲ့အစည်းက ပေးလျော်ရန် တာဝန်မရှိစေရ။

၆၆။ အဖိုးတန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ နှုန်းထားကောက်ခံခြင်း၊ ပျက်စီးမှု၊ ပျောက်ဆုံးမှုအတွက် လျော်ကြေးတောင်းခံခြင်းဆိုင်ရာကိစ္စများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၆၇။ တိရစ္ဆာန်နှင့် ကုန်စည်များကို ရထားဖြင့် ပို့ဆောင်ရာတွင် ကျသင့်သည့် တန်ဆာခထက် ပိုမိုကောက်ခံခဲ့သည့် ငွေကိုလည်းကောင်း၊ ပို့ဆောင်ရန်အပ်နှံသည့် တိရစ္ဆာန်နှင့် ကုန်စည်များ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်းနှင့် ယိုယွင်းပျက်စီးခြင်းတို့အတွက် လျော်ကြေးငွေကိုလည်းကောင်း တောင်းခံလိုသူသည် အပ်နှံသည့်နေ့မှ ၆ လအတွင်း ရထားအဖွဲ့အစည်းထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှတစ်ဆင့်ဖြစ်စေ စာဖြင့် တရားဝင်ရေးသားတောင်းဆိုမှသာ ပြန်အမ်းငွေ သို့မဟုတ် လျော်ကြေးငွေကို ရထိုက်ခွင့်ရှိသည်။

*စာမျက်နှာ (ဂ) သို့*

*စာမျက်နှာ (ခ) မှ*

*စာမျက်နှာ (ခ) မှ*

၆၈။ ကုန်စည်အမျိုးအမည်စာရင်းများကို တမင် မမှန်မကန် ဖော်ပြပေးအပ်ခဲ့လျှင် ထိုကုန်စည်များ ပျောက်ဆုံးခြင်း၊ ထိခိုက်ပျက်စီးခြင်း၊ ယိုယွင်းပျက်စီးခြင်းတို့အတွက် ရထားအဖွဲ့အစည်း၌ လျော်ကြေးပေးရန် တာဝန်မရှိစေရ။

၆၉။ ရထားအဖွဲ့အစည်းနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော အဖွဲ့အစည်းများအကြား ခရီးသည်၊ တိရစ္ဆာန်နှင့် ကုန်စည်များ တောက်လျှောက်ပို့ဆောင်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ခရီးသည်များ သေဆုံးဒဏ်ရာရမှု၊ တိရစ္ဆာန်နှင့် ကုန်စည်များ ပျောက်ဆုံးမှု၊ ထိခိုက်ပျက်စီးမှု၊ ယိုယွင်း ပျက်စီးမှုများအတွက် လျော်ကြေးရရှိရန် သက်ဆိုင်ရာ ရထားအဖွဲ့အစည်းအပေါ်တွင် နည်းလမ်းတကျ တောင်းခံနိုင်ခွင့်ရှိသည်။

၇၀။ ဤအခန်းပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ရထားအဖွဲ့အစည်းတစ်ခုခုသည် ကုန်စည်နှင့် စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့်ကာလအတောအတွင်း အောက်ပါအခြေအနေတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ပေါ်ပေါက်ကြောင်း သက်သေထင်ရှား ပြနိုင်ပါက အဆိုပါ ကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ -

(က) ကုန်စည်အပ်နှံသူ၊ ကုန်စည်ရွေးယူသူ၊ ၎င်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်တို့၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ) ကုန်စည်ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နံပါတ်တပ်ခြင်း ပြုလုပ်ရာတွင် မလုံလောက်မှု သို့မဟုတ် အားနည်းချွတ်ယွင်းမှု၊

(ဂ) ကုန်စည်အပ်နှံသူ၊ ကုန်စည်ရွေးယူသူ၊ ၎င်း၏ကိုယ်စား ဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်တို့က မလျော်မကန် ပေါ့ဆစွာ ကုန်စည်ကိုင်တွယ် ထိန်းသိမ်းမှု၊ ကုန်စည်တင်မှု၊ ကုန်စည်ချမှု၊ သိုလှောင်ထိန်းသိမ်းထားရှိမှု၊

(ဃ) ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်ဖြစ်မှု သို့မဟုတ် ကုန်စည်၏ ပင်ကိုယ်သဘာဝချွတ်ယွင်းမှု သို့မဟုတ် မမြင်သာသော ချွတ်ယွင်းမှု၊

(င) သက်ဆိုင်သည့် အလုပ်သမားများ အစုအဝေးဖြင့် ဆန္ဒပြမှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုအပါအဝင် ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေပေါ်ပေါက်မှု။

**အခန်း(၁၆)**

**မတော်တဆဖြစ်ပွားမှုများ**

၇၁။ (က) ရထားပို့ဆောင်ရေး လုပ်ငန်းများတွင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ မတော်တဆမှုအဖြစ် သတ်မှတ်ထားသော ဖြစ်ရပ် တစ်ခုခုဖြစ်ပွားလျှင် ရထားမှ တာဝန်ရှိသူသည် အနီးဆုံး ဘူတာရုံပိုင်ထံသို့ ချက်ချင်းသတင်းပေးပို့ရမည်။

(ခ) သက်ဆိုင်ရာ ရထားအဖွဲ့အစည်းသည် မတော်တဆမှု သတင်းရရှိသည့်အခါ ရထားမတော်တဆဖြစ်ပွားမှု အခြေအနေများကို ဝန်ကြီးဌာနနှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်း သတင်းပေးပို့ အစီရင်ခံရမည်။

၇၂။ မတော်တဆမှုနှင့် ပတ်သက်၍ အစီရင်ခံတင်ပြခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ထားရမည်။ ထိုသို့ သတ်မှတ်ရာတွင် အောက်ပါအချက်များလည်း ပါဝင်ရမည် -

(က) သတင်းပို့သည့်ပုံစံနှင့် သတင်းပေးပို့ အစီရင်ခံစာတွင် ပါရှိရမည့် မတော်တဆမှုနှင့် သက်ဆိုင်သည့် အကြောင်းအရာများ၊

(ခ) မတော်တဆမှု ဖြစ်ပွားပြီးနောက် ဖုန်း၊ ဖက်စ်၊ အီးမေးလ်ဖြင့် ချက်ချင်း အစီရင်ခံရမည့် မတော်တဆမှု အတန်းအစားသတ်မှတ်ချက်များ၊

(ဂ) မတော်တဆမှုဖြစ်ပွားရာတွင် စစ်ဆေးရန် တာဝန်ရှိသူများနှင့် ရထားဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ။

၇၃။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ရထားတွင် မတော်တဆမှု ဖြစ်ပွားခြင်းကြောင့် ထိခိုက်ဒဏ်ရာရသူ တစ်ဦးက ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုအတွက် လျော်ကြေးပေးရန် ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးမှု ပြုလုပ်စေရမည်။

(ခ) ရထားအဖွဲ့အစည်းတစ်ခုခု၏ မတော်တဆမှုကြောင့် အခြားရထားအဖွဲ့အစည်းပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးလျှင် ယင်းပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသော သက်ဆိုင်ရာ ရထားအဖွဲ့အစည်းကို သတ်မှတ်ချက်နှင့်အညီ ဆုံးဖြတ်သည့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးအတိုင်း ပေးလျော်စေရမည်။

**အခန်း (၁၇)**

**စီမံခန့်ခွဲရေးဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်ဒဏ်**

၇၄။ မည်သူမျှ-

(က) လူစီးရထားတွဲပေါ်တွင် တန်ဆာမဲ့ကုန်စည်များ တင်ဆောင်ခြင်း မပြုရ။

(ခ) လူစီးရထားတွဲပေါ်တွင် ကုန်စည်များကို တန်ဆာမဲ့တင်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် လူစီးရထားတွဲအနီး၌ ဖြစ်စေ၊ ဘူတာရုံ၊ ဘူတာဥပစာနှင့် ဘူတာယာဒ်အတွင်း၌ဖြစ်စေ ကုန်စည်များ စုပုံထားရှိခြင်း မပြုရ။

(ဂ) အမှန်ကျသင့်သည့် တန်ဆာခထက် လျော့နည်းပေးဆောင်ရန် ရည်ရွယ်ချက်ဖြင့် ကုန်စည်၏ အမျိုးအမည်နှင့် အလေးချိန်ကို မမှန်မကန် ဖော်ပြခြင်းမပြုရ။

(ဃ) သီးသန့်တွဲ သို့မဟုတ် ခရီးသည်အပြည့်ရှိနေသည့် လူစီးတွဲအတွင်းသို့ ဝင်ရောက်ခြင်း မပြုရ သို့မဟုတ် ထိုသို့ ဝင်ရောက်သည့်အတွက် ထွက်သွားခိုင်းသည်ကို ငြင်းဆန်ခြင်း မပြုရ။

(င) ဘူတာရုံ၊ ဘူတာဥပစာ၊ ဘူတာယာဒ်၊ ရထား၊ ရထားလမ်းယာဉ်တို့တွင်လည်းကောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အများပြည်သူသိရှိရန်အတွက် လည်းကောင်း၊ ရေးသားထားခြင်း၊ ကပ်ထားခြင်း၊ စိုက်ထူထားခြင်းများ ပြုလုပ်ထားသည့် အရာများအား တမင်ပျက်ယွင်းစေခြင်း၊ ရေးသားချက်များကို ဖျက်ခြင်း၊ ပြင်ခြင်း သို့မဟုတ် ဆွဲဖြုတ်ဖယ်ရှားခြင်း မပြုရ။

(စ) တာဝန်ရှိရထားဝန်ထမ်းက သီးခြားနေရာချထားပေးခြင်းမရှိဘဲ ကူးစက်ရောဂါရှိသူကို ရထားစီးနင်းစေခြင်း မပြုရ။

(ဆ) ရထားပေါ်နှင့် ရထားနယ်နိမိတ်အတွင်း တောင်းရမ်းခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဈေးရောင်းခြင်း၊ နေထိုင်ခြင်းမပြုရ။

(ဇ) ရထားလက်မှတ်မပါဘဲ သော်လည်းကောင်း၊ ရထားလက်မှတ်ပါ ခရီးစဉ်ထက် ကျော်လွန်စီးနင်းခြင်းသော်လည်းကောင်း၊ ရထားလက်မှတ်ပါ အတန်းအစား သတ်မှတ်ချက်ထက် မြင့်သော အတန်းအစားတွင် သွားရောက်စီးနင်းခြင်းသော်လည်းကောင်း မပြုရ။

(ဈ) ရထားလက်မှတ်ပေါ်တွင် ဖော်ပြထားသည့် သုံးစွဲခွင့်ရှိသည့် ကာလ၊ ရက်စွဲ၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ ဘူတာဖော်ပြချက်၊ လူဦးရေနှင့် စာသားတို့ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ပစ်ခြင်း မပြုရ။

(ည) ခရီးတစ်ခုအတွက် ရောင်းချထားသော ရထားလက်မှတ်ကိုဖြစ်စေ၊ အသွားအပြန် ရထားလက်မှတ်ကိုဖြစ်စေ တစ်ဆင့်ပြန်လည် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း၊ ယင်းသို့ ဆောင်ရွက်ရန် အားထုတ်ခြင်း မပြုရ။

(ဋ) တာဝန်ရှိ ရထားဝန်ထမ်းက ရထားစီးခရီးသည်အား ရထားလက်မှတ်ပြသရန်တောင်းခံသည့်အခါ ပြသရန်ပျက်ကွက်ခြင်း မရှိစေရ။

၇၅။ မည်သည့်ကူးစက်ရောဂါရှိသူမျှ သက်ဆိုင်ရာ တာဝန်ရှိသူမသိစေဘဲ သို့မဟုတ် ခွင့်မပြုဘဲ ခရီးသည်များနှင့် ရောနှောလိုက်ပါစီးနင်းခြင်း မပြုရ။

၇၆။ မည်သည့် ကျွဲ၊ နွားတိရစ္ဆာန်များ၏ ပိုင်ရှင် သို့မဟုတ် ကြီးကြပ်သူမျှ ကျွဲ၊ နွားတိရစ္ဆာန်များမဝင်ရန် သင့်လျော်သော အကာအရံ သို့မဟုတ် ခြံစည်းရိုး ကာရံထားသော ရထားလမ်းနယ်မြေအတွင်းသို့ ကျွဲ၊ နွားတိရစ္ဆာန်ကို မောင်းနှင်ခြင်း၊ ကျော်နင်းဝင်ရောက်စေခြင်း သို့မဟုတ် လွှတ်ကျောင်းခြင်း မပြုရ။

၇၇။ ရထားအဖွဲ့အစည်းသည် ပုဒ်မ ၇၄ နှင့် ၇၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) မှ (ဂ) အထိပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူကို ကုန်တင်တန်ဆာခ၏ သုံးဆနှင့် ညီမျှသော ဒဏ်ငွေတပ်ရိုက်ခြင်း။

(ခ) ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ဃ) မှ (ဆ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူကို အနည်းဆုံး ကျပ် ၃၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ ထိ ဒဏ်ငွေ တပ်ရိုက်ခြင်း။

(ဂ) ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ဇ) မှ (ဋ) အထိပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အခါအားလျော်စွာ သတ်မှတ်ထုတ်ပြန်သော ဒဏ်ငွေ တပ်ရိုက်ခြင်း။

(ဃ) ပုဒ်မ ၇၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူကို အနည်းဆုံး ကျပ်၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ ထိ ဒဏ်ငွေတပ်ရိုက်ခြင်း။

(င) ရထားအဖွဲ့အစည်းသည် ပုဒ်မ ၇၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်သူအား ကျွဲ၊ နွားတိရစ္ဆာန် တစ်ကောင်လျှင် ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ထို့ပြင် ရထားမောင်းနှင်လာစဉ် ဘေးအန္တရာယ်ဖြစ်စေရန် ရထားလမ်း နယ်မြေ အတွင်းသို့ ကျွဲ၊ နွား တိရစ္ဆာန်ကို တမင်မောင်းသွင်းလျှင် သို့မဟုတ် ထိုသို့ဝင်ရောက်ရန် သိလျက်နှင့် ခွင့်ပြုလျှင် ထိုသူကို ကျွဲ၊ နွား တိရစ္ဆာန်တစ်ကောင်လျှင် ကျပ် ၁၀၀၀၀၀ ထက်မပိုသော ဒဏ်ငွေတပ်ရိုက်ခြင်း။

၇၈။ ရထားအဖွဲ့အစည်းသည် -

(က) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ပြစ်ဒဏ်အဖြစ် ဒဏ်ငွေချမှတ်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအကဲထံ သတ်မှတ်ထားသောပုံစံနှင့်အတူ ဆောလျင်စွာ အစီရင်ခံရမည်။

(ခ) ချမှတ်ထားသော ဒဏ်ငွေများကို သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ ငွေစာရင်းသို့ သတ်မှတ်ချက်များနှင့်အညီ ဆောလျင်စွာ ပေးသွင်းရမည်။

၇၉။ (က) ပုဒ်မ ၇၇ အရ တပ်ရိုက်သော စီမံခန့်ခွဲရေး ဒဏ်ငွေအမိန့်ကို မကျေနပ်သူသည် ယင်းဒဏ်ငွေကို ပေးသွင်းပြီး သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအကဲထံ ရက်ပေါင်း ၃၀ အတွင်း အယူခံနိုင်သည်။

(ခ) သက်ဆိုင်ရာ ရထားအဖွဲ့အစည်း၏ အကြီးအကဲသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ဒဏ်ငွေအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၈၀။ (က) ပုဒ်မ ၇၉၊ ပုဒ်မခွဲ (ခ)အရ သက်ဆိုင်ရာ ရထားအဖွဲ့အစည်းအကြီးအကဲ၏ ဒဏ်ငွေအတည်ပြုသည့် အမိန့်ကိုဖြစ်စေ၊ တိုးမြှင့်တပ်ရိုက်သည့် ပြင်ဆင်အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် သက်ဆိုင်ရာ ဒဏ်ငွေကို ပေးသွင်းပြီး ဗဟိုကြီးကြပ်ရေး အဖွဲ့သို့ ရက်ပေါင်း ၆၀ အတွင်း အယူခံနိုင်သည်။

(ခ) ဗဟိုကြီးကြပ်ရေး အဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာ ရထားအဖွဲ့အစည်းအကြီးအကဲ၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်အမိန့်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း(၁၈)**

**တားမြစ်ချက်များ**

၈၁။ မည်သူမျှ ရထားနှင့် ရထားစီးခရီးသည်များကို လည်းကောင်း၊ ရထားပေါ်တွင် ရှိနေသူကိုလည်းကောင်း ဘေးအန္တရာယ်ကျရောက်စေရန် ကြံရွယ်ချက်ဖြင့်ဖြစ်စေ၊ ဘေးအန္တရာယ် ကျရောက်နိုင်သည်ကို သိလျက်နှင့်ဖြစ်စေ အောက်ပါတို့ကို မပြုလုပ်ရ -

(က) ရထားလမ်းပေါ်သို့ ဖြစ်စေ၊ ရထားလမ်းကို ကန့်လန့်ဖြတ်၍ ဖြစ်စေ၊ သစ်တုံး၊ ကျောက်ခဲ၊ အခြားပစ္စည်း တစ်စုံတစ်ရာကို တင်ထားခြင်း၊ ပစ်ချထားခြင်း၊ တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် အခြားတစ်စုံတစ်ရာ ပြုလုပ်ခြင်း၊

(ခ) ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့် သက်ဆိုင်သည့် မည်သည့် ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ် ဖယ်ရှားခြင်း၊ ဖြေလျှော့ခြင်း၊ ရွှေ့ပြောင်းမှုပြုခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဂ) လမ်းလွှဲများနှင့် ရထားစက်ကိရိယာများကို လှည့်ခြင်း၊ ရွှေ့လျားစေခြင်း၊ ထိန်းချုပ်မှု ပျက်စီးစေခြင်း၊ လွှဲပြောင်းမှုပြုခြင်း၊

(ဃ) ရထားလမ်း အချက်ပြများကို မမှန်မကန် ပြုလုပ်ခြင်း၊ ဖုံးကွယ်ထားခြင်း၊ ဖယ်ရှားပစ်ခြင်းနှင့် မမှန်မကန် အချက်ပြခြင်း၊

(င) ရထားလမ်းကို ချွတ်ယွင်းပျက်စီးစေသော အခြားမည်သည့် ပြုလုပ်မှုကို မဆိုပြုလုပ်ခြင်း၊ ဖြစ်ပွား ပေါ်ပေါက်စေခြင်း သို့မဟုတ် ထိုသို့ဖြစ်ပေါ်စေရန် အားထုတ်ခြင်း။

၈၂။ မည်သူမျှ -

(က) ရထားမောင်းနှင်နေစဉ်တွင် လည်းကောင်း၊ ရပ်နေစဉ်တွင် လည်းကောင်း စီးနင်းလိုက်ပါသူ၏ အသက်ကိုဖြစ်စေ၊ လုံခြုံရေးကိုဖြစ်စေ ဘေးဖြစ်စေရန် တမင်ပြုလုပ်ခြင်း၊ မဆင်မခြင် သို့မဟုတ် ပေါ့ဆစွာ ပြုလုပ်ခြင်းတို့အပါအဝင်မည်သည့် ပြုလုပ်မှုကိုမျှ မပြုလုပ်ရ။

(ခ) ရထားပေါ်တွင် ဘေးအန္တရာယ်ဖြစ်စေတတ်သော ကုန်စည်ကို ခွင့်ပြုချက်မရှိဘဲ တင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်းမပြုရ။

၈၃။ မည်သူမျှ-

(က) ရထားပို့ဆောင်ရေးလုပ်ငန်းကို ဖြစ်စေ၊ ရပ်နားစခန်း လုပ်ငန်းကိုဖြစ်စေ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်း မပြုရ။

(ခ) လုပ်ငန်းလိုင်စင်ရရှိသော်လည်း ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ရထားလမ်းကို ဖွင့်လှစ်ခြင်း မပြုရ။

(ဂ) အကြောင်းတစ်စုံတစ်ရာကြောင့် ပိတ်ထားသော ရထားလမ်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက် မရရှိဘဲ ပြန်လည် ဖွင့်လှစ်ခြင်း မပြုရ။

၈၄။ ရထားဝန်ထမ်းနှင့် ရထားအဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမျှ -

(က) တာဝန်ချိန်အတွင်း ရထားစီးခရီးသည်ကို စိတ်ပြိုငြင်စေရန်၊ ဘေးအန္တရာယ် ဖြစ်စေရန် မဆင်မခြင် သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း မပြုရ။

(ခ) ကုန်တွဲတွင် သတ်မှတ်ထားသည့် ဝန်ချိန်ထက်ပို၍ တင်ဆောင်ခြင်း မပြုရ။

(ဂ) အရက်သေစာ သောက်စားပြီး ရထားစီး ခရီးသည်များကို စိတ်ပြိုငြင်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

(ဃ) ရထားလမ်းနှင့်မော်တော်ကားလမ်း ဖြတ်သန်းသည့် နေရာ၌ ရထားလာသည့်အခါ ဂိတ်ကို ကောင်းမွန်စွာပိတ်ခြင်းနှင့် ရထားဖြတ်သန်းပြီးသည့်အခါ ပြန်ဖွင့်ခြင်းတို့ပြုရန် ပျက်ကွက်ခြင်း မရှိစေရ။

(င) ရထားမတော်တဆဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၁ အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံသို့ ချက်ချင်းသတင်းပေးပို့ အစီရင်ခံရန် ပျက်ကွက်ခြင်းမရှိစေရ။

(စ) ကူးစက်ရောဂါရှိသူကို သီးခြားခွင့်ပြုချက်မရှိဘဲ ရထားပေါ်တွင် စီးနင်းလိုက်ပါခွင့်ပြုခြင်း မပြုရ။

(ဆ) ရထားပေါ်တွင် စက်ဆုပ်ရွံ့ရှာမသတီစရာဖြစ်သော ကုန်စည်များကို သယ်ဆောင်ခြင်း မပြုရ။

(ဇ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အများပြည်သူ သိရှိစေရန် ရထားပေါ်နှင့် ဘူတာရုံများတွင် လိုအပ်သည့် ရထားခန့်မှန်းကြော်ငြာ၊ နို့တစ်စာ၊ ကြော်ငြာဆိုင်းဘုတ်နှင့် စာအုပ်စာတမ်းများ ထားရှိရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဈ) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အနည်းဆုံး ၆ လ လျှင် တစ်ကြိမ် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အစီရင်ခံရန် ပျက်ကွက်ခြင်း မရှိစေရ။

(ည) ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို မမှန်မကန် ပြုစုပြီး တင်ပြခြင်းမပြုရ။

၈၅။ မည်သူမျှ -

(က) ရထားပေါ်တွင် ပါရှိသော အရေးပေါ်ကိရိယာကို ခိုင်လုံသော အကြောင်းမရှိဘဲ အသုံးမပြုရ။

(ခ) ရထားရှိ ဆက်သွယ်ရေးစနစ်နှင့် ပစ္စည်းကိရိယာကို အကြောင်းမဲ့ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း မပြုရ။

(ဂ) ရထား စတင်ထွက်ခွာစဉ် ရထားပေါ်သို့ ခုန်တက်ခြင်း သို့မဟုတ် ရထားမရပ်မီ ခုန်ဆင်းခြင်း မပြုရ။

(ဃ) ရထားအမိုးအကာ၊ ခြေနင်း၊ တွဲများအကြားနှင့် သတ်မှတ်ခွင့်ပြုချက်မရှိသောနေရာများပေါ်တွင် စီးနင်းလိုက်ပါခြင်းမပြုရ။

(င) ရထားပေါ်တွင် အရက်သေစာ သောက်စားမူးယစ်၍ အခြားသူကို စိတ်ပြိုငြင်စေရန် ပြုမူပြောဆိုခြင်း၊ အနှောင့်အယှက်ပေးခြင်း မပြုရ။

(စ) ရထားပေါ်နှင့် ရထားနယ်နိမိတ်အတွင်း တောင်းရမ်းစားသူ၊ ခွင့်ပြုချက်မရှိဘဲ ဈေးရောင်းသူ သို့မဟုတ် နေထိုင်သူအား ထွက်ခွာသွားရန် တာဝန်ရှိ ရထားဝန်ထမ်းက ညွှန်ကြားသည်ကို ငြင်းဆန်ခြင်း မပြုရ။

(ဆ) တာဝန်ရှိ ရထားဝန်ထမ်းကို ဝတ္တရား နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဟန့်တားခြင်း သို့မဟုတ် အနိုင်အထက် ပြုခြင်း မပြုရ။

(ဇ) ရထားလမ်းနှင့် ကားလမ်း ဖြတ်သန်းသည့်နေရာ၌ ရထားလာသည့်အခါ ဂိတ်ပိတ်ထားသည်ကို ခွင့်ပြုချက်မရှိဘဲဖွင့်ခြင်း သို့မဟုတ် ရထားဖြတ်သန်းပြီးသည့်အခါ ပြန်ဖွင့်ထားသည်ကို ပိတ်ခြင်းမပြုရ။

(ဈ) ဆေးလိပ်သောက်ခွင့်မရှိသော ဘူတာနေရာများနှင့် တွဲများပေါ်တွင် ဆေးလိပ်သောက်ခြင်း မပြုရ။

၈၆။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

**အခန်း (၁၉)**

**ပြစ်ဒဏ်**

၈၇။ မည်သူမဆို ပုဒ်မ ၈၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၅ နှစ်မှ အများဆုံး နှစ် ၂၀ အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၈၈။ မည်သူမဆို ပုဒ်မ ၈၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၃ နှစ်မှ အများဆုံး ၁၀ နှစ် အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၈၉။ မည်သူမဆို -

(က) ပုဒ်မ ၈၃၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်၍ လုပ်ငန်းလိုင်စင်မရှိဘဲ ရထားပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၈၃၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်၍ ခွင့်ပြုချက်မရရှိဘဲ ရထားလမ်းကို ဖွင့်လှစ်ကြောင်း သို့မဟုတ် ပိတ်ထားသော ရထားလမ်းကို ခွင့်ပြုချက် မရရှိဘဲ ပြန်လည်ဖွင့်လှစ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ၃ နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*စာမျက်နှာ (ဃ) သို့*

# ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက် )**

**နိဒါန်း**

ဆိုင်များနှင့် အလုပ်ဌာနများရှိ အလုပ်သမားများ၏ အလုပ်လုပ်ချိန် သတ်မှတ်ရေး၊ လုပ်ခ မှန်ကန်စွာရရှိရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ (က) ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ **ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ** ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ပြဋ္ဌာန်းသည့်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -
(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို ဆိုသည်။
(ခ) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနကို ဆိုသည်။
(ဂ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။
(ဃ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ပေးအပ်ထားသော စစ်ဆေးရေး အရာရှိ တစ်ဦးဦးကို ဆိုသည်။
(င) **ဆိုင်** ဆိုသည်မှာ ကုန်ပစ္စည်းများကို သို့မဟုတ် ဝတ္ထုပစ္စည်းများကို လက်ငင်းသော်လည်းကောင်း၊ အကြွေးသော်လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း၊ လက်ကား သို့မဟုတ် လက်လီ ရောင်းချရန်အလို့ငှာ လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ အသုံးပြုသည့် ဥပစာတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ဆံသလုပ်ငန်း၊ အလှပြုပြင်ခြင်းလုပ်ငန်း၊ ကိုယ်ခန္ဓာကျန်းမာရေးနှင့် အလှပြုပြင်ခြင်း လုပ်ငန်း၊ ပန်းတိမ်လုပ်ငန်း၊ ရေဒီယို၊ တီဗွီ၊ တယ်လီဖုန်းပြင်လုပ်ငန်း၊ စာအုပ်ချုပ်လုပ်ငန်း၊ မိတ္တူကူးလုပ်ငန်း၊ ဓာတ်ပုံဆိုင်၊ အပေါင်ဆိုင်၊ ထုပ်ပိုးခွဲချုပ်ဆိုင်၊ ပင်မင်းဆိုင်၊ ဖိနပ်ချုပ်ဆိုင်၊ အပ်ချုပ်ဆိုင်၊ စီးပွားရေးအလို့ငှာ လုပ်ကိုင်သည့် ကွန်ပျူတာနှင့် အီလက်ထရောနစ်စနစ်သုံးပစ္စည်းကိရိယာများ ပြုပြင်တပ်ဆင်ခြင်း လုပ်ငန်းစသည်တို့ ပါဝင်သည်။
(စ) **ကုန်သွယ်အလုပ်ဌာန** ဆိုသည်မှာ ကြော်ငြာလုပ်ငန်း၊ ကော်မရှင်လုပ်ငန်း၊ ကုန်စည်ပေးပို့ရေး ကိုယ်စားလှယ်လုပ်ငန်း၊ ကုန်သွယ်ရေး ကိုယ်စားလှယ်လုပ်ငန်းများဆောင်ရွက်သည့် အလုပ်ဌာနတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် စက်မှုလက်မှုအလုပ်ဌာန သို့မဟုတ် ကုန်သွယ်လုပ်ငန်း၏ ရုံးလုပ်ငန်းဌာန၊ အာမခံကုမ္ပဏီ၊ အစုစပ်ကုမ္ပဏီ၊ ဘဏ်၊ အကျိုးဆောင်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ပုဂ္ဂလိက အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်း၊ ပုဂ္ဂလိက ပညာသင်ကျောင်းများ၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးခန်းများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တံတားဖြတ်သန်းခ ကောက်ခံသည့် ဂိတ်တို့ ပါဝင်သည်။
(ဆ) **အများပျော်ရွှင်ရေးအလုပ်ဌာန** ဆိုသည်မှာ ရုပ်ရှင်ရုံ၊ ဇာတ်ရုံ၊ ကလပ်၊ ဧည့်ခံ ဖျော်ဖြေပွဲများကျင်းပသည့်ခန်းမ၊ ဗီဒီယိုရုံ၊ ကာရာအိုကေသီချင်းဆိုရုံ၊ ကွန်ပျူတာနှင့် အီလက်ထရောနစ်စနစ် အသုံးပြုသည့် ကစားရုံများ၊ အပန်းဖြေအားကစားကွင်း၊ ပန်းဥယျာဉ်၊ ကျန်းမာရေးလေ့ကျင့်မှု အားကစားရုံနှင့် ကလေးကစားကွင်း တို့ကို ဆိုသည်။
(ဇ) **စက်မှုလက်မှုအလုပ်ဌာန** ဆိုသည်မှာ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေနှင့် အကျုံးမဝင်သော စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။
(ဈ) **အလုပ်ဌာန** ဆိုသည်မှာ ကုန်သွယ်အလုပ်ဌာနနှင့် အများပျော်ရွှင်ရေး အလုပ်ဌာန၊ စက်မှုလက်မှုအလုပ်ဌာနအပြင် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဤဥပဒေနှင့် အကျုံးဝင်သည့် အလုပ်ဌာန အဖြစ် ကြေညာထားသည့် အခြားအလုပ်ဌာနများကို ဆိုသည်။
(ည) **အလုပ်ရှင်** ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာန တစ်ခုကို ပိုင်ဆိုင်သူ သို့မဟုတ် ထိန်းသိမ်းအုပ်ချုပ်သူ သို့မဟုတ် အဆိုပါ ဆိုင် သို့မဟုတ် အလုပ်ဌာနကို အရပ်ရပ် စီမံကြီးကြပ်ရာ၌ အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် အလုပ်ရှင် ကွယ်လွန်ပါက ယင်း၏ အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင် လက်ခံရရှိသူကို ဆိုသည်။
(ဋ) **မန်နေဂျာ** ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနတွင် အလုပ်ရှင် ကိုယ်စား ဤဥပဒေကိစ္စအလို့ငှာ ဆုံးဖြတ်ဆောင်ရွက်ရန် အလုပ်ရှင်က တရားဝင်ခန့်ထား၍ စစ်ဆေးရေးအရာရှိထံသို့ နို့တစ်စာ ပေးပို့ထားသူကိုဆိုသည်။
(ဌ) **အလုပ်သမား** ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနဖြစ်လျှင် ထိုလုပ်ငန်းနှင့် စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မူရင်းအားဖြင့်ဖြစ်စေ အလုပ်လုပ်သူကိုဆိုသည်။ ထို့အပြင် ထိုအလုပ်ဌာနတွင် စာရေး စာချီ၊ စာပို့သူ၊ ငွေထိန်း၊ အစောင့်၊ လုံခြုံရေး၊ သန့်ရှင်းရေး၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ထမင်းချက်အဖြစ် အလုပ်လုပ်သူတို့လည်း ပါဝင်သည်။

**ရှင်းလင်းချက်။** ။ ထိုစကားရပ်တွင် အလုပ်ရှင်သော်လည်းကောင်း အလုပ်ရှင်နှင့် အတူနေထိုင်၍ အလုပ်ရှင်အပေါ် မှီခိုနေသည့် အလုပ်ရှင်၏ ခင်ပွန်း၊ ဇနီး၊ သား၊ သမီး၊ မိဘ၊ ညီအစ်ကို(အရင်း) သို့မဟုတ် မောင်နှမ (အရင်း)တို့ မပါဝင်ချေ။

**အခန်း(၂)**

**စစ်ဆေးရေးအရာရှိများ ခန့်ထားခြင်း၊ လုပ်ငန်းခွင်များအား စစ်ဆေးခြင်းနှင့် စည်းကြပ်ခြင်း**

၃။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်နိုင်သည်။

၄။ ညွှန်ကြားရေးမှူးချုပ်သည် -
(က) စစ်ဆေးရေးအရာရှိချုပ်အဖြစ် တာဝန်ယူ ဆောင်ရွက်ရမည်။
(ခ) လုပ်ငန်းစစ်ဆေးခြင်းနှင့် စည်းကြပ်ခြင်းတို့ ပြုလုပ်ရန် စစ်ဆေးရေး အရာရှိများအား နယ်မြေသတ်မှတ် တာဝန်ပေးနိုင်သည်။

**အခန်း(၃)**

**စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ ၎င်းအား အပ်နှင်းထားသည့် အာဏာများအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စစ်ဆေးရေး အရာရှိ၏ အာဏာများကိုလည်း သုံးစွဲဆောင်ရွက်ရမည်။

၆။ ဤဥပဒေ ပုဒ်မ ၃ အရ ခန့်အပ်ခြင်းခံရသော စစ်ဆေးရေးအရာရှိ တစ်ဦးဦး သည်-
(က) မိမိအားခန့်ထားသည့် နယ်နိမိတ်အတွင်းရှိ ဆိုင်နှင့်အလုပ်ဌာန ဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းရှိသည့် နေရာသို့ ဤဥပဒေပါ ကိစ္စများအလို့ငှာ စစ်ဆေးရေး အရာရှိသက်သေခံကတ်ပြားကို ပြသပြီး ဝင်ရောက်နိုင်သည်။ ထိုနေရာရှိ မှတ်တမ်းများနှင့် စာရွက်စာတမ်း အထောက်အထားများ၊ အီလက်ထရောနစ်စနစ်သုံး မှတ်တမ်း၊ အကြောင်းကြားစာများကို ကြည့်ရှုစစ်ဆေးရမည့်အပြင် လုပ်ငန်းစဉ်များ၏ မှတ်တမ်းနှင့်စပ်လျဉ်း၍ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများ ရယူခွင့်၊ ကူးယူခွင့်နှင့် အခြားလိုအပ်သော စစ်ဆေးမေးမြန်းမှုများကို ဆောင်ရွက်နိုင်သည်။
(ခ) ဤဥပဒေအရ အကျုံးဝင်သက်ဆိုင်သော ဆိုင်နှင့် အလုပ်ဌာန၏ မှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ သို့မဟုတ် ခေတ်မီနည်းပညာသုံး အခြားအထောက်အထားများကို လိုအပ်ပါက သက်ဆိုင်ရာ သက်သေများနှင့်အတူ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းနိုင်သည်။
(ဂ) သို့ရာတွင် မည်သူ့ကိုမျှ ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်စေနိုင်သည့်အဖြေကို ပေးရမည်ဟူ၍လည်းကောင်း၊ ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကို ထွက်ဆိုရမည်ဟူ၍လည်းကောင်း၊ ဤပုဒ်မအရ တောင်းဆိုပိုင်ခွင့် မရှိစေရ။

၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေအရလည်းကောင်း၊ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကိုလည်းကောင်း၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ဖောက်ဖျက် ကျူးလွန်ခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါက စစ်ဆေးရေးအရာရှိသည် စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် ဥပဒေကြောင်းအရ တရားစွဲဆိုနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

*စာမျက်နှာ (ဂ)မှ*

၉၀။ ရထားဝန်ထမ်းနှင့် ရထားအဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို -
(က) ပုဒ်မ ၈၄၊ ပုဒ်မခွဲ (က)မှ ပုဒ်မခွဲ(ဈ) အထိပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အများဆုံး ကျပ် ၁ သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။
(ခ) ပုဒ်မ ၈၄၊ ပုဒ်မခွဲ (ည) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်း အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၉၁။ မည်သူမဆို -
(က) ပုဒ်မ ၈၅၊ ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (ဇ) အထိပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ၃ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁ သောင်း မှ အများဆုံး ကျပ် ၁ သိန်းထိ ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံး ဖြစ်စေချမှတ်နိုင်သည်။
(ခ) ပုဒ်မ ၈၅၊ ပုဒ်မခွဲ (ဈ) ပါ ဆေးလိပ်သောက်ခွင့် မရှိသော ဘူတာ နေရာများနှင့် တွဲများပေါ်တွင် ဆေးလိပ်သောက်ခြင်း မပြုရန် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တည်ဆဲ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေအရ အရေးယူရမည်။

၉၂။ မည်သူမဆို ပုဒ်မ ၈၆ ပါ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ၃ လ ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁ သောင်း မှ အများဆုံး ကျပ် ၁ သိန်း ထိ ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည်။

**အခန်း(၂၀)**

**အထွေထွေ**

၉၃။ ရထားလမ်းတစ်လျှောက် ရထားလမ်းနယ် သတ်မှတ်ချက်မှာ -
(က) ဘယ်ညာ အစွန်ဆုံးရထားလမ်းဖို့မြေတာပေါင်၏ အခြေမှ အနည်းဆုံးအကွာအဝေးသည် ၇၅ ပေစီဖြစ်သည်။
(ခ) တူးမြေဖြစ်ပါက တူးမြေထိပ်မှ တစ်ဖက်တစ်ချက်သို့ အနည်းဆုံး အကွာအဝေးသည် ၇၅ ပေစီ ဖြစ်သည်။
(ဂ) သီးခြား သတ်မှတ်ထားသော ရထားလမ်းတစ်လျှောက်တွင် ဘယ် ညာ အစွန်ဆုံးရထားသံလမ်းမှ အနည်းဆုံးအကွာအဝေးသည် ပေ ၅၀ ဖြစ်သည်။

၉၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် စီမံရေးအဖွဲ့ကဖြစ်စေ၊ ရထားအဖွဲ့အစည်းကဖြစ်စေ၊ ဤဥပဒေအရ ရရန်ရှိသော လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခ၊ ဝန်ဆောင်ခ၊ ဒဏ်ငွေနှင့်အခြား အခကြေးငွေတို့ကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက်နှင့်အညီ အရကောက်ခံခွင့်ရှိသည်။

၉၅။ လက်မှတ်မဲ့၊ တန်ဆာမဲ့ ဒဏ်ကြေးများ အပေါ်တွင် ဆုကြေးများနှင့်စပ်လျဉ်း၍-
(က) မြန်မာ့မီးရထားတွင် မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ရာခိုင်နှုန်း သတ်မှတ်၍ ရထားလက်မှတ်စစ် အဖွဲ့များအား ဆုကြေးပေးနိုင်သည်။
(ခ) ရထားကုမ္ပဏီတွင် ရထားကုမ္ပဏီ ဒါရိုက်တာ အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ရာခိုင်နှုန်း သတ်မှတ်၍ ရထား လက်မှတ်စစ် အဖွဲ့များအား ဆုကြေး ပေးနိုင်သည်။

၉၆။ (က) မြန်မာ့မီးရထား ဝန်ထမ်းတစ်ဦးတစ်ယောက်သည် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်း၊ ရာထူးမှ ထုတ်ပယ်ခံရခြင်း၊ ထွက်ပြေးတိမ်းရှောင်နေခြင်း၊ သေဆုံးခြင်း၊ အငြိမ်းစားခံယူခြင်းတို့ ဖြစ်ပေါ်သည့်အခါ ထိုရထားဝန်ထမ်းထံ တရားဝင် နေထိုင်ခွင့် ပြုထားသောနေအိမ်၊ အဆောက်အအုံ၊ အခန်းကိုလည်းကောင်း၊ ထုတ်ပေးထားသော ပစ္စည်း၊ စာအုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် အခြားအသုံးဆောင်ပစ္စည်း များကို လည်းကောင်း ခွင့်ပြုထုတ်ပေးသည်။ ဌာနသို့ သတ်မှတ်ချိန် အတွင်း ပြန်လည်ပေးအပ်ရမည်။
(ခ) မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပြန်လည် ပေးအပ်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသော ပစ္စည်း၊ စာအုပ် စာတမ်း၊ စာရွက်စာတမ်းများနှင့် အခြားအသုံးဆောင်ပစ္စည်းများကို လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်အပြင် နေထိုင်ခွင့်ပြုထားသော နေအိမ်၊ အဆောက်အအုံ၊ အခန်းမှ ဖယ်ရှားထွက်ခွာရန် ငြင်းဆန်သော မြန်မာ့မီးရထား ဝန်ထမ်းနှင့် မိသားစုအား မြန်မာ့မီးရထား အိမ်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖယ်ရှားနှင်ထုတ်ပိုင်ခွင့်ရှိသည်။

၉၇။ ဤဥပဒေအရ အရေးယူသည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှု များအဖြစ် သတ်မှတ်သည်။

၉၈။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် စီမံရေးအဖွဲ့ ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်သော ချီးမြှင့်ငွေ၊ စရိတ်နှင့် အခြားခံစားခွင့်များကို ခံစားခွင့်ရှိသည်။

၉၉။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သော ကုန်ကျစရိတ် များကို ဝန်ကြီးဌာန၏ အရအသုံးငွေစာရင်းမှ ကျခံရမည်။

၁၀၀။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စီမံရေးအဖွဲ့ဝင် များနှင့် ရထားအဖွဲ့အစည်းများ၏ ရထားဝန်ထမ်းများသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၁။ အများပြည်သူကို ဝန်ဆောင်မှုပေးနေသည့် ရထားပို့ဆောင်ရေးလုပ်ငန်းအား လွယ်ကူချောမွေ့ အဆင်ပြေစေရန် အလို့ငှာ ရထားအဖွဲ့အစည်း တစ်ခုခုပိုင် ရထားမြေ၊ ရထားလမ်း၊ ရထားလမ်းယာဉ်၊ ရထားပို့ဆောင်ရေးလုပ်ငန်းသုံး စက်ရုံ၊ အလုပ်ရုံနှင့် အဆောက်အအုံများကို လည်းကောင်း၊ လုပ်ငန်းသုံး ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို လည်းကောင်း မည်သည့် တရားရုံးကမျှ တရားမမှုတွင် ချမှတ်သည့် ဒီကရီအရ အတည်ပြုလုပ်ခြင်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ကြိုတင်အကြောင်း ကြားခြင်းမရှိဘဲ မပြုလုပ်ရ။

၁၀၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဂ္ဂလိက ရထားကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်၍ ရထားပို့ဆောင်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်မှုများ မပြုသေးမီကာလတွင် စီမံရေးအဖွဲ့၏ လုပ်ငန်းများကို တာဝန်များကို ဆောင်ရွက်ရန် မြန်မာ့မီးရထား စီမံခန့်ခွဲရေးအဖွဲ့အား တာဝန်ပေးနိုင်သည်။

၁၀၃။ ဤဥပဒေအရ အာဏာတည်ခြင်းမှ ရုပ်စဲသည့် The Railways Act, (India Act IX of 1890) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၀၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-
(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာ့မီးရထားတို့သည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀၅။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် The Railways Act, (India Act IX of 1890) သည် အာဏာတည်ခြင်းမှ ရုပ်စဲစေရမည်။